# ရတနာပုံ

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

yadanarbonnews.com

**၁၃၈၆ ခုနှစ် ၊ တပို့တွဲလဆန်း(၁၀)ရက် ၊ သောကြာနေ့ ၊ (7-2-2025) ၊ အတွဲ (၃၃) ၊ အမှတ် (၂၈၃)**


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသောပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်ထံမှ ၇၈ နှစ်မြောက် ရှမ်းပြည်နယ်နေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာ

နေပြည်တော် ဖေဖော်ဝါရီ ၇

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်ထံမှ ၇၈ နှစ်မြောက် ရှမ်းပြည်နယ်နေ့ အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်–

**ချစ်ခင်လေးစားအပ်ပါသော ရှမ်းပြည်နယ်အတွင်းရှိ တိုင်းရင်းသားမိဘပြည်သူ ညီအစ်ကိုမောင်နှမများအားလုံး မင်္ဂလာပါခင်ဗျား–**

ယနေ့ ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ ၇ ရက်တွင် ကျရောက်သည့် ၇၈ နှစ်မြောက် ရှမ်းပြည်နယ်နေ့ နေ့ထူးနေ့မြတ်အခါသမယ၌ ရှမ်းပြည်နယ်နှင့် နိုင်ငံတစ်ဝန်းရှိ ပြည်ထောင်စုဖွား တိုင်းရင်းသားပြည်သူများအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာကြပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် နှုတ်ခွန်းဆက်သအပ်ပါသည်။

ရှမ်းပြည်နယ်သည် တိုင်းဒေသကြီးနှင့် ပြည်နယ်များအားလုံးအနက် ဧရိယာအကျယ်ပြန့်ဆုံးဖြစ်ပြီး တိုင်းရင်းသားမျိုးနွယ်စုအများဆုံး မှီတင်းနေထိုင်လျက်ရှိသည့် ပြည်နယ်ကြီးလည်းဖြစ်ပါသည်။ ရှမ်းပြည်နယ်အတွင်း ရှမ်း၊ ပအိုဝ်း၊ ပလောင်၊ ဓနုအင်းသား၊ တောင်ရိုး၊ "ဝ"၊ ထနော့၊ ကိုးကန့်၊ လားဟူ၊ ယင်းနက်၊ ယင်းကြား၊ မြောင်ဇီး၊ အာခါ စသည့် ရှမ်းမျိုးနွယ်စုများနှင့်အတူ **စာမျက်နှာ ၁၈ ကော်လံ ၁**

# တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအကအဖွဲ့များ နေပြည်တော်ရှိ အထင်ကရနေရာများသို့ သွားရောက်လေ့လာ



နေပြည်တော် ဖေဖော်ဝါရီ ၆

၂၀၂၅ ခုနှစ် ၇၈ နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ဂုဏ်ပြုဖျော်ဖြေပွဲအခမ်းအနားတွင် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအကအလှများဖြင့် ဖျော်ဖြေတင်ဆက်ရန် နေပြည်တော်၌ ရောက်ရှိနေကြသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအကအဖွဲ့များသည် ယနေ့ နံနက်ပိုင်းတွင် အဖွဲ့ နှစ်ဖွဲ့ခွဲ၍ နေပြည်တော်ရှိ အထင်ကရနေရာများသို့ သွားရောက်လေ့လာကြသည်။

ဦးစွာ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအကအဖွဲ့များသည် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ် ဝတ္ထုကံတော်တွင် တည်ထားပူဇော်ထားသည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား **စာမျက်နှာ ၁၇ ကော်လံ ၁** ❑




ရတနာပုံ
၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ ၇ ရက်
အယ်ဒီတာ့အာဘော်

# လာမည့်နွေရာသီကျောင်းပိတ်ရက်ရှည်ကို အကျိုးရှိစွာအသုံးချ

မြန်မာနိုင်ငံတွင် နှစ်စဉ် ဇွန်လမှ ဖေဖော်ဝါရီလလယ်ခန့်ထိ စာသင်နှစ်တစ်နှစ်အဖြစ်သတ်မှတ်ပြီး ထိုကာလအတွင်း သင်ကြားခဲ့သောသင်ခန်းစာများကို အတန်းတင်စာမေးပွဲ ဖြေဆိုပြီးပါက ရက်ရှည်ကျောင်းပိတ်မည်ဖြစ်ပါသည်။ ထိုနွေရာသီကျောင်းပိတ်ရက်ရှည်၌ မိဘများအနေဖြင့် သားသမီးများကို အားလပ်ရက်တွင် အချိန်ကိုအကျိုးရှိစွာ အသုံးချတတ်စေရန် စီမံဆောင်ရွက်ပေးကြရမည်ဖြစ်သည်။

ကျောင်းသား၊ ကျောင်းသူများအနေဖြင့် တစ်နှစ်တာလုံး အားထုတ်ကြိုးပမ်းခဲ့သမျှအတွက် လုံလောက်စွာ အနားယူရန်လိုအပ်သော်လည်း နွေရာသီကျောင်းပိတ်ရက်ကို မိမိတို့အတွက် အကျိုးရှိစွာ အသုံးချနိုင်ကြရန်လည်းလိုအပ်သည်။ ကလေးသူငယ်အရွယ်များဖြစ်ကြသည့်အလျောက် ကျောင်းသင်ခန်းစာဘာသာရပ်များမှလွဲ၍ ပြင်ပသင်တန်းများကို ကလေး၏အသက်အရွယ်နှင့် စိတ်ဝင်စားမှုအပေါ်လိုက်၍ ကလေးများအကျိုးဖြစ်ထွန်းစေရန် မိဘများက ယခုကတည်းက ရွေးချယ်ထားပေးကြရန်လိုသည်။ နွေရာသီတွင် လုပ်ဆောင်မှုမှန်သမျှတို့သည် ကလေးများအတွက် ဝန်ထုပ်ဝန်ပိုးမဖြစ်စေရဘဲ အကျိုးလည်းရှိ၍ ပျော့ပျော့ပါးပါးဖြစ်စေရန် မိဘများအနေဖြင့် စီစဉ်လမ်းကြောင်းပေးကြရမည်ဖြစ်သည်။ ကျောင်းသား၊ ကျောင်းသူများအနေဖြင့် နွေရာသီကျောင်းပိတ်ရက်ရှည်ကာလအတွင်း မိမိဝါသနာပါရာ၊ စိတ်ပါဝင်စားရာ၊ စူးစမ်းလိုစိတ်ရှိရာများကို ပျော်ပျော်ရွှင်ရွှင် စိတ်ပေါ့ပေါ့ပါးပါးလုပ်သင့်သည်။

နေ့စဉ်နာရီပိုင်းမျှ သင်ကြားလေ့ကျင့်ပေးလိုက်သည့် ဘာသာစကား၊ ယဉ်ကျေးလိမ္မာအမူအရာများက ကလေးငယ်များ၏ အနာဂတ်ဘဝအပေါ်တွင် များစွာအကျိုးဖြစ်ထွန်းစေနိုင်မည်ဖြစ်ရာ နွေကျောင်းပိတ်ရက်ကာလအတွင်း ကလေးများအကျိုးဖြစ်ထွန်းစေမည့် သင်တန်းများဖွင့်လှစ်နိုင်ရန် လိုအပ်သကဲ့သို့ မိဘများကလည်း မိမိတို့ရင်သွေးများကို နွေရာသီပိတ်ရက်အတွင်း အကျိုးရှိရာသင်တန်းတစ်ခုခုဆီသို့ မပျက်မကွက်စေလွှတ်နိုင်ရန် ကြိုးပမ်းကြရမည်ဖြစ်သည်။

နွေရာသီကျောင်းပိတ်ရက်ကာလကို အကျိုးရှိစွာအသုံးချနိုင်စေရေးအတွက် ယဉ်ကျေးလိမ္မာသင်တန်း၊ ကွန်ပျူတာအခြေခံသင်တန်း၊ အင်္ဂလိပ်စာအခြေခံသင်တန်းနှင့် မြန်မာ့သိုင်းသင်တန်းများအပြင် ကျောင်းသား၊ ကျောင်းသူလူငယ်များအတွက် ရေကြောင်းနှင့် လေကြောင်းလူငယ်အခြေခံသင်တန်းများနှင့် တန်းမြင့်သင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ သင်တန်းများထဲမှ မိမိသားသမီး၏ ဝါသနာနှင့်ကိုက်ညီသော သင်တန်းကို ရွေးချယ်တက်ရောက်နိုင်အောင် အားပေးဖေးမရမည်။ သတိပြုရမည့်အချက်မှာ သားသမီးများကို တိုးတက်စေလိုသောဆန္ဒဖြင့် သင်တန်းများတစ်ခုပြီးတစ်ခု အားလပ်ချိန်မရှိတက်ခိုင်းခြင်းသည် တိုးတက်မှုမရှိသည့်အပြင် ကလေးငယ်များ၏ ကျန်းမာရေးကိုပါထိခိုက်စေနိုင်ပြီး မြွေပါလည်းဆုံး သားလည်းဆုံးအဖြစ်မျိုးဖြစ်ပေါ်နိုင်ပါသည်။

နွေရာသီအားလပ်ရက်တွင် အကျိုးရှိသောသင်တန်းများကို တက်ရောက်သင်ယူခြင်းအပြင် အနားယူခြင်းများလည်းပြုလုပ်သင့်သည်။ မရောက်ဖူးသောအရပ်ဒေသများသို့ အပန်းဖြေခရီးထွက်ခြင်း၊ ဘုရားဖူးသွားခြင်းသည်လည်း ကလေးများကို ပြင်ပဗဟုသုတများစွာရရှိစေသည့်အပြင် စိတ်ကိုလည်း လန်းဆန်းစေသောကြောင့် မိသားစုနှင့်အတူ ပြင်ပဗဟုသုတရရှိမည့်နေရာများသို့ သွားရောက် လေ့လာသင့်သည်။

လူငယ်များသည် နောင်တစ်ချိန်တွင် နိုင်ငံတော်၏ ကြီးမားသောတာဝန်များကို ထမ်းဆောင်ကြမည့်သူများဖြစ်သည့်အတွက် **"နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး"** ဟူသည့် လူမှုရေးဦးတည်ချက်အတိုင်း လူငယ်များ၏ ပညာရေးကဏ္ဍကို မြှင့်တင်ရန် မိဘများအနေဖြင့် မကြာခင်ကျရောက်တော့မည့် နွေရာသီကျောင်းပိတ်ရက်ရှည်ကို အကျိုးရှိစွာ အသုံးချတတ်စေရန် စီမံဆောင်ရွက်ပေးနိုင်ရေး အကြံပြုရေးသားလိုက်ရပေသည်။

## ၂၀၂၅ ခုနှစ်၊ ၇၈ နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုစိတ်ဓာတ်၊ ဝံသာနုရက္ခိတတရား၊ ဖြူစင်ဟဗ္ဗာမိုရ်တရားနှင့် စစ်မှန်သောမျိုးချစ်စိတ်များဖြင့် ပြည်ထောင်စုကြီး အစွန့်ရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်အောင် အကောင်အထည်ဖော်ရေး။

(၂) လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းပြီး ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးရရှိရန်အတွက် တွေ့ဆုံဆွေးနွေးမှုလမ်းကြောင်းပေါ်တွင်လျှောက်လှမ်းနိုင်ရန် တိုင်းရင်းသားများ လက်တွဲပူးပေါင်းဆောင်ရွက်ရေး။

(၃) ပြည်ထောင်စုတိုင်းရင်းသားအားလုံး တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့်ပြည်သူအတူတကွ လက်တွဲကြိုးပမ်းဆောင်ရွက်ရေး။

(၄) ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

(၅) ပြည်နယ်နှင့်တိုင်းဒေသကြီးအားလုံး တစ်ပြေးညီဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရေးနှင့် တိုင်းရင်းသားများ၏ ကျန်းမာရေး၊ ပညာရေးနှင့်အလုပ်အကိုင်အခွင့်အလမ်းများတိုးတက်အောင် ဖော်ဆောင်ပေးရေး။

**ပေါင်းစည်းချစ်ကြည် လက်တွဲညီ ပြည်ထောင်စုရဲ့ ပန်းတိုင်ဆီ**

**တိုင်းပြည်သာယာ ဝပြောဖို့ ငြိမ်းချမ်းရေးကို တည်ဆောက်စို့**

**တို့ပြည်ထောင်စုတိုင်းရင်းသားများ ညီညွတ်စွမ်းအား ပြည့်ခွန်အား**



ယခင်နှစ်က နှမ်းစိုက်ခင်းကို တွေ့ရစဉ်။

# မုံရွာခရိုင်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၆၄၂၇ ဧက စိုက်ပျိုးမည်

**မုံရွာ ဖေဖော်ဝါရီ ၆**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၆၄၂၇ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ မုံရွာခရိုင်တွင် မြို့နယ်အလိုက် နွေနှမ်းစိုက်ပျိုးရန် လျာထားမှုအနေဖြင့် မုံရွာမြို့နယ်တွင် ဧက ၄၈၀၀၊ ဘုတလင်မြို့နယ်တွင် ၂၇၃၉ ဧက၊ အရာတော်မြို့နယ်တွင် ဧက ၃၂၀၀ နှင့် ချောင်းဦးမြို့နယ်တွင် ရှစ်ဧက စုစုပေါင်း ၆၄၂၇ ဧက ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် နွေသီးနှံ စိုက်ပျိုးရာသီမှာ မုံရွာခရိုင်အတွင်း နှမ်းဧက ၆၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးသွားမယ်။ နှမ်းစိုက်ဧကတိုးချဲ့စိုက်ပျိုးနိုင်ဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့၊ GAPနည်းစနစ်တွေနဲ့ စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်"ဟု မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြသည်။

မုံရွာခရိုင်တွင် ယခုနှစ် နွေနှမ်းစိုက်ပျိုးမည့် တောင်သူများကို သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက နှမ်းတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ GAP နည်းစနစ်ဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေးအတွက် အသိပညာပေး လုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

GAP နည်းစနစ်ဖြင့် စိုက်ပျိုးသည့်သီးနှံများသည် အခြားစိုက်ပျိုးနည်းစနစ်များဖြင့် စိုက်ပျိုးသည့် သီးနှံများထက် အရည်အသွေး ပိုမိုကောင်းမွန်ခြင်း၊ ဈေးနှုန်းပိုမိုရရှိခြင်း၊ ပြည်တွင်းဈေးကွက်တွင်သာမက ပြည်ပဈေးကွက်များကိုပါ တင်ပို့ရောင်းချနိုင်ခြင်း စသည့်အကျိုးကျေးဇူးများကြောင့် GAP နည်းစနစ်ဖြင့် စိုက်ပျိုးသည့် တောင်သူများအနေဖြင့် အကျိုးစီးပွားပိုမိုဖြစ်ထွန်းကာ လူမှုစီးပွားဘဝများ တိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

မုံရွာခရိုင်တွင် နှမ်းစိုက်ပျိုးမှုကို အထွက်နှုန်းကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးဆီဖူလုံသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် နှမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရန် ကြိုးပမ်းသင့်ကြောင်း မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ဆက်လက်ပြောပြ၍ သိရသည်။

(၂၀၆)

# မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇန်နဝါရီလအတွင်း လယ်ငါးခူပိဿာချိန် ၇၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**မအူပင် ဖေဖော်ဝါရီ ၆**

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇန်နဝါရီလအတွင်း လယ်ငါးခူပိဿာချိန် ၇၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း မအူပင်မြို့နယ် ငါးမျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်အေးမော်က ပြောပြ၍ သိရသည်။

မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ၂၀၂၄ ခုနှစ် ဒီဇင်ဘာလအတွင်းက လယ်ငါးခူပိဿာချိန် ၅၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ ၃၁ ရက်ထိ လယ်ငါးခူပိဿာချိန် ၇၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ လယ်ငါးခူများ တင်ပို့ရောင်းချမှု ကောင်းလာသဖြင့် ရေလုပ်ငန်းလုပ်ကိုင်သူများ အဆင်ပြေကြောင်း သိရသည်။

"လယ်ငါးခူ တင်ပို့ရောင်းချအားကောင်းတော့ အဓိက အဆင်ပြေနေတာကတော့ ရေလုပ်သားတွေပါ။ ပြီးခဲ့တဲ့ ဇန်နဝါရီလအတွင်း လယ်ငါးခူပိဿာချိန် ၇၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ရန်ကုန်ဈေးကွက်က ဝယ်ယူမှုအပေါ် မူတည်ပြီး တင်ပို့ရောင်းချနေပါတယ်။ လယ်ငါးခူက ပြည်တွင်းမှာ စားသုံးမှုများတဲ့ ငါးဖြစ်ပါတယ်။ အရောင်းအဝယ်ကောင်းပေမဲ့ ဈေးကတော့ ပုံမှန်အခြေအနေမှာပဲ ရှိပါတယ်"ဟု မအူပင်မြို့နယ် ငါးမျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အေးမော်က ပြောပြသည်။

မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချသည့် လယ်ငါးခူ ၁၀ ပိဿာလျှင် ငွေကျပ် ၁၇၅၀၀၀ ထိ ပေါက်ဈေးရှိပြီး အဆိုပါ လယ်ငါးခူများဝယ်ယူအားကောင်းလာသဖြင့် ကုန်သည်များ၊ လယ်ငါးခူရှာဖွေသူများ၊ လုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများအဆင်ပြေလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချီရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဧရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ကျုံပျော်မြို့နယ်တွင် ဒေသထွက်ပဲတီစိမ်းများ အရောင်းအဝယ် ကောင်းမွန်နေ

**ကျုံပျော် ဖေဖော်ဝါရီ ၆**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်ခရိုင် ကျုံပျော်မြို့နယ်တွင် ဒေသထွက်ပဲတီစိမ်းများ အရောင်းအဝယ် ကောင်းမွန်နေကြောင်း ကျုံပျော်မြို့နယ်မှပဲအမျိုးမျိုး ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ရီရီထွန်းထံမှ သိရသည်။

ကျုံပျော်မြို့နယ်တွင် ဇန်နဝါရီလ တတိယပတ်မှစတင်၍ ယနေ့ထိ ပဲတီစိမ်းများ ဝယ်ယူမှုအားကောင်းပြီး အရောင်းအဝယ် ကောင်းမွန်နေကြောင်း၊ အဆိုပါ ပဲတီစိမ်းများဝယ်ယူမှုအားကောင်းလာခြင်းသည်ဒေသထွက်ပဲတီစိမ်းများကို ရန်ကုန်ဈေးကွက်က ဝယ်ယူမှု ကောင်းလာခြင်းကြောင့် ဖြစ်ကြောင်း သိရသည်။

"ဒေသထွက် ပဲတီစိမ်းတွေကို ဒေသဈေးကွက်အပြင် အခြားဒေသတွေကပါ အဝယ်လိုက်နေပါတယ်။ ဇန်နဝါရီလ တတိယပတ်လောက်ကနေပြီး သိသိသာသာကို အဝယ်လိုက်လာတာ ဖြစ်ပါတယ်။ ဒေသထွက် ပဲတီစိမ်းတွေကို ရန်ကုန်ဈေးကွက်က အဝယ်လိုက်နေပါတယ်။ ပဲအထွက်နည်းလာတာနဲ့ အဝယ်လိုက်ပြီး အရောင်းအဝယ်ကောင်းနေတာ ဖြစ်ပါတယ်"ဟု ကျုံပျော်မြို့နယ်မှ ပဲအမျိုးမျိုး ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ရီရီထွန်းက ပြောပြသည်။

ကျုံပျော်မြို့နယ်တွင် ပဲတီစိမ်း ၁၆ ပြည်ဝင် တစ်အိတ်လျှင် ငွေကျပ် ၁၆၇၀၀၀ ထိ ဈေးပေါက်နေကြောင်း၊ အဆိုပါဒေသမှ လယ်ယာထွက်ကုန် ရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များသည် ဒေသထွက် လယ်ယာထွက်ကုန်ပစ္စည်းများကို ရန်ကုန်ဈေးကွက်သို့ အဓိကထား တင်ပို့ရောင်းချလျက်ရှိကြောင်း ဒေါ်ရီရီထွန်းက ဆက်လက်ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် မန္တလေးမြို့ လမ်း ၃၀၊ ၈၈-၈၉ လမ်းကြားနေ မိခင် ဒေါ်မွေးကျင်အား အမှူးထား၍၊ ကွယ်လွန်သူ မိခင်ကြီး ဒေါ်ကြင်ရွှေ၊ မောင်အောင်ကိုဝင်းတို့အားရည်စူး၍ ဦးရွှေဖ-ဒေါ်နှင်းနွယ် မိသားစုက ကျောက်ကပ်ဆေးနေသော သံဃာ၊ သီလရှင် ၁၀ ပါးအတွက် အလှူငွေကျပ် ၃၅၀၀၀၀ လှူဒါန်းရာ ဆေးရုံကြီးကြပ်ရေးနှင့်အထောက်အကူပြုအဖွဲ့ခေါင်းဆောင် သုဓမ္မဇောတိကဓဇ ဦးစိုးလင်း၊ ဆေးရုံအုပ်ကြီး ဒေါက်တာဦးခင်မောင်နှင့် တာဝန်ရှိသူများက လက်ခံရယူစဉ်။

# ကလေးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းနှင့်ဖူးစားပြောင်း ၉၅၈၈ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ကလေး ဖေဖော်ဝါရီ ၆**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကလေးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း ၉၅၈၈ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကလေးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကလေးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်း ၁၅၂၅ ဧက၊ ဖူးစားပြောင်း ၈၃၆၈ ဧက စုစုပေါင်း ၉၈၉၃ ဧက စိုက်ပျိုးရန်လျာထားပြီး ၂၀၂၄ ခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ အစေ့ထုတ်ပြောင်း ၁၅၀၂ ဧက၊ ဖူးစားပြောင်း ၈၀၈၆ ဧက စုစုပေါင်း ၉၅၈၈ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဆောင်းသီးနှံ စိုက်ပျိုးရာသီ ကလေးမြို့နယ်မှာ အစေ့ထုတ်ပြောင်းနဲ့ဖူးစားပြောင်း ၉၈၉၃ဧက စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ၉၅၈၈ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့ဆောင်ရွက်နေပါတယ်။ ပြောင်းသီးနှံတွေ ဖြစ်ထွန်းအောင်မြင်ဖို့၊ ပိုးမွှားရောဂါ ကျရောက်မှုမရှိစေဖို့ အသိပညာပေးတာတွေ ဆောင်ရွက်ပေးနေပါတယ်"ဟု ကလေးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနိုင်ထွန်းဝင်းက ပြောပြသည်။

ကလေးမြို့နယ်တွင် အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း စိုက် တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက သင်တန်းပေးခြင်း၊ ကွင်းသရုပ်ပြပွဲများ ဆောင်ရွက်ခြင်း၊ ဖောင်မြောင်တောင်ပိုး ကြိုတင်ကာကွယ်ရေးစသည့် စိုက်ပျိုးရေးဆိုင်ရာများ အသိပညာပေးလျက်ရှိကြောင်း သိရသည်။

ပြောင်းသီးနှံကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက နိုင်ငံတွင်း စားသုံးမှုဖူလုံစေရုံမျှမက ပြည်ပသို့ပို့ကုန်အဖြစ်ပါ တင်ပို့နိုင်မည်ဖြစ်ကြောင်း၊ ထုတ်လုပ်မှုနှင့် ဈေးကွက်လိုအပ်ချက်ဖြစ်သော ဝယ်လိုအား မျှတလာပါက ကုန်ဈေးနှုန်းတည်ငြိမ်၍ လူမှုစီးပွားဘဝများလည်း မြင့်မားတိုးတက်လာမည်ဖြစ်သဖြင့် စိုက်ပျိုးသီးနှံများတိုးချဲ့စိုက်ပျိုးရေး ဒေသမရွေးကြိုးပမ်းကြရမည် ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးနိုင်ထွန်းဝင်းက ပြောပြ၍ သိရသည်။

**(၂၀၆)**

# ဖောင်းပြင်မြို့နယ် အောက်တောင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ဖောင်းပြင် ဖေဖော်ဝါရီ ၆**

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်ခရိုင် ဖောင်းပြင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အောက်တောင်းကျေးရွာ၌ ဒုတိယအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဖောင်းပြင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သန်းသန်းညွန့်က မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်၊ မိသားစုဝင်ငွေတိုးလုပ်ငန်းများဆောင်ရွက်ခြင်းဖြင့် မြို့ပြနှင့် ကျေးလက် လူနေမှုအဆင့်အတန်း ကွာဟမှုကို လျှော့ချနိုင်စေရန် ရည်ရွယ်၍ ရန်ပုံငွေများကို ထုတ်ချေးပေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေကျပ် ၃၂၇ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက အောက်တောင်းကျေးရွာရှိ စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ စုစုပေါင်းအသင်းသား၊ အသင်းသူ ၇၆ ဦးကို ရန်ပုံငွေကျပ် ၃၂၇ သိန်း ထုတ်ချေးပေးခဲ့ကြောင်း ဖောင်းပြင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**ချစ်ဦးကို**

# မကွေးမြို့နယ် ကျေးရွာနှစ်ရွာ၌ ရေရရှိရေးလုပ်ငန်းများပြီးစီးမှု စစ်ဆေး

**မကွေး ဖေဖော်ဝါရီ ၆**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် မကွေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ဘဏ္ဍာနှစ်တွင် သံဘိုကန်ကျေးရွာနှင့် သံဘိုလေးကျေးရွာတို့၌ ပြည်ထောင်စုရန်ပုံငွေဖြင့် ကျေးရွာရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မကွေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်ဆန်းဌေး၊ မကွေးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမင်းဇော်ဟန်နှင့် ဝန်ထမ်းများက ကျေးရွာကော်မတီဝင်များနှင့်အတူ သံဘိုကန်ကျေးရွာ၌ အိမ်တိုင်ရာရောက်ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်းနှင့် သံဘိုလေးကျေးရွာ၌ စက်ရေတွင်းကို ဆိုလာစနစ်တပ်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လုပ်ငန်းများ ရေရှည်အသုံးပြုနိုင်ရေး သက်ဆိုင်သူအားလုံးက ဝိုင်းဝန်းထိန်းသိမ်းပေးကြရန် မှာကြားခဲ့ကြောင်း သိရသည်။

မကွေးမြို့နယ် သံဘိုကန်ကျေးရွာ၌ အရှည်ပေ ၇၀၄၀ ရှိ အိမ်တိုင်ရာရောက်ရေပိုက်လိုင်း သွယ်တန်းခြင်းလုပ်ငန်းကို ပြည်ထောင်စုရန်ပုံငွေကျပ် ၂၂ ဒသမ ၅၆ သန်းဖြင့် ၂၀၂၄ ခုနှစ် ဇွန် ၂၄ ရက်က လည်းကောင်း၊ သံဘိုလေးကျေးရွာ၌ စက်ရေတွင်း 7.4 KW ရှိ ဆိုလာစနစ်တပ်ဆင်ခြင်းလုပ်ငန်းကို ပြည်ထောင်စုရန်ပုံငွေကျပ်၂၂ ဒသမ ၅၆ သန်း ဖြင့် ၂၀၂၄ ခုနှစ် ဇွန် ၂၆ ရက်က လည်းကောင်း မြင့်မိုရ်စံထားကုမ္ပဏီက တာဝန်ယူ၍ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ရေရရှိရေးလုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးမှုကြောင့် သံဘိုကန်ကျေးရွာနှင့် သံဘိုလေးကျေးရွာရှိ အိမ်ခြေ ၅၀၅ အိမ်မှ လူဦးရေ ၁၉၅၅ ဦးနှင့် ကျွဲ၊ နွား၊ တိရစ္ဆာန်များ သန့်ရှင်းသော သောက်သုံးရေ ဖူလုံစွာရရှိတော့မည်ဖြစ်ကြောင်း မကွေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုး တက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်ဆန်းဌေးက ပြောပြ၍ သိရသည်။

**ချိုလေး**



# ချမ်းအေးလွန်းလှတဲ့ဟေမန္တရဲ့ တပို့တွဲလဝိသေသထူးများ

မောင်ငြိမ်းသူ(ကြို့ပင်ကောက်)

"ကုံရာသီထဲ၊ တပို့တွဲကို၊ ပေါက်လဲပွင့်စ၊ ကြယ်မာဃကို၊ ရွှေလဘုံနန်း၊ ယှဉ်ပြိုင်သန်း၍၊ ချမ်းမကုန်သေး၊ နှောင်ချည်ကွေးသည်။ အေးမြဟေမန်ကြူးတော့သည်။

(ရဝေရှင်ထွေး၏ရတု)

"စုံခြေငယ်ခပင်း၊ ထုံရေငယ်သင်းသည်၊ မိုးကြွင်းလေကျန်၊ တည်ညံနှင့်၊ ပတ်သံအတာ၊ သည်အခါဝယ်၊ ပွဲယာဂုလျှု ပြည်လုံးပဲဆူတော့တယ်၊ ထုံကြည်တဲ့ဖွေဘုံမှာ၊ ထပ်ဆယ်ခြံလှုံရင်ဝေးသူတို့၊ အေးစိမ့်လေချည့်"

(ဦးဖြေ၏တပို့တွဲလဘွဲ့လေးချိုး)

"ကုံရာသီဆီးနှင်းတွေကျလိုက်ပါဘိ၊ မီးထင်းမနေရ၊ အရိုးပြုတ်မတတ်ချမ်းတာကြောင့်၊ မိုးကုတ်ရှမ်းရွာထက်၊ နောက်နှစ်ကဲသာလောက်အောင်"

(ရှေးစာဆိုတစ်ဦး၏ဆိုင်းဆင့်)

ဥတုသုံးပါးရှိရာ (၁) ဂိမှာနဥတု(နွေ) တပို့တွဲလဆုတ် ၁၀ ရက်နေ့မှ ဦးတန်ခူးလဆန်း ၁၂ ရက်နေ့ထိ၊ (၂) ဝဿန္တဥတု(မိုး) နယုန်လဆန်း ၅ ရက်နေ့မှ သီတင်းကျွတ်လဆုတ် ၁၁ ရက်နေ့အထိ၊ (၃) ဟေမန္တဥတု(ဆောင်း) သီတင်းကျွတ်လဆုတ် ၁၁ ရက်နေ့မှ တပို့တွဲလဆုတ် ၁၁ ရက်နေ့အထိဖြစ်သည်။

ဥတုသုံးပါးတွင် တစ်ပါးစီမှာ ရတုနှစ်ပါးရှိပါသည်။ ဟေမန္တဥတုတွင် ရတုနှစ်ပါးရှိရာ ဟေမန္တရတု (သီတင်းကျွတ်လဆုတ် ၁၁ ရက်မှ နတ်တော်လဆုတ် ၁၁ရက်)အထိ၊ သိသိရရတု (နတ်တော်လဆုတ် ၁၂ ရက်နေ့မှ တပို့တွဲလဆုတ် ၁၁ ရက်) အထိဖြစ်သည်။

ထို့ကြောင့် ဟေမန္တဆောင်းဥတု၏နောက်ဆုံးလ၊ ရတုခြောက်ပါးအနက် ပဥ္စမရတု **"သိသိရရတု"**၏ နောက်ဆုံးလ(တပို့တွဲလ)သည် ဆောင်းရတုထဲတွင် အချမ်းဆုံး၊ အအေးဆုံးလဖြစ်ကြောင်း ရှေးစာဆိုတော်ကြီးများက စာပန်းချီမျိုးစုံဖြင့် ခြယ်သမှတ်တမ်းပြုထားခဲ့ကြပါသည်။

**"စာဆိုတော်နဝဒေးကြီး"**က "ရွှေလဘုံနန်း၊ ယှဉ်ပြိုင်သန်း၍၊ ချမ်းမကုန်သေး၊ နှောင်ချည်းကွေးသည်၊ ဧမြေဟေမန်ကြူးတော့သည်"ဟု ပိုဒ်စုံရတုရေးဖွဲ့ခဲ့သလို **"စာဆိုတော်ဦးကြော့"** ကလည်း "တွဲတပို့နွဲ့လို့ဆင်သည်၊ သည်းရွှေဘဝင်တုန်ဆတ်လို့၊ ကုံမှတ်ဖွယ့်ရာသီနဂိုရ်၊ နှင်းတွဲစိုစိုလင်းတဲ့ပ၊ ညပဟိုရ်ငယ်၊ မြမြကိုယ်-အေးပါပေ့လေး"ဟု တေးထပ်ရေးဖွဲ့ခဲ့ရသော တပို့တွဲလသည် ဆီးနှင်းများဖြိုင်ဖြိုင်ကျပြီး ခိုက်ခိုက်တုန်အောင် ချမ်းအေးလှသောကြောင့် အဆီများခန်းခြောက်တတ်သည့် လရာသီဟုလည်း ဆိုကြပါသည်။

ထို့ကြောင့် ထိုလရာသီတွင် ချင်း၊ နှမ်း၊ နှမ်းဆီ၊ အုန်းသီး စသည့်အပူကန်ပွင့်စေတတ်သော အာဟာရများနှင့် ကောက်ညှင်းတွဲဖက်ထားသော ထမနဲ (ထမင်းနဲ)များထိုး၍ လှူဒါန်းစားသုံးလေ့ရှိခဲ့ကြသည်။

"ပေါက်လဲရယ်တဲ့ပွင့်စီစီ၊ ဝတ်ပန်းသူရာရေကြောင့်၊ ဆက်ရက်တွေသံစုံကျူးကြတယ်၊ မြူးတဲ့ရာသီ"ဟု **"ဆရာကြီးဦးပြုံးချို"**က လေးဆစ်သဖြန်ရေးဖွဲ့ခဲ့သော တပို့တွဲလသည် မြန်မာ့တစ်ဆယ့်နှစ်လတွင် တစ်ဆယ့်တစ်လမြောက်ဖြစ်သည်။ ဤလသည် ရက်မစုံ ၁၄ ရက် လကွယ်သောကြောင့် ရက်ပေါင်း ၂၉ ရက်သာရှိသည်။ နံနက် ၆ နာရီ မိနစ် ၂၀ တွင်နေထွက်ပြီး ညနေ ၅ နာရီ မိနစ် ၄၀ တွင် နေဝင်သောကြောင့်၊ နေ့တာတိုပြီး ညတာရှည်ကာ ချမ်းအေးမှုဒဏ်ကို အခြားလများထက် ပိုမို၍ခံစားကြရသည်။ ထို့ကြောင့် **"မာတင်ပြောင်အစွယ်၊ နူးအောင်ပ၊ ထူးတဲ့အစိမ့်"**ဟု ဆင်ပြောင်ကြီး၏ အစွယ်ပင် နူးလောက်အောင် ချမ်းစိမ့်လှကြောင်း ဖွဲ့ဆိုထားပါသည်။ "နှာရည်ယိုရှဲ တပို့တွဲ"ဟုလည်း အေးစိမ့်မှုသင်္ကေတကို မှတ်တမ်းပြုထားပါသည်။

ထို့ပြင် "ရာသီမာသ၊ သည်ကာလကို၊ ချမ်းဖျတုန်အေး၊ မြောက်လေသွေး၍၊ စက်ထွေးမလုံ၊ ဖော်မစုံသည်၊ ရွှေပုံရုပ်ဟန်ကဲ့သို့လေး"ဟုလည်း ဖော်ကွာဝေးသူတို့ ပူဆွေးဖွယ်လွမ်းချင်းအဖြစ် **"စာဆိုတော်ဦးယာ"**က ရေးဖွဲ့ခဲ့ပါသည်။

တပို့တွဲလကို ပုဂံခေတ်ကျောက်စာများတွင် "တပိုဝ်တွယ်၊ တပိုတွယ်၊ တပိုတွဲနှင့်တပို့ဖ်တွယ်"ဟူ၍ အမျိုးမျိုးကမ္ပည်းရေးထိုးခဲ့ကြပါသည်။ "တဂို့မှ ထဖို" ဖြစ်၍ ထန်းဖိုပင်ဟု ဆိုလိုဟန်ရှိသည်။ "တွဲ"မှာ တွဲလျားကျသည်။ တွဲစေသည်။ "တ=ထန်း၊ ထန်းဖူး၊ ထန်းခိုင်တွဲ = အောက်သို့ကိုင်းညွှတ်ဆွဲနိုင်အောင် တွဲကျနေသည်။ ထန်းဖူး၊ ထန်းခိုင်၊ ထန်းလက်များ၊ အောက်သို့ညွှတ်ကိုင်း တွဲလျားကျနေသောကာလ၊ ထန်းရည်နင်းသောလဟုလည်း ခေါ်ဆိုမှတ်တမ်းပြုခဲ့ကြပါသည်။

ပေါက်-လဲ-ပွင့်တုံ၊ ဆူးပန်းငုံ၊ မီးပုံယာဂုပွဲ"

(ကင်းဝန်မင်းကြီးဖွဲ့ သံပေါက်)

ပါဠိလို "ယာဂု"ကို "ထမနဲ"ဟုဆိုသူကဆိုသလို ဆန်ပြုတ်ဟုလည်း ဆိုကြသည်။ မည်သို့ပင်ဆိုကြစေ ကာမူ ပေါ်ဦးပေါ်ဖျား ကောက်ညှင်းဆန်ဖြင့် ထမနဲထိုး၍ ကျွေးမွေးလှူဒါန်းကြသဖြင့် "ကောက်ဦး၊ နှမ်းဦး၊ ဒါနထူး"အလှူဒါနအဖြစ် ခံယူထားကြသည်။

ထမနဲပွဲတော်များကို ရှေးမြန်မာဘုရင်များလက်ထက်ကတည်းက အစဉ်အဆက်ကျင်းပခဲ့ကြောင်း အထောက်အထားများစွာရှိခဲ့သည်။ တပို့တွဲလသည် အအေးဆုံးလဖြစ်သောကြောင့် အဆီခန်းခြောက်ကြလေ့ရှိသည်။ ထို့ကြောင့် ဆီနိုင်သည့် အပူစာ ထမနဲ (ထမင်းနဲ)ကို စားသုံးကြပါက ကိုယ်ငွေ့ကောင်းပြီး အသားအရေ စိုပြည်လာကာ အပူဓာတ်ရနိုင်ကြောင်း မိုးဦးကျတွင် ဖြစ်လေ့ဖြစ်ထ

**❖တပို့တွဲလရာသီအမည်က ကုံ၊ စန်းပြည့်နက္ခတ်က "မာဃ"၊ ယှဉ်တာရာက "ချိန်တာရာ"၊ ရာသီရုပ်က "အိုးထမ်းယောကျ်ား"၊ ရာသီပန်းက "ပေါက်-လဲပွင့်"၊ ရာသီပွဲက "ထမနဲပွဲ"၊ လပြည့်သန်းခေါင်နတ်ပေါင်းခပင်က "သော်ကပင်"၊ ရက်ရာဇာက "အင်္ဂါ၊ ကြာသပတေး"၊ ပြဿဒါးက "တနင်္ဂနွေ၊ တနင်္လာ"စသည်ဖြင့် နက္ခတ်ဗေဒပညာရှင်များကလည်း ရာသီ၊ နက္ခတ်၊ တာရာ၊ ရာသီရုပ်၊ ရာသီပန်း၊ ရာသီပွဲ၊ ရက်ရာဇာ၊ ပြဿဒါးကအစ အသေးစိတ်ဖော်ထုတ်မှတ်တမ်းတင်ထားခဲ့ကြသည်။ တပို့တွဲလ၏ထူးခြားသောဝိသေသများမှာ"ထမနဲပွဲ၊ မီးဖုန်းပွဲတော်နှင့် ဩဝါဒပါတိမောက်အခါတော်နေ့"များဖြစ်ကြပါသည်။ ❖**

"ထန်းရည်နင်း၊ ပေါက်ကင်းတဲ့လဲငုံ၊ ဆက်ရက်ကယ်သာကာနှင့်၊ ရော်ရွက်ဝါတမာနု၊ လွမ်းသူ့ပူပုံ" ဟူ၍လည်း စာဆိုတော် ဦးကြင်ဥက စပ်ဆိုခဲ့ရာ ထိုလတွင် ထန်းသမားတို့သည် ထန်းရည်ခံယူကြရန် ထန်းပြင်ကြရသည်။ ထန်းရည်ခံယူကြပြီး သကာရည်နှင့် ထန်းလျက်ထုတ်လုပ်ကြလေ့ရှိပါသည်။

ထို့ပြင် တပို့တွဲလတွင် တောင်သူလယ်သမားများ လယ်ယာလုပ်ငန်းခွင်များမှ အနားယူကြချိန်ဖြစ်သဖြင့် အလှူမင်္ဂလာပွဲများ ကျင်းပကြလေ့ရှိသည်။ ဤသည်ကိုအကြောင်းပြုကာ "တပို့" = ထမ်းပိုး၊ "တွဲ"= ချိတ်ဆွဲထားခြင်း၊ လယ်ယာသုံးကိရိယာ ထမ်းပိုးများကို ချိတ်ဆွဲသိမ်းဆည်းထားကြသည့် အခါကာလမို့ **"တပို့တွဲလ"**ဟုလည်း ပြောစမှတ်ပြုခဲ့ကြပါသည်။

"တပို့တွဲ၊ ပေါက်-လဲ-ရယ်တဲ့ ငုံစီစီ"ဟု စာပန်းချီခြယ်သခဲ့ရသော တပို့တွဲလရာသီအမည်က "ကုံ"၊ စန်းပြည့်နက္ခတ်က "မာဃ"၊ ယှဉ်တာရာက "ချိန်တာရာ"၊ ရာသီရုပ်က "အိုးထမ်းယောကျ်ား"၊ ရာသီပန်းက "ပေါက်-လဲပွင့်"၊ ရာသီပွဲက "ထမနဲပွဲ"၊ လပြည့်သန်းခေါင် နတ်ပေါင်းခပင်က "သော်ကပင်"၊ ရက်ရာဇာက "အင်္ဂါ၊ ကြာသပတေး"၊ ပြဿဒါးက "တနင်္ဂနွေ၊ တနင်္လာ"စသည်ဖြင့် နက္ခတ်ဗေဒပညာရှင်များကလည်း ရာသီ၊ နက္ခတ်၊ တာရာ၊ ရာသီရုပ်၊ ရာသီပန်း၊ ရာသီပွဲ၊ ရက်ရာဇာ၊ ပြဿဒါးကအစ အသေးစိတ်ဖော်ထုတ် မှတ်တမ်းတင်ထားခဲ့ကြသည်။

တပို့တွဲလ၏ ထူးခြားသောဝိသေသများမှာ "ထမနဲပွဲ၊ မီးဖုန်းပွဲတော်နှင့် ဩဝါဒပါတိမောက် အခါတော်နေ့" များဖြစ်ကြပါသည်။

**ထမနဲပွဲ (နှမ်းမနဲပွဲ)**

"တပို့တွဲလ၊ ကုံသို့ကျ၊ မာဃထွန်းစမြဲ။

ရှိသော ဝမ်းရောဂါကို ကြိုတင်ကာကွယ်ရာရောက်ကြောင်း၊ ပထဝီပျက်သူများ ထမနဲ(ထမင်းနဲ)စားသုံးသင့်ကြောင်း ရှေးမြန်မာလူကြီးများက ဆေးပညာရှုထောင့်မှ အစာလည်းဆေး၊ ဆေးလည်းအစာ ရာသီစာအဖြစ် သတ်မှတ်ထားခဲ့ကြသည်။

တပို့တွဲလပြည့်နေ့တွင် ထမနဲဆွမ်း၊ ဆက်ကပ်လှူဒါန်းကြခြင်းနှင့်ပတ်သက်၍ ပဉ္စမသင်္ဂါယနာတင် ဘဝရှင်မင်းတုန်းမင်းတရားကြီးက အမေးတော်ရှိခဲ့ရာ "စလေ ဦးပုည"က "ဆွမ်းတော်ကြီးကပ်လျှောက်ထားစာတမ်း"ဖြင့် ဆက်သွင်းဖြေကြားခဲ့သကဲ့သို့ သမားတော်၊ သွေးဆေးတော်ဆက် တောင်သာဆေးဂိုဏ်းဝင် **"မြင်းခြံဆရာသွဲ့"** ကလည်း "တစ်မိုးတွင်းလုံးနှင့် တစ်ဆောင်းတွင်းလုံး အအေးများလွန်းသဖြင့် အပူအအေးမမျှဖြစ်နေလေရာ ဆောင်းရာသီကုန်လု၊ နွေဥတုရာသီမကူးမီ၊ ဓာတ်ကြီးလေးပါး ညီညွတ်မျှတအောင်၊ ဆေးဝါးဓာတ်စာအဖြစ် ဆရာသမားတော်ကြီးများက နှမ်းမနဲ(ထမနဲ)ကို စီမံစားသောက်စေခဲ့ကြောင်း" လျှောက်ထားတင်ပြခဲ့ရာ ဆုတော်လာဘ်တော်များ ချီးမြှင့်ခဲ့သည်။

ထို့ပြင် အမျိုး၊ ဘာသာ၊ သာသနာ၊ ပညာအတွက် လွတ်လပ်ရေး၏မီးရှူးတန်ဆောင်ဖြစ်သော ဝိုင်အမ်ဘီအေအသင်းကြီးသည် ရှေးရိုးရာအစဉ်အလာမပျက်စေရေးနှင့် သွေးစည်းညီညွတ်ရေးကို ရှေးရှု၍ ထမနဲပွဲကို နှစ်စဉ်ကျင်းပခဲ့သည်။

'မန်လည်ဆရာတော်ဘုရား ကြီးကလည်း ထမနဲ (နှမ်းမနဲ)ထိုးနည်းလင်္ကာကို ဤကဲ့သို့စပ်ဆိုထားသည်။

" တပို့တွဲ၊ ထမနဲ၊ ယာဂုထိုးရန်ဖို့၊ စာချိုးလို့ မှာခဲ့မယ်။ တစ်စိတ်ဆို ဆန်ကောက်ညှင်းကိုလ၊ တစ်ပိဿာ ဆီကိုသွင်းပါလို့၊ ဂျင်း(ချင်း)ကသုံးဆယ်။ မြေပဲဖြူလော့်တစ်ကွက်ကယ်နဲ့၊ အုန်းသီးဆံ ထိုတူဖက်ပါလို့ နှမ်းမပျက် ဤနည်းနယ်၊ ရေစင်ကြယ်ထည့်ရိုး။ လက်နှစ်သစ်သာပ၊ တွက်စစ်ကာ၊ တစ်ဆယ် ဆားရယ်နဲ့ နောက်နောင်ကို လူအများတို့ရယ်(ကွယ်) အားသစ်လို့ထိုး"

ကောက်ညှင်းထဲတွင် နှမ်း၊ ဆီ(နှမ်းဆီအပါအဝင်)၊ အုန်းသီး၊ မြေပဲ၊ ချင်းစသည်တို့ဖြင့် သူ့အချိုးအဆအညီ ပေါင်းစပ်ထည့်ထားသော ကောက်ညှင်းထမင်းအိုး၊ ဒယ်အိုးကြီးထဲကို ထပ်ပြန်တလဲလဲကော်ပတ်စာများနဲ့သည့်အလား ထမနဲထိုးသူ နှစ်ယောက်က ယောက်မကြီးနှစ်လက်ဖြင့်၊ ပွတ်ချေနဲ့ရဘိအလား၊ နဲ့ကြရပါသည်။ ထိုသို့နဲ့ကြရသောကြောင့် ထမနဲ(ထမင်းနဲ)ဟု မှည့်ခေါ်ထားခြင်းဖြစ်သည်။ အချို့အရပ်တွင် နှမ်းဆီနှင့်နှမ်းနိုင်နိုင်ထည့်သည်ကို အကြောင်းပြုပြီး "နှမ်းမနဲ"ဟုလည်း ခေါ်ဆိုကြသည်။

ကောက်ဦး၊ နှမ်းဦး၊ ဒါနထူးအဖြစ် လှူဒါန်းခဲ့ကြသော ချိုဆိမ့်မွှေး ထမနဲ(နှမ်းမနဲ)ပွဲများကား ရှေးမြန်မာဘုရင်များလက်ထက်မှ ယနေ့အထိ အသွင်အမျိုးမျိုးဖြင့် ရပ်တည်နေသည်မှာ ရိုးရာယဉ်ကျေးမှုအစဉ်အလာကောင်းကို ထိန်းကျောင်းရာရောက်သဖြင့် ဆက်လက်ထိန်းသိမ်းမြှင့်တင်နေအပ်လှသည်။

**မီးဖုန်းပွဲတော်**

"ပူဇော်မီးဖုန်း၊ ရွှင်ပြုံးရဲလျှံ" ဟူ၍စာဆိုတို့ ဖွဲ့ဆိုခဲ့ကြရသည့် မီးကုသိုလ်အလှူဖြစ်သည်။ ပါဠိလို "အဂ်ရကပလ္လ" ကို "မီးအိုးကင်း၊ မီးမယ်ဖျူး"ဟုပြန်ဆိုခဲ့ကြသဖြင့် "ပုဂံမင်စာ" တွင် "မီးဖုန်း" ဟု ပြန်ဆိုထားကြပါသည်။

"ရွှေယုဂန်နန်းညိုမြကာ၊ စန်းခိုစလျံလူ၊ ချမ်းဆိုသမျှ၊ စံမတူသည်၊ သယမ္ဘူသော်မှ မီးမယ်ဖျူး၊ ရွှေလက်ကင်သည်၊ ရေစက်သွင် အေးတဲ့သည်လ"ဟု စာဆိုတော်ဦးကြော့က တေးထပ်ဖွဲ့ဆိုထားသည့်နှယ် တပို့တွဲလ၏ အအေးဓာတ်လွန်ကဲမှုကြောင့် မြတ်စွာဘုရားရှင်ကိုယ်တိုင် မီးလင်းဖို(မီးမယ်ဖျူး)တွင် ရွှေလက်တော်များကင်၍ အနွေးဓာတ်ကိုရယူခဲ့ကြောင်း မှတ်တမ်းပြုထားသည်။

မြတ်ဗုဒ္ဓသည် တိတ္ထိတို့ မီးလှုံသကဲ့သို့ မီးလှုံခြင်းကို ခွင့်မပြုခဲ့သော်လည်း ဆောင်းနှောင်းနွေကူး၊ တပို့တွဲလ၏အဆုံးလေးရက်နှင့် တပေါင်းလဆန်းလေးရက်၊ ဤရှစ်ရက်ကို မီးလှုံနိုင်ကြောင်း အန္တရဋ္ဌကေရက်ဟူ၍ အဋ္ဌကထာဆရာတို့က ဖွင့်ဆိုထားသည်။

ကုန်းဘောင်မင်းဆက် မဟာရာဇဝင်တော်ကြီး တတိယတွဲ၊ စာ ၅၄၄ တွင် "တပို့တွဲလ၊ ပန္နရာသီ၊ တီတီထွန်းစည်၊ လပြည့်နေ့အခါဝယ်၊ ခြောက်ပါးရောင်လက်၊ ဝင့်တိုင်းစက်သော၊ အတ္တာဒန္တ၊ ပြောင်မှန်ဝပင်၊ အေးမြသောအစွယ်ရှိသည်ဖြစ်၍ သုံးလှူထွတ်ထား မြတ်ဘုရားကိုယ်တော်တိုင်ပင် မီးရှိန်ခံတော်မူသည်ကို ရည်စူးပြီးလျှင် မီးဖုန်းတော်များကို လှူဒါန်းပူဇော်ခဲ့သည်"ဟု ဖော်ပြထားသည်။

ထို့ပြင် ဆရာကြီး ဒဂုန်နတ်ရှင်၏ စာပေဝတ်ဆံ (၅) တွင် "တပို့တွဲလပြည့်နေ့၊ ညဥ့် ၂ ချက်တီးအကျော် (လပြည့်ကျော် ၁ ရက်အဝင်)တွင် မြတ်စွာဘုရားအား အချမ်းမှသက်သာစေရန် ရှင်အာနန္ဒာက ဒုကုဋ်တော် (နှစ်ထပ်သင်္ကန်း) တင်လှူမ်း(ထပ်၍)ပေးခြင်းကို ကျမ်းဂန်များ၌ တွေ့ရသည်။ ထို့ကြောင့် နံ့သာထင်းများဖြင့် ဘုရားကိုရည်စူး၍ လှူဒါန်းကြခြင်းဖြစ်သည်"ဟူ၍လည်း အထောက်အထားပြဆိုထားသည်။

ထို့ကြောင့် မီးဖုန်းပွဲတော်ဆိုသည်မှာ အချို့ကမီးပုံပွဲဟုခေါ်ကြသည့် "မီးကုသိုလ်ပွဲ၊ မီးအလှူပွဲ"ပင်ဖြစ်သည်။ အလွန်အေးမြသော တပို့တွဲလတွင် ဘုရားဆင်းတုတော်များရှေ့၌ ရဟန်းသံဃာတော်များနှင့် သက်ကြီးရွယ်အိုများ မီးဖို၍လှုံကြရန် နံ့သာထင်း၊ မီးမယ်ဖျူး (မီးလင်းဖို၊ မီးအိုးကင်း) စသည်တို့ကို လှူဒါန်းကြသည့်ပွဲပင်ဖြစ်ပါသည်။

စာမျက်နှာ ၅ သို့ ➤

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**"လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အခမ့်ဝင်ရောက်နေထိုင်နေသည့်မြို့ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။"**

( ၃-၉-၂၀၂၄ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက် )

## အိမ်မဲမြို့နယ်တွင် ဆီထွက်သီးနှံနေကြာ ရာနှုန်းပြည့်စိုက်ပျိုးပြီးစီး



**မြောင်းမြ ဖေဖော်ဝါရီ ၆**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် အိမ်မဲမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ရာနှုန်းပြည့် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

အိမ်မဲမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံ နေကြာဧက ၂၃၁၀ ကို ၂၀၂၄ ခုနှစ် အောက်တိုဘာလက စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ဧကအားလုံး ရာနှုန်းပြည့် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါနေကြာများ ရာနှုန်းပြည့်စိုက်ပျိုးနိုင်ရေး ခရိုင်၊ မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများမှ ပူးပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

"အိမ်မဲမြို့နယ်မှာ ဆီထွက်သီးနှံနေကြာဧက ၂၃၁၀ စိုက်ပျိုးခဲ့ပါတယ်။ စိုက်ပျိုးထားတဲ့ နေကြာစိုက်ခင်းတွေကို အောင်မြင်ဖြစ်ထွန်းစေဖို့ ဆက်လက်ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်"ဟု မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြသည်။

အိမ်မဲမြို့နယ်တွင် နေကြာများ စနစ်တကျစိုက်ပျိုးနိုင်ရန် စိုက်ပျိုးရေးဦးစီးဌာနက စိုက်ပျိုးရေးနည်းပညာပေးလုပ်ငန်းများကို ကွင်းဆင်းပို့ချပေးခဲ့ခြင်း၊ သွင်းအားစုများ ပံ့ပိုးပေးခြင်းတို့ကို ဆောင်ရွက်ပေးထားကြောင်း သိရသည်။

နေကြာသီးနှံများကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှုဖူလုံမည့်အဖြစ် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်နိုင်မည်ဖြစ်ရာ နေကြာသီးနှံများ တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

➤ **စာမျက်နှာ ၄ မှအဆက်**

အထက်အညာဒေသနှင့် ဘုန်းတော်ကြီးကျောင်းများတွင် မီးဖုန်းပွဲတော်အတွက် သနပ်ခါး စသောအမွှေးနံ့သာထင်းများဖြင့် ပူဇော်ခဲ့ကြသော်လည်း ယခုနောက်ပိုင်းတွင် နံ့သာထင်းများရှားပါးသွားသောကြောင့် မီးဖုန်းပွဲအလှူတော် အရှိန်လျော့နည်းကျဆင်းလာခဲ့သည်။ သို့သော် အလှူရေစက်လက်နှင့်မကွာကြသူများသို့ အခြားသင့်လျော်ရာ နည်းလမ်းများဖြင့်သာ မီးအလှူတော်ကို လှူဒါန်းနေကြသည်။

**ဩဝါဒပါတိမောက်အခါတော်နေ့**

"တပို့တွဲမူ၊ မဖွဲမိုးလေ၊ သုံးလူ့ဆွေလျှင်၊ လေးထွေအင်စုံ၊ ကြိုက်ကြုံအဟုတ်၊ ပါတိမုတ်ကို၊ ဖော်ထုတ်စိစစ်၊ ပြမြဲဖြစ်၍"

(ဦးအောင်ကြီးဖွဲ့ လူးတား)

"ချမ်းချက်လွန်ကဲ၊ တပို့တွဲဟု၊ မြူရှဲရောင်ပ၊ ပြည့်သည့်လဝယ်၊ ပွဲမအဖုံ၊ လုံးစုံသံဃာ၊ စည်းဝေးရာ၌၊ ကျမ်းပါတိမုတ်၊ ရွှေနှုတ်တော်ညွှန်ပြ။"

(ရှင်မဟာရဋ္ဌသာရ ကိုးခန်းပျို့)

မြတ်ဗုဒ္ဓသည် **"ဩဝါဒပါတိမောက်ဒေသနာတော်"** ကို ဘုရားဖြစ်ပြီးကိုးလပြည့်သော သာသနာသက္ကရာဇ် (၁၀၃) ခု၊ တပို့တွဲလပြည့်နေ့၌ တိုတိုကျဉ်းကျဉ်းလိုရင်းကိုသာ ဟောကြားတော်မူခဲ့ပါသည်။ မြတ်စွာဘုရားရှင်သည် ဝါတော် ၂၀ အထိ ဝိနည်းသိက္ခာတော်များကို သီးခြားပညတ်တော်မမူခဲ့ဘဲ ဤဩဝါဒတော်ဖြင့်သာလျှင် ရဟန်းသံဃာတော်များကို ယဉ်ကျေးလိမ္မာစေခဲ့သည်။

မဟာသက္ကရာဇ် ၁၀၃ ခုနှစ်၊ တပို့တွဲလပြည့် ညဦးယံအခါတွင် ရာဇဂြိုဟ်ပြည်၊ ဝေဠုဝန်ကျောင်းတော်၌ မြတ်စွာဘုရားရှင်သည် ရောင်ခြည်တော်ခြောက်သွယ်ကွန့်မြူးလျက်၊ အရှင်သာရိပုတ္တရာ၊ အရှင်မဟာမောဂ္ဂလန်နှင့် အရိယာရဟန္တာမြတ်တစ်ထောင့်နှစ်ရာ့ငါးကျိပ်တို့ ခြံရံကာ ဥရုဝေလ ကဿပစသည့် ရသေ့ညီနောင် ရှင်တစ်ထောင်မှ ကူးပြောင်းလာသော ရဟန္တာမြတ်များစုံလင်စွာခစားဝပ်တွားနေကြစဉ် ပထမဆုံးအကြိမ် ဟောကြားတော်မူခြင်းဖြစ်ပါသည်။

(၁) တပို့တွဲလပြည့်နေ့ဖြစ်ခြင်း၊ (၂) ဖောဘိက္ခုအရှင်မြတ်များဖြစ်ခြင်း၊ (၃) ဆဠာဘိညာပဋိသမ္ဘိဒါရဟန္တာများဖြစ်ခြင်း၊ (၄) မည်သူမျှပင့်ဖိတ်သူမရှိဘဲ အစုံအလင်ကြွရောက်စုဝေးခြင်းဟူသောလေးပါးသော အင်္ဂါရပ်များနှင့် ပြည့်စုံနေသောကြောင့် ဘုရားရှင်တို့၏ ဓမ္မတာသုံးဆယ်ထဲမှ ဓမ္မတာတစ်ရပ်ဖြစ်သော ဩဝါဒပါတိမောက်ဒေသနာတော်ကို ဟောကြားတော်မူခြင်းဖြစ်သည်။

မြတ်စွာဘုရားရှင်၏ ဓမ္မခန္ဓာပေါင်း ၈၄၀၀၀ လုံးကို ခြုံငုံမိသော **"ဩဝါဒပါတိမောက်ဒေသနာတော်"**၏ လိုရင်းအနှစ်ချုပ်အဆုံးအမမှာ-

"သဗ္ဗပါပဿ အကရဏံ = မကောင်းမှုကိုမပြုကြပါနှင့်၊ (သီလ-ဝိနည်း)၊ "ကုသလဿ ဥပသမ္ပဒါ" = ကောင်းမှုကိုသာဆည်းပူးပါ၊ (သမာဓိ-သုတ္တန်)၊ "သစိတ္တ ပရိယောဒပနံ"= ဖြောင့်မတ်ဖြူစင်သောစိတ်ထားကြပါ၊ (ပညာအဘိဓမ္မာ)၊ "ဧတံဗုဒ္ဓါနသာသနံ" = ဤသည်ပင်လျှင် ဘုရားရှင်တို့၏ အဆုံးအမတည်း။

ဆိုလိုရင်းမှာ သီလ၊ သမာဓိနှင့်ပညာ၊ သာသနာသုံးရပ် သို့မဟုတ် ဝိနည်း၊ သုတ္တန်နှင့် ပညာဟူသော ပိဋကသုံးပုံလုံးပါဝင်သော ဩဝါဒပါတိမောက်ဒေသနာတော်ကို "ဗုဒ္ဓလမ်းစဉ် အခြေခံမူဝါဒ"ဟူ၍ ဆိုမိန့်ခဲ့ကြပါသည်။ ရဟန်းသံဃာတော်များကို ဟောကြားဆုံးမခဲ့သော တရားတော်ဖြစ်သော်လည်း လူဒါယကာ၊ ဒါယိကာမများလည်း နာခံလိုက်နာကျင့်သုံးအပ်သည့် အဆုံးအမဩဝါဒတရားတော်ဖြစ်သည်။ တပို့တွဲလ၏ ရိုးရာဓလေ့နှင့် ပျော်မွေ့ဖွယ်ကုသိုလ်ပွဲတော်များကား ထူးခြားမွန်မြတ်လှပါပေသည်။ ထို့ပြင် မြန်မာနိုင်ငံတော်ကြီး လွတ်လပ်ရေးရရှိရေးအတွက် အဓိကသော့ချက်ဖြစ်သော **"ပြည်ထောင်စုနေ့"** သည်လည်း တပို့တွဲလထဲတွင် ပါဝင်နေသဖြင့် ပို၍ထူးကဲမွန်မြတ်နေပါတော့သည်။

**ကိုးကား**

- **"တစ်ဆယ့်နှစ်ရာသီဘွဲ့ပေါင်းချုပ်**
- **ဝိဿဇက (ပဲခူး) ၏မြန်မာ့တစ်ဆယ့်နှစ်လရာသီဘွဲ့**
- **ပြည်ထွန်းရွှေ၏ မြန်မာလများနှင့်စပ်လျဉ်း၍**

## လမြတ်တပို့တွဲ

- ကုံရာသီ တပို့တွဲ
  နှင်းရည်စိုရွဲ အချိန်ခါ၊
  ဆောင်းဟေမန် ရုတ်တရက်
  နှုတ်ဆက်ထွက်ခွာ၊
  မာဃနက္ခတ် တူယှဉ်ကာ
  ရော်ရွက်ဝါတို့ လေမှာဝဲ၊
  တောမြိုင်ယံ ပန်းထုံသင်းလို့
  နှင်းမှုန်တို့ကြဲ။

- ဂိမှာန်အခါ မကြောက်စမြဲ
  ပေါက်လဲတို့ ဖူးပွင့်ကာ၊
  နွေတေးရှင် ကနုတ်တောမှာဖြင့်
  ဥသြသံသာ၊
  လက်ပံပွင့်တို့ နီတျာတျာ
  ပင်ယံမှာ ဖူးငုံပွင့်၊
  မြောက်ပြန်လေ ဝေ့ကာဝိုက်
  တိုက်ခတ်လို့လွင့်။

- လှူဒါန်းချိန် အခါမလင့်
  သဒ္ဓါဝင့်သည့် အလှူတော်၊
  ထမနဲပွဲကို ကျင်းပမြဲ
  ဆင်နွှဲတူပျော်၊
  ညံရိုးထင်းအား မီးပူဇော်
  ဗုဒ္ဓဂုဏ်တော် အစဉ်အောက်မေ့၊
  ဩဝါဒပါတိမောက်တရားကို
  ဟောကြားလပြည့်။ ။

**ရွှေတိုး(ထုံးဘို)**

ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

ငရုတ်သီး၊ ငရုတ်ကောင်းတို့၏ အပူဓာတ်သည် သွေးလည်ပတ်စီးဆင်းမှုကိုအားကောင်းစေပြီး အသက်ရှူလမ်းကြောင်းအတွင်း ရောဂါပိုးများဝင်ရောက်ခြင်းကို တိုက်ထုတ်ပေးသည်။



# နိုင်ငံတကာ သတင်းများ

## တရုတ်သမ္မတနှင့် ထိုင်းဝန်ကြီးချုပ်တို့ ပေကျင်းမြို့၌ တွေ့ဆုံဆွေးနွေး



ပေကျင်း ဖေဖော်ဝါရီ ၆

ထိုင်းဝန်ကြီးချုပ် ပေထုန်တန်ရှင်နာဝပ်ထရာသည် ယနေ့တွင် ပေကျင်းမြို့၌ တရုတ်သမ္မတရှီကျင့်ဖျင်နှင့် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း တရုတ်အစိုးရမီဒီယာများက သတင်းထုတ်ပြန်ထားသည်။

ထိုင်းဝန်ကြီးချုပ် ပေထုန်တန်ရှင်နာဝပ်ထရာသည် ၎င်း၏ လေးရက်ကြာ တရုတ်ခရီးစဉ်ကို ဖေဖော်ဝါရီ ၅ ရက်တွင် စတင်ခဲ့ပြီး ယနေ့တွင် တရုတ်သမ္မတရှီကျင့်ဖျင်နှင့် တွေ့ဆုံဆွေးနွေးခဲ့ခြင်းဖြစ်သည်။

တရုတ်နှင့်ထိုင်း နှစ်နိုင်ငံသံတမန်ဆက်ဆံရေး တရားဝင်စတင်မှု နှစ် ၅၀ ပြည့် အထိမ်းအမှတ်အဖြစ် ထိုင်းဝန်ကြီးချုပ် ပေထုန်တန်ရှင်နာဝပ်ထရာက တရုတ်နိုင်ငံသို့ ရောက်ရှိနေခြင်းဖြစ်သည်။

နှစ်ပေါင်း ၁၀၀ အတွင်း မတွေ့ခဲ့ရဖူးသော အပြောင်းအလဲများနှင့် ရင်ဆိုင်နေရချိန်တွင် ထိုင်းနှင့် တရုတ်တို့အနေဖြင့် နှစ်နိုင်ငံကြား အပြန်အလှန် ယုံကြည်မှုကို မြှင့်တင်ရလိမ့်မည် ဖြစ်ကြောင်း တရုတ်သမ္မတ ရှီကျင့်ဖျင်က ထိုင်းဝန်ကြီးချုပ်နှင့်တွေ့ဆုံစဉ် တိုက်တွန်းခဲ့သည်။

လက်ရှိ တရုတ်ခရီးစဉ်သည် ပြီးခဲ့သည့်နှစ် ဩဂုတ်လအတွင်း ထိုင်းဝန်ကြီးချုပ်တာဝန်ကို စတင်ရယူခဲ့သည့် ပေထုန်တန်ရှင်နာဝပ်ထရာအတွက် ပထမဆုံးတရုတ်ခရီးစဉ်ဖြစ်သည်။

တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် ထိုင်းဝန်ကြီးချုပ် ပေထုန်တန်ရှင်နာဝပ်ထရာတို့သည် ယနေ့ ဆွေးနွေးပွဲတွင် ဒစ်ဂျစ်တယ်စီးပွားရေးကဏ္ဍနှင့် လျှပ်စစ်ကားထုတ်လုပ်ရေးနယ်ပယ်များ၌ ပူးပေါင်းဆောင်ရွက်ရေးကိုလည်း ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

## ဂရန်းဖဲလ်တာဝါအဆောက်အအုံကို ဖြိုချရန် ဗြိတိန်အစိုးရ စီစဉ်ထား

လန်ဒန် ဖေဖော်ဝါရီ ၆

လွန်ခဲ့သည့်ခုနစ်နှစ်က မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့သော လန်ဒန်မြို့ ဂရန်းဖဲလ်တာဝါ အထပ်မြင့်အဆောက်အအုံကို ဖြိုလှဲရန် ဗြိတိန်အာဏာပိုင်များက စီစဉ်ထားကြောင်း ယနေ့သတင်းများတွင် ရေးသားဖော်ပြထားသည်။

၂၀၁၇ ခုနှစ် ဇွန် ၁၄ ရက်တွင် အထပ် ၂၃ ထပ်ပါ ဂရန်းဖဲလ်တာဝါ အဆောက်အအုံ၌ မီးလောင်ကျွမ်းမှု ဖြစ်ပွားခဲ့ရာ လူပေါင်း ၇၂ ဦး သေဆုံးခဲ့သည်။

ဂရန်းဖဲလ်တာဝါ အဆောက်အအုံမီးလောင်မှုသည် ဗြိတိန်အတွက် ဒုတိယကမ္ဘာစစ်နောက်ပိုင်း လူအသေအပျောက်အများဆုံး လူနေအဆောက်အအုံ မီးလောင်ကျွမ်းမှုဖြစ်ခဲ့ရသည်။

လက်ရှိအချိန်တွင် ဗြိတိန်အစိုးရအနေဖြင့် ဂရန်းဖဲလ်တာဝါ အဆောက်အအုံ၌ နေထိုင်ခဲ့သည့် မိသားစုများအတွက် အခန်းသစ်များ အစားထိုးပေးအပ်၍ ယင်းအဆောက်အအုံကို ဖြိုလှဲရှင်းလင်းမည်ဖြစ်သည်။

ဂရန်းဖဲလ်တာဝါ အဆောက်အအုံဖြိုလှဲ ရှင်းလင်းရေးလုပ်ငန်းကို ယခုနှစ်ဇွန်လအတွင်း စတင်ဖွယ်ရှိကြောင်း ဗြိတိန်မီဒီယာများက သတင်းထုတ်ပြန်ထားသည်။

မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ပြီး နောက်ပိုင်း အချိန်ကြာလာသည်နှင့်အမျှ ဂရန်းဖဲလ်တာဝါ အဆောက်အအုံ၏ အခြေခံအနေမှာ ပိုမိုဆိုးရွားလာကြောင်း ဗြိတိန်တာဝန်ရှိသူများက ပြောကြားခဲ့သည်။

Ref : Xinhua
Trs : KKO

## ဒေါ်နယ်ထရန့်၏ ဂါဇာကမ်းမြောင်အဆိုပြုချက် ကန့်ကွက်ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောကြား



ပေကျင်း ဖေဖော်ဝါရီ ၆

ပါလက်စတိုင်းလူမျိုးများကို ဂါဇာကမ်းမြောင်မှ အခြားနိုင်ငံများသို့ရွှေ့ပြောင်းနေရာချ၍ ဂါဇာကမ်းမြောင်ဒေသအား အမေရိကန်နိုင်ငံကလွှဲပြောင်းရယူမည့် သမ္မတဒေါ်နယ်ထရန့်၏ ကြိုးပမ်းမှုများကို တရုတ်နိုင်ငံက ဆန့်ကျင်ကန့်ကွက်ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနက ယနေ့တွင် သတင်းထုတ်ပြန်ထားသည်။

ဂါဇာကမ်းမြောင်ဒေသရှိ ပါလက်စတိုင်းများကို အခြားနိုင်ငံများသို့ ရွှေ့ပြောင်းနေရာချ၍ ဂါဇာဒေသကို အမေရိကန်နိုင်ငံက လွှဲပြောင်းရယူထားရန် အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က ဖေဖော်ဝါရီ ၄ ရက်တွင် အဆိုပြုထားသည်။

သို့ရာတွင် အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်၏ အထက်ပါ အဆိုပြုချက်ကို တရုတ်အစိုးရအနေဖြင့် ဆန့်ကျင်ကန့်ကွက်ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက ယနေ့ပုံမှန်သတင်းစာရှင်းလင်းပွဲ၌ ထုတ်ဖော်ပြောကြားခဲ့သည်။

ယင်းအပြင် တရုတ်နိုင်ငံအနေဖြင့် ပါလက်စတိုင်း လူမျိုးများ ဥပဒေနှင့်အညီ ရယူပိုင်ခွင့်ရှိသော အမျိုးသား အခွင့်အရေးများကိုလည်း ဆက်လက်အားပေးထောက်ခံမည်ဖြစ်ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက ထုတ်ဖော်ပြောကြားခဲ့သည်။

ပါလက်စတိုင်းလူမျိုးများအား ဂါဇာဒေသမှ အခြားနိုင်ငံများသို့ ရွှေ့ပြောင်းနေရာချ၍ ဂါဇာဒေသအား အမေရိကန်နိုင်ငံက ထိန်းချုပ်ရေးအဆိုပြုချက်ကို အရှေ့အလယ်ပိုင်းဒေသနိုင်ငံများကလည်း ဝေဖန်ကန့်ကွက်ထားသည်။

ယင်းအပြင် ဒေါ်နယ်ထရန့်၏ အဆိုပြုချက်အား အစ္စရေးနှင့် ပါလက်စတိုင်း နှစ်နိုင်ငံယှဉ်တွဲရပ်တည်ရေးသဘောတရားကိုသာ ထောက်ခံကြောင်း အခြားကမ္ဘာ့ခေါင်းဆောင်များကလည်း ပြောကြားထားသည်။

Ref : Xinhua
Trs : KKO

## မောင်းသူမဲ့လေယာဉ်တင်စစ်သင်္ဘောသစ် အီရန်တော်လှန်ရေးအစောင့်တပ်လက်ခံရရှိ

တီဟီရန် ဖေဖော်ဝါရီ ၆

ရဟတ်ယာဉ်နှင့် မောင်းသူမဲ့လေယာဉ်များ သယ်ဆောင်နိုင်သော ပထမဆုံးစစ်သင်္ဘောကို အီရန်တော်လှန်ရေးအစောင့်တပ်က လက်ခံရရှိခဲ့ကြောင်း အီရန်အစိုးရမီဒီယာများက ယနေ့တွင် သတင်းထုတ်ပြန်ထားသည်။

နှစ်လကြာစစ်ရေးလေ့ကျင့်မှုများကို အီရန်နိုင်ငံတစ်ဝန်းပြုလုပ်နေစဉ် မောင်းသူမဲ့လေယာဉ်နှင့် ရဟတ်ယာဉ်များ သယ်ဆောင်နိုင်သည့် စစ်သင်္ဘောသစ်ကို အီရန်တော်လှန်ရေးအစောင့်တပ်က ရရှိခဲ့ခြင်းဖြစ်သည်။

အီရန်တော်လှန်ရေးအစောင့်တပ်အနေဖြင့် သာမန်ကုန်တင်သင်္ဘောတစ်စီးကို ပင်လယ်ရေပြင်အတွင်း မောင်းသူမဲ့လေယာဉ်နှင့် ရဟတ်ယာဉ်စစ်ဆင်ရေးများပြုလုပ်နိုင်သည့် စစ်သင်္ဘောအဖြစ် အသွင်ပြောင်းနိုင်ခဲ့ကြောင်း အီရန်တော်လှန်ရေး အစောင့်တပ်ရေတပ်တာဝန်ရှိသူများက ပြောကြားခဲ့သည်။



ရှာဟစ်ဘီဟက်ရှ်ကီအမည်ရှိ အဆိုပါမောင်းသူမဲ့လေယာဉ်တင် စစ်သင်္ဘောသည် ကုန်သေတ္တာတင်သင်္ဘောတစ်စီးကို ပြန်လည်မွမ်းမံပြင်ဆင်ထားပြီး မီတာ ၁၈၀(ပေ ၅၉၀)ထိရှိသော ပြေးလမ်းတစ်ခု ထည့်သွင်းထားသည်။

ရှာဟစ်ဘီဟက်ရှ်ကီမောင်းသူမဲ့လေယာဉ်တင် သင်္ဘောသည် လောင်စာဆီတစ်ခါဖြည့်ပြီးလျှင် ထပ်မံဖြည့်တင်းရန်မလိုဘဲ တစ်နှစ်ထိပင်လယ်ရေပြင်အတွင်း စစ်ရေးလှုပ်ရှားမှုများပြုလုပ်နိုင်ကြောင်း အီရန်အစိုးရမီဒီယာများက သတင်းထုတ်ပြန်ထားသည်။

ယင်းစစ်သင်္ဘောသည် ကာဟာဒင်မိုဟာဂျာ-၆အမျိုးအစား အကြီးစား မောင်းသူမဲ့လေယာဉ်များ အတက်အဆင်း ပြုလုပ်နိုင်ကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

## နိုင်ဂျီးရီးယားမြောက်ပိုင်း၌ စာသင်ကျောင်းမီးလောင်မှုဖြစ်ပွား အနည်းဆုံး ကျောင်းသား ၁၇ ဦး သေဆုံးခဲ့ရ

အဘူဂျာ ဖေဖော်ဝါရီ ၆

နိုင်ဂျီးရီးယားနိုင်ငံ မြောက်ပိုင်း ဇမ်ဖာရာပြည်နယ် ဘာသာရေး စာသင်ကျောင်း တစ်ကျောင်း၌ မီးလောင်ကျွမ်းမှု ဖြစ်ပွားခဲ့ရာ အနည်းဆုံး ကျောင်းသား ၁၇ ဦး သေဆုံးခဲ့ကြောင်း ဇမ်ဖာရာပြည်နယ် တာဝန်ရှိသူများက ဖေဖော်ဝါရီ ၅ ရက်တွင် ထုတ်ဖော်ပြောကြားခဲ့သည်။

မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ရာ ဘာသာရေးစာသင်ကျောင်းသည် ကိုရန်နာမာခရိုင်အမည်ရှိမြို့၌ တည်ရှိကြောင်း ဇမ်ဖာရာပြည်နယ် ရဲတပ်ဖွဲ့၏အဆိုအရ သိရသည်။

ဖေဖော်ဝါရီ ၄ ရက် ညပိုင်းတွင် ဖြစ်ပွားခဲ့သည့် အဆိုပါစာသင်ကျောင်းမီးလောင်မှုတွင် အသက် ခုနစ်နှစ်နှင့် ၁၇ နှစ်ကြား ကလေး ၁၇ဦးသေဆုံးခဲ့ရကြောင်း ဇမ်ဖာရာပြည်နယ်ရဲတပ်ဖွဲ့က သတင်းထုတ်ပြန်ထားသည်။

ယင်းအပြင် စာသင်ကျောင်း မီးလောင်မှုကြောင့် ကျောင်းသား ၁၂ ဦးလည်း မီးလောင်ဒဏ်ရာများ ရရှိခဲ့ကြောင်း ဇမ်ဖာရာပြည်နယ် ရဲတပ်ဖွဲ့က ပြောကြားထားသည်။


လက်ရှိအချိန်တွင် စာသင်ကျောင်းမီးလောင်ကျွမ်းမှုဖြစ်ပွားရခြင်း၏အကြောင်းရင်းကို ဇမ်ဖာရာပြည်နယ်ရဲတပ်ဖွဲ့က စုံစမ်းစစ်ဆေးနေဆဲဖြစ်သည်။

ဒေသခံများ၏အဆိုအရ မီးလောင်ကျွမ်းမှုသည် စာသင်ကျောင်းအနီး နေအိမ်တစ်အိမ်တွင် စတင်ခဲ့ပြီးနောက် စာသင်ကျောင်းကိုပါ ဆက်လက်ကူးစက်လောင်ကျွမ်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref : RT
Trs : KKO

# SCIENCE AND TECHNOLOGY

## Europa Clipper အာကာသယာဉ်က ကမ္ဘာဂြိုဟ်နှင့် ကြာသပတေးဂြိုဟ်ကြား အာကာသဟင်းလင်းပြင်အတွင်းရှိ ကြယ်များကို ဓာတ်ပုံရိုက်ကူးလေ့လာခဲ့



**ဝါရှင်တန် ဖေဖော်ဝါရီ ၆**

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)၏ Europa Clipper အာကာသယာဉ်သည် ကြာသပတေးဂြိုဟ်စနစ်ဆီသို့ ဦးတည်ပျံသန်းနေစဉ် ကမ္ဘာဂြိုဟ်နှင့် ကြာသပတေးဂြိုဟ်ကြား အာကာသ ဟင်းလင်းပြင်အတွင်းရှိ ကြယ်များကို ဓာတ်ပုံရိုက်ကူးလေ့လာခဲ့ကြောင်း ဖေဖော်ဝါရီ ၅ ရက်သတင်းများအရ သိရသည်။

Europa Clipper အာကာသယာဉ်သည် Star Tracker အမည်ရှိ ကင်မရာစနစ်နှစ်ခုကိုအသုံးပြု၍ အလင်းနှစ် ၁၅၀ နှင့် ၃၀၀ ကြား အကွာအဝေးအတွင်း ရှိနေသော ကြယ်များကို ဓာတ်ပုံရိုက်ကူးလေ့လာခဲ့ခြင်းဖြစ်သည်။

Europa Clipper အာကာသယာဉ်သည် Star Tracker ကင်မရာစနစ်များကို စမ်းသပ်သည့်အနေဖြင့် အထက်ပါကြယ်များကို ဓာတ်ပုံရိုက်ကူးလေ့လာခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

နာဆာအဖွဲ့သည် Europa Clipper အာကာသယာဉ်ကို ၂၀၂၄ ခုနှစ် အောက်တိုဘာ ၁၄ ရက်တွင် Space-X ကုမ္ပဏီ၏ ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ကြာသပတေးဂြိုဟ်၏ယူရိုပါဂြိုဟ်ရံလကို လေ့လာရေးအတွက် Europa Clipper အာကာသယာဉ်ကို နာဆာက လွှတ်တင်ခဲ့ခြင်းဖြစ်ပြီး လက်ရှိတွင် Europa Clipper အာကာသယာဉ်သည် ကမ္ဘာမြေနှင့် မိုင်ပေါင်း ၅၃ သန်း အကွာတွင် ရောက်ရှိနေသည်ဟု နာဆာအဖွဲ့က သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

## တရုတ်အမျိုးသားအာကာသအေဂျင်စီက ချန်အာ-၇ မစ်ရှင်ဖြင့် မိုးပျံစက်ရုပ်ယာဉ်တစ်စင်းကို လပေါ်သို့စေလွှတ်ရန် စီစဉ်ထား


**ပေကျင်း ဖေဖော်ဝါရီ ၆**

တရုတ် အမျိုးသားအာကာသအေဂျင်စီသည် ချန်အာ-၇ မစ်ရှင်ဖြင့် မိုးပျံစက်ရုပ်ယာဉ်တစ်စင်းကို လပေါ်သို့စေလွှတ်ရန် စီစဉ်ထားကြောင်း ဖေဖော်ဝါရီ ၅ ရက်သတင်းများအရ သိရသည်။

အဆိုပါမိုးပျံစက်ရုပ်ယာဉ်သည် လကမ္ဘာတောင်ဝင်ရိုးစွန်းနယ်မြေ၌ ရေခဲတော်များ ရှိမရှိ ရှာဖွေစူးစမ်းမည်ဖြစ်ကြောင်း တရုတ်အမျိုးသား အာကာသအေဂျင်စီ တာဝန်ရှိသူများက ပြောကြားသည်။

ချန်အာ-၇ မစ်ရှင်တွင် လပတ်အာကာသယာဉ်တစ်စင်း၊ လဆင်းယာဉ်တစ်စင်း၊ လမျက်နှာပြင်လေ့လာရေးယာဉ် တစ်စင်းနှင့် မိုးပျံစက်ရုပ်ယာဉ်တို့ဖြင့် ဖွဲ့စည်းထားကြောင်း သိရသည်။

လမျက်နှာပြင်ပေါ်သို့ ဆင်းသက်ပြီးချိန်တွင် လမျက်နှာပြင် လေ့လာရေးယာဉ်၊ လဆင်းယာဉ်နှင့် မိုးပျံစက်ရုပ်ယာဉ်တို့က လကမ္ဘာစူးစမ်းလေ့လာရေးလုပ်ငန်းများကို ပူးတွဲပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။



ချန်အာ-၇ မစ်ရှင်ဖြင့် လပေါ်သို့ ပို့ဆောင်မည့် မိုးပျံစက်ရုပ်ယာဉ်တွင် စက်ရုပ်ခြေထောက်များလည်း တပ်ဆင်ထားရာ လူသားများကဲ့သို့ပင် ကုန်းမြင့်များအပေါ် တက်ရောက်နိုင်သည်ဟု တရုတ်သိပ္ပံပညာရှင်များက ပြောကြားကြောင်း သိရသည်။

တရုတ်နိုင်ငံသည် ချန်အာ-၇ လကမ္ဘာ လေ့လာရေးမစ်ရှင်ကို ၂၀၂၆ ခုနှစ်တွင် လွှတ်တင်ရန်စီစဉ်ထားကြောင်း သိရသည်။

Ref : Xinhua News

Trs : KKO

## လကမ္ဘာတောင်ဝင်ရိုးစွန်းဒေသရှိ ရောမချောက်နက်ကြီးနှစ်ခုက ဂြိုဟ်သိမ်ဝင်တိုက်မှုကြောင့် ၁၀ မိနစ်သာသာကာလအတွင်း ပေါ်ထွက်လာရခြင်းဖြစ်

**ဝါရှင်တန် ဖေဖော်ဝါရီ ၆**

လကမ္ဘာ တောင်ဝင်ရိုးစွန်းဒေသရှိရောမချောက်နက်ကြီးနှစ်ခုသည် ဂြိုဟ်သိမ်ဝင်တိုက်မှုကြောင့် ၁၀ မိနစ်သာသာ ကာလအတွင်း ပေါ်ထွက်လာရခြင်းဖြစ်ကြောင်း သိပ္ပံပညာရှင်များက ဖေဖော်ဝါရီ ၅ ရက်တွင် ပြောကြားသည်။

အမေရိကန် သိပ္ပံပညာရှင်များသည် လကမ္ဘာတောင်ဝင်ရိုးစွန်း ရှရိုးဒင်ဂျားဥက္ကာချိုင့်ဝှမ်းလွင်ပြင်ရှိ ရောမချောက်နက်ကြီးနှစ်ခုကို လေ့လာခဲ့ကြသည်။

လေ့လာချက်မှပေါ်ထွက်လာသော ရလဒ်များအရ ၎င်းချောက်နက်ကြီးနှစ်ခုသည် လွန်ခဲ့သောနှစ်ပေါင်း ၃ ဒသမ ၇ ဘီလီယံခန့်က လကမ္ဘာကို ဂြိုဟ်သိမ် သို့မဟုတ် ကြယ်တံခွန် ဝင်တိုက်ချိန်တွင် ပေါ်ထွက်လာခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်ဖြစ်ပွားချိန်တွင် ပေါ်ထွက်လာသည့် ဂြိုဟ်သိမ် သို့မဟုတ် ကြယ်တံခွန်အပိုင်းအစများမှာ တစ်နာရီလျှင် မိုင် ၂၂၀၀ နှုန်းဖြင့် လမျက်နှာပြင်ပေါ်၌ လွှတ်ထွက်ခဲ့ရာ ၁၀ မိနစ်အတွင်း မှာပင် ရှရိုးဒင်ဂျားနယ်မြေ၌ ရောမချောက်နက်ကြီးနှစ်ခု ပေါ်ထွက်လာခြင်းဖြစ်ကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

ရှရိုးဒင်ဂျားနယ်မြေရှိ ချောက်နက်နှစ်ခုအနက် ဗဲလ်လစ်ပလန့် အမည်ရှိ ချောက်နက်မှာ ၁၇၄ မိုင်ရှည်၍ ၂ ဒသမ ၂ မိုင်နက်ရှိုင်းပြီး ဗဲလ်လစ်ရှရိုးဒင်ဂျား အမည်ရှိ ချောက်နက်မှာ ၁၆၈ မိုင်ရှည်လျားကာ ၁ ဒသမ ၇ မိုင်နက်ရှိုင်းသည်။

အမေရိကန်သိပ္ပံပညာရှင်များသည် အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)၏ လကမ္ဘာကင်းထောက် အာကာသယာဉ်အကူအညီဖြင့် အထက်ပါချောက်နက်နှစ်ခုကို လေ့လာခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref : Russia Today

Trs : KKO

# HEALTH

## လူသားတို့၏ဦးနှောက်အတွင်း ပလတ်စတစ်အမှုန်အမွှားများစုစည်းမှု ယခင်ကထက်ပိုမြင့်မား

**နယူးယောက် ဖေဖော်ဝါရီ ၆**

လူသားတို့၏ဦးနှောက်အတွင်း ပလတ်စတစ် အမှုန်အမွှားများ စုစည်းမှုမှာ ရှေးယခင်ကထက်ပို၍ မြင့်မားလာကြောင်း သုတေသနပညာရှင်များက ဖေဖော်ဝါရီ ၅ ရက်တွင် ပြောကြားသည်။

အမေရိကန်နိုင်ငံ နယူးမက္ကဆီကိုတက္ကသိုလ်မှ သုတေသနပညာရှင်များသည် ၂၀၂၄ ခုနှစ်အတွင်း ကွယ်လွန်ခဲ့သူများ၏ ဦးနှောက်တစ်ရှူးနမူနာများနှင့် ၂၀၁၆ခုနှစ်အတွင်း ကွယ်လွန်ခဲ့သူများ၏ ဦးနှောက်တစ်ရှူး နမူနာများကို နှိုင်းယှဉ် လေ့လာခဲ့ကြကြောင်း သိရသည်။

လေ့လာချက်မှပေါ်ထွက်လာသည့်ရလဒ်များအရ ၂၀၂၄ ခုနှစ်တွင်ကွယ်လွန်ခဲ့သူများ၏ ဦးနှောက်အတွင်း ပလတ်စတစ်အမှုန်အမွှားများ စုစည်းမှုပမာဏမှာ ၂၀၁၆ ခုနှစ်တွင် ကွယ်လွန်ခဲ့သူများထက် ၅၀ ရာခိုင်နှုန်းပိုမြင့်မားသည်ကို တွေ့ရကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

ထို့ပြင် ဦးနှောက်စွမ်းဆောင်ရည်ထိခိုက်ပျက်စီးမှုရောဂါ (Dementia) ဖြင့် ကွယ်လွန်ခဲ့သူများ၏ ဦးနှောက်အတွင်း ပလတ်စတစ် အမှုန်အမွှားများ စုစည်းမှုမှာလည်း Dementia မရှိဘဲ ကွယ်လွန်ခဲ့သူများထက် သိသိသာသာ ပိုမြင့်မားသည်ဟု အမေရိကန် သုတေသနပညာရှင်များက ဖော်ထုတ်တွေ့ရှိခဲ့ကြောင်း သိရသည်။

လူသားတို့၏ဦးနှောက်အတွင်း အများဆုံး စုစည်းနေတတ်သည့် ပလတ်စတစ် အမှုန်အမွှားများမှာ ပလတ်စတစ်အိတ်များ၊ ရေသန့်ဘူးများမှ ပေါ်ထွက်လာတတ်သော Polyethylene ခေါ် ပလတ်စတစ်တစ်မျိုးဖြစ်ကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

## ကျောက်ကပ်ပျက်စီးနေသော လူနာများ၌ ဝက်ကျောက်ကပ်အစားထိုးမည့် ကမ္ဘာ့ပထမဆုံး ဆေးပညာစမ်းသပ်ခွင့်ပေးရန် FDA သဘောတူ

**နယူးယောက် ဖေဖော်ဝါရီ ၆**

ကျောက်ကပ်ပျက်စီးနေသော လူနာများ၌ ဝက်သတ္တဝါများ၏ ကျောက်ကပ်အစားထိုးထည့်သွင်းမည့် ကမ္ဘာ့ပထမဆုံး ဆေးပညာစမ်းသပ်မှုကို ခွင့်ပြုပေးရန် အမေရိကန်အစိုးရ အစားအစာနှင့် ဆေးဝါးလုံခြုံရေးအေဂျင်စီ (FDA) က သဘောတူထားကြောင်း ဖေဖော်ဝါရီ၅ရက်သတင်းများအရ သိရသည်။

လူသားလူနာများ၌ ဝက်ကျောက်ကပ်အစားထိုးထည့်သွင်းမှုများကို United Therapeutics Corp နှင့် e Genesis အမည်ရှိ ဇီဝနည်းပညာကုမ္ပဏီများက ပြုလုပ်မည်ဖြစ်သည်။

အထက်ပါ စမ်းသပ်မှုများ အောင်မြင်ခဲ့ပါက ကိုယ်တွင်းအင်္ဂါများ အစားထိုးထည့်သွင်းကုသမှုလောက တစ်ခေတ်ဆန်းလာနိုင်ပြီး ကျောက်ကပ် အလှူရှင်ရှားပါးမှုပြဿနာကိုလည်း ဖြေရှင်းနိုင်မည်ဖြစ်ကြောင်း သိရသည်။

ကျောက်ကပ်အစားထိုးထည့်သွင်းမှုကို United Therapeutics Corp ကုမ္ပဏီက ကျောက်ကပ်ပျက်စီးနေသူ လူနာခြောက်ဦးနှင့် စတင်ရန်စီစဉ်ထားပြီး နောက်ပိုင်းတွင် လူနာ ဦးရေ ၅၀ ထိ ထပ်တိုးမည်ဖြစ်ကြောင်း သိရသည်။

e Genesis ကုမ္ပဏီကမူ စမ်းသပ်မှုကို လူနာသုံးဦးဖြင့်စတင်ပြီး နောက်ပိုင်းတွင်လူနာအရေအတွက်ကို အဆင့်ဆင့်တိုးရန် စီစဉ်ထားကြောင်း သိရသည်။

Ref : Russia Today

Trs : KKO



## နိုင်ငံတကာ အားကစားသတင်းများ

## Abu Dhabi Open တင်းနစ်ပြိုင်ပွဲ တတိယအဆင့်သို့ အွန်ဂျပ်ဘာတက်ရောက်

**အဘူဒါဘီ ဖေဖော်ဝါရီ ၆**

ယူအေအီးနိုင်ငံ အဘူဒါဘီမြို့တွင် ကျင်းပနေသည့် Abu Dhabi Open တင်းနစ်ပြိုင်ပွဲ ဒုတိယအဆင့်ပွဲစဉ်တစ်ပွဲအဖြစ် တူနီးရှားတင်းနစ်မယ် အွန်ဂျပ်ဘာနှင့် ဂျပန်တင်းနစ်မယ် ဝါကာနာတို့ ယှဉ်ပြိုင်ကစားခဲ့ရာ အွန်ဂျပ်ဘာက (၆-၃ ၊ ၆-၃) ရလဒ်ဖြင့်အနိုင်ရရှိကာ တတိယအဆင့်သို့ တက်ရောက်ခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ဝါကာနာသည် အသက် ၁၇နှစ်အရွယ်သာရှိသေးသည့် ပြိုင်ပွဲဝင်တစ်ဦးဖြစ်ပြီး လက်ရည်စစ်ပွဲအဆင့်မှ ဒုတိယအဆင့်သို့တက်ရောက်လာခဲ့သူဖြစ်သည်။

ဝါကာနာအနေဖြင့် ဝါရင့်တင်းနစ်မယ်တစ်ဦးဖြစ်သလို ကမ္ဘာ့အဆင့် တင်းနစ်မယ်ဖြစ်သည့် အွန်ဂျပ်ဘာအား ရှုံးနိမ့်ခဲ့ရသော်လည်း အကောင်းဆုံးတုံ့ပြန်နိုင်ခဲ့သည်။

အွန်ဂျပ်ဘာက ဝါကာနာသည် အနာဂတ်တွင် တောက်ပလာနိုင်သည့် ဆယ်ကျော်သက်တင်းနစ်မယ်တစ်ဦးဖြစ်ကြောင်း၊ ကစားရခက်ခဲသည့် ပြိုင်ဘက်ကောင်းတစ်ဦးဖြစ်ကြောင်းလည်း ပွဲအပြီးတွင် ချီးကျူးခဲ့သည်။

ဝါကာနာသည် ပြီးခဲ့သည့် ဇန်နဝါရီလက ဩစတြေးလျနိုင်ငံတွင် ကျင်းပခဲ့သည့် Australian Open Junior တင်းနစ်ပြိုင်ပွဲတွင် ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့ပြီး Australian Open Junior ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့သော ပထမဆုံး ဂျပန်တင်းနစ်မယ်အဖြစ်လည်း မှတ်တမ်းဝင်ခဲ့ကြောင်း သိရသည်။

Ref : Xinhua

Trs : AZL

## အက်ဖ်အေဖလား စတုတ္ထအဆင့် ပွဲကြိုသုံးသပ်ချက်

ML

**ဘရိုက်တန် Vs ချဲလ်ဆီး**

ကစားမည့်ရက်/အချိန် ၉-၂-၂၀၂၅ (နံနက် ၀၂:၃၀နာရီ)

နောက်ဆုံးတွေ့ဆုံမှုရလဒ်

ချဲလ်ဆီး ၄ - ၂ ဘရိုက်တန်

နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်

| | | | | |
|---|---|---|---|---|
| ဘရိုက်တန် | - | ဝေး(နိုင်) | အိမ်(ရှုံး) | ဝေး(ရှုံး) |
| ချဲလ်ဆီး | - | အိမ်(နိုင်) | ဝေး(ရှုံး) | အိမ်(နိုင်) |

ဘရိုက်တန်အသင်းဟာ အဓိကကစားသမားတွေ ဒဏ်ရာရနေတာကြောင့် နောက်ဆုံးနှစ်ပွဲဆက်မှာ တိုက်စစ်က ဂိုးမရခဲ့ဘဲ ခံစစ်ကပေးဂိုး ရှစ်ဂိုးထိရှိခဲ့တာကိုတွေ့ရမှာပါ။ ချဲလ်ဆီးအသင်းကလဲ ဒဏ်ရာရကစားသမားများပေမဲ့ ကစားသမားစုဖွဲ့မှုကောင်းတာကြောင့် ကစားပုံကျဆင်းသွားခြင်းမရှိလို့ နောက်ဆုံးငါးပွဲမှာ မန်စီးတီးကိုသာရှုံးခဲ့ပြီး တိုက်စစ်က ၁၃ ဂိုးထိ သွင်းယူနိုင်ခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် စုဖွဲ့မှုကောင်းပြီး ဆုဖလားရဖို့ကြိုးစားနေတဲ့ ချဲလ်ဆီးကိုပဲ အားပေးရမှာပါ။

**ခန့်မှန်းရလဒ် - ဘရိုက်တန် ၁ - ၂ ချဲလ်ဆီး**

## အားကစားသတင်းအတိုအထွာများ

- ဂျာမန်ပိုကယ်ဖလား ကွာတားဖိုင်နယ်အဆင့်တွင် လေဗာကူဆင်အသင်းနှင့် ကိုလုံးအသင်းတို့ တွေ့ဆုံခဲ့ရာ လေဗာကူဆင်အသင်းက အချိန်ပိုသွင်းဂိုး ၃-၂ ဂိုးဖြင့် အနိုင်ရခဲ့သဖြင့် ဆီမီးဖိုင်နယ်သို့ တက်ရောက်ခဲ့သည်။
- ရီးရဲလ်မက်ဒရစ်အသင်းနှင့် လီဂါနက်အသင်းတို့ ကစားခဲ့သည့် ကိုပါဒယ်ရေးဖလား ကွာတားဖိုင်နယ်ပွဲစဉ်တွင် ရီးရဲလ်မက်ဒရစ်အသင်းက သုံးဂိုးနှစ်ဂိုးဖြင့် အနိုင်ရခဲ့သောကြောင့် ဆီမီးဖိုင်နယ်သို့ တက်ရောက်ခဲ့ကြောင်း သိရသည်။
- ရီးရဲလ်မက်ဒရစ်အသင်းသည် အယ်ဖွန်ဆိုဒေးဗစ်ကို ခေါ်ယူရန်မဖြစ်နိုင်သဖြင့် ၂၀၂၆ ခုနှစ်တွင် စာချုပ်ကုန်ဆုံးမည့် အေစီမီလန်အသင်းမှ တောင်ပံခံစစ်ကစားသမား သီယိုဟာနန်ဒက်စ်ကိုသာ ခေါ်ယူရန်ကြိုးပမ်းခဲ့ရာ မန်စီးတီးအသင်းနှင့် အပြိုင်ခေါ်ယူရမည်ဖြစ်ကြောင်း သိရသည်။ ML

## နယူးကာဆယ်အသင်း ကွာရာဘောင်းဖလား ဗိုလ်လုပွဲသို့တက်ရောက်



**လန်ဒန် ဖေဖော်ဝါရီ ၆**

ကွာရာဘောင်းဖလား ဆီမီးဖိုင်နယ် ဒုတိယပွဲစဉ်အဖြစ် ကစားခဲ့သည့် နယူးကာဆယ်အသင်းနှင့် အာဆင်နယ်အသင်းတို့ ပွဲစဉ်တွင် နယူးကာဆယ်အသင်းက နှစ်ဂိုး ဂိုးမရှိဖြင့်အနိုင်ရခဲ့သဖြင့် နှစ်ကျော့ပေါင်းရလဒ် လေးဂိုး ဂိုးမရှိဖြင့် အာဆင်နယ်အသင်းကို အနိုင်ယူ၍ ဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့ကြောင်း သိရသည်။

နယူးကာဆယ် အသင်းသည် ယခုနှစ်ကွာရာဘောင်းဖလားပြိုင်ပွဲတွင် ပရီးမီးယားလိဂ်ပြိုင်ဘက်များဖြစ်သည့် နော်တင်ဟမ်၊ ချဲလ်ဆီး၊ ဘရန့်ဖို့ဒ်အသင်းတို့ကို အနိုင်ယူ၍ ဆီမီးဖိုင်နယ်သို့ တက်ရောက်ခဲ့ပြီး အာဆင်နယ်အသင်းနှင့်တွေ့ဆုံခဲ့ရာ ပထမအကျော့ အဝေးကွင်းပွဲစဉ်တွင် အစ်ဆက်ခ်၊ ဂေါ်ဒွန်တို့၏သွင်းဂိုးများဖြင့် အနိုင်ရခဲ့ပြီး ယခုပွဲစဉ်တွင် ခံစစ်အသားပေး၍ တန်ပြန်တိုက်စစ်ဖြင့်ကစားခဲ့ရာ ဘောလုံးပိုင်ဆိုင်မှု အသာမရခဲ့သော်လည်း ထိရောက်သည့် ဂိုးပေါက်ကန်သွင်းမှုများကြောင့် ပွဲချိန်မိနစ် ၂၀ တွင် မာဖီနှင့် ပွဲချိန် ၅၂ မိနစ်တွင် ဂေါ်ဒွန်တို့က ဦးဆောင်ဂိုးများ ထပ်မံသွင်းယူနိုင်ခဲ့သဖြင့် နှစ်ကျော့ပေါင်းရလဒ် လေးဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့ကြောင်း သိရသည်။

နယူးကာဆယ် အသင်းသည် ယခုဖလားပြိုင်ပွဲတွင် ၁၉၇၅ ခုနှစ်နောက်ပိုင်းက နောက်ဆုံးဆုဖလားရရှိခဲ့ပြီးနောက် ၂၀၀၃ ခုနှစ်က ဗိုလ်လုပွဲပြန်လည်တက်ရောက်နိုင်ခဲ့သော်လည်း မန်ယူအသင်းကို နှစ်ဂိုး ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သဖြင့် ဆုဖလားနှင့် ထပ်မံလွဲချော်ခဲ့ကြောင်း သိရသည်။

လက်ရှိတွင် ဗိုလ်လုပွဲတက်ရောက်ခဲ့သည့် နယူးကာဆယ်အသင်းသည် စပါးအသင်းနှင့် လီဗာပူးအသင်းတို့မှ အနိုင်ရသည့်အသင်းနှင့် ကစားရမည်ဖြစ်သော်လည်း စပါးအသင်းက ပထမအကျော့ပွဲစဉ်တွင် လီဗာပူးအသင်းကို တစ်ဂိုးဂိုးမရှိဖြင့် အနိုင်ရခဲ့သဖြင့် ဒုတိယအကျော့ပွဲစဉ်တွင် သရေရလဒ်ကစားနိုင်ပါက ဗိုလ်လုပွဲတက်ရောက်နိုင်မည့်အခွင့်အရေးကောင်းများရှိနေပြီး ဗိုလ်လုပွဲကို လာမည့် မတ် ၁၇ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

Ref : Goal.com

Trs : ML

## ကိုပါအီတာလီယာဖလား ဆီမီးဖိုင်နယ်အဆင့်သို့ အေစီမီလန်အသင်းတက်ရောက်

**မီလန် ဖေဖော်ဝါရီ ၆**

ကိုပါအီတာလီယာ ဖလား ကွာတားဖိုင်နယ်ပွဲစဉ်အဖြစ် ဆန်စီယိုကစားကွင်းတွင် အေစီမီလန်အသင်းနှင့် ရိုးမားအသင်းတို့ ကစားခဲ့ရာ အေစီမီလန်အသင်းက သုံးဂိုးတစ်ဂိုးဖြင့်အနိုင်ရခဲ့ပြီး ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့သည်။

အဆိုပါပြိုင်ပွဲတွင် ဆုဖလားငါးကြိမ်ထိ ရရှိထားသည့် အေစီမီလန်အသင်းသည် ၁၆ သင်းအဆင့်တွင် ဆက်ဆူအိုလိုအသင်းနှင့်တွေ့ဆုံခဲ့ရာ ခြောက်ဂိုးတစ်ဂိုးဖြင့် ဂိုးပြတ်အနိုင်ရပြီး ယခုပွဲစဉ်တွင် ရိုးမားအသင်းကို ဘောလုံးပိုင်ဆိုင်မှုအသာဖြင့် ကစား၍ သုံးဂိုးတစ်ဂိုးဖြင့် အနိုင်ရခဲ့သဖြင့် ဆီမီးဖိုင်နယ်အဆင့်သို့ ရောက်ရှိခဲ့ခြင်းဖြစ်သည်။

အေစီမီလန် အသင်းသည် ရိုးမားအသင်းနှင့် ပွဲစဉ်တွင် ချဲလ်ဆီးအသင်းမှ အငှားခေါ်ယူထားသည့် တိုက်စစ်မှူး ဂျာအိုဖီးလစ်နှင့် ရိုးမားအသင်းမှ အငှားခေါ်ယူထားသည့် အေဘရာဟမ်တို့၏ ခြေစွမ်းပြသွင်းဂိုးများဖြင့် နိုင်ပွဲရခဲ့ပြီး ပွဲချိန် ၁၇ မိနစ်နှင့် ၄၃ မိနစ်တွင် အေဘရာဟမ်၊ ပွဲချိန် မိနစ် ၇၀ တွင် ဂျာအိုဖီးလစ်တို့က ဂိုးများသွင်းယူနိုင်ခဲ့ကာ ရိုးမားအသင်းအတွက် ချေပဂိုးကို ပွဲချိန် ၅၆ မိနစ်တွင် တိုက်စစ်မှူး ဒိုဘိခ်က သွင်းယူပေးခဲ့သောကြောင့် ပွဲပြီးဆုံးချိန်တွင် အေစီမီလန်အသင်းက ရိုးမားအသင်းကို သုံးဂိုးတစ်ဂိုးဖြင့် အနိုင်ရခဲ့ကြောင်း သိရသည်။

ဆီမီးဖိုင်နယ် အဆင့်သည် အိမ်ကွင်းအဝေးကွင်း နှစ်ကျော့ကစားရမည်ဖြစ်ပြီး ကွာတားဖိုင်နယ်ပွဲစဉ်အဖြစ် အင်တာမီလန်အသင်းနှင့် လာဇီယိုအသင်းတို့မှ အနိုင်ရသည့် အသင်းနှင့် ကစားရမည်ဖြစ်ကာ ဆီမီးဖိုင်နယ်ပွဲစဉ်ကို လာမည့် ဧပြီ ၃ ရက်တွင် ယှဉ်ပြိုင်မည်ဖြစ်သည်။

ပြီးခဲ့သည့်လက အီတလီစူပါဖလားရယူထားသည့် အေစီမီလန်အသင်းသည် ကိုပါအီတာလီယာဖလားပြိုင်ပွဲတွင်လည်း ဆုဖလားရရှိရန် မျှော်မှန်းထားပြီး အခြေအနေကောင်းများ ပိုင်ဆိုင်ထားကြောင်း သိရသည်။

Ref : Fotmob

Trs : ML



## နစ်ကိုးဂွန်ဇာလက်ဇ်အပြောင်းအရွှေ့မှ အသင်းဟောင်း ဘာစီလိုနာအသင်း ယူရို ၁၃ သန်းရရှိ

**မက်ဒရစ် ဖေဖော်ဝါရီ ၆**

ယခုနှစ် ဇန်နဝါရီကစားသမားအပြောင်းအရွှေ့ကာလတွင် ပေါ်တိုအသင်းမှ မန်စီးတီးအသင်းသို့ ပြောင်းရွှေ့ကစားခဲ့သည့် နစ်ကိုးဂွန်ဇာလက်ဇ်၏ အပြောင်းအရွှေ့မှ မန်စီးတီးအသင်းက ယူရို ၁၃ သန်းရရှိမည်ဖြစ်ကြောင်း သိရသည်။

အသက် ၂၃ နှစ်ရှိ နစ်ကိုးဂွန်ဇာလက်ဇ်သည် ဘာစီလိုနာအသင်းအကယ်ဒမီထွက် ကစားသမားတစ်ဦးဖြစ်ပြီး အသင်းတွင် ပွဲကစားခွင့်မရရှိသည့်အတွက် ပြီးခဲ့သည့် ၂၀၂၃ခုနှစ် နွေရာသီ ကစားသမားအပြောင်းအရွှေ့ကာလက ဘာစီလိုနာအသင်းမှ ပေါ်တိုအသင်းသို့ ပြောင်းရွှေ့ကစားခဲ့သူဖြစ်သည်။

နစ်ကိုးဂွန်ဇာလက်ဇ်သည် ပေါ်တိုအသင်းနှင့်အတူ ပြီးခဲ့သည့်ဘောလုံးရာသီကလည်း အကောင်းဆုံးခြေစွမ်းပြသနိုင်ခဲ့ပြီး အသင်းတွင် အဓိကကစားသမားအဖြစ် ပါဝင်ခွင့်ရရှိခဲ့ကာ ပြိုင်ပွဲစုံ ၃၉ ပွဲထိ ပါဝင်ကစားခွင့်ရရှိခဲ့ပြီး နှစ်ဂိုးသွင်းယူနိုင်ခဲ့ကာ သုံးကြိမ်ဂိုးဖန်တီးမှု ပြုလုပ်ပေးနိုင်ခဲ့သူဖြစ်သည်။

အလားတူ ယခုနှစ်ဘောလုံးရာသီတွင်လည်း အသင်းနှင့်အတူ ခြေစွမ်းပြသလျက်ရှိနေပြီး ပြိုင်ပွဲစုံ ၂၉ ပွဲထိ ပါဝင်ကစားခွင့်ရရှိခဲ့ပြီး နောက် မန်စီးတီးအသင်းက အဓိက ကွင်းလယ်ကစားသမား ရိုဒရီရာသီကုန်ထိ အနားယူရမည်ဖြစ်သည့်အတွက် ဇန်နဝါရီကစားသမားအပြောင်းအရွှေ့ကာလတွင် နစ်ကိုးဂွန်ဇာလက်ဇ်ကို ခေါ်ယူခဲ့ခြင်းဖြစ်သည်။

နစ်ကိုးဂွန်ဇာလက်ဇ်ကို မန်စီးတီးအသင်းက ပြောင်းရွှေ့ကြေးယူရိုသန်း ၆၀ဖြင့် ၂၀၂၉ခုနှစ်ထိ စာချုပ်ချုပ်ဆိုကာ ခေါ်ယူခဲ့ခြင်းဖြစ်ပြီး ဘာစီလိုနာအသင်းက ဂွန်ဇာလက်ဇ်ကို ပေါ်တိုအသင်းထံ ရောင်းချစဉ်ကတည်းက ၎င်းကို အခြားအသင်းထံရောင်းချမည်ဆိုပါက ဘာစီလိုနာအသင်းကို ပြောင်းရွှေ့ကြေးမှ ယူရို ၁၃ သန်းပေးချေရမည်ဟု ထည့်သွင်း ချုပ်ဆိုထားသည့်အတွက် ပေါ်တိုအသင်းအနေဖြင့် နစ်ကိုးဂွန်ဇာလက်ဇ်အတွက် ရရှိသည့်ပြောင်းရွှေ့ကြေး ယူရိုသန်း ၆၀မှ ယူရို ၁၃သန်းကို ဘာစီလိုနာအသင်းထံ ပေးချေသွားရမည်ဖြစ်ကြောင်း သိရသည်။

Ref : Fabrizio Romano

Trs : STA

# ပြိုင်ဘက်အသင်းကစားသမားအောင်ပွဲခံသည့်ပုံစံဖြင့် လှောင်ပြောင်အောင်ပွဲခံပါက အရေးယူမှုပြုလုပ်ရန် ပရီးမီးယားလိဂ်အဖွဲ့ချုပ်ပြင်ဆင်

**လန်ဒန် ဖေဖော်ဝါရီ ၆**

ပရီးမီးယားလိဂ် ဘောလုံးအဖွဲ့ချုပ်က ကစားသမားများအနေဖြင့် ဂိုးသွင်းယူပြီးပါက ပြိုင်ဘက်အသင်းကစားသမား အောင်ပွဲခံသည့်ပုံစံအတိုင်း လှောင်ပြောင်အောင်ပွဲခံခဲ့ပါက အရေးယူမှုပြုလုပ်နိုင်ရန်အတွက် စည်းမျဉ်းသစ်ရေးဆွဲရန် ပြင်ဆင်နေကြောင်း သိရသည်။




နောက်ပိုင်း ဘောလုံးလောကတွင် ကစားသမားများအနေဖြင့် ဂိုးသွင်းယူပြီးပါက ကိုယ်ပိုင်အောင်ပွဲခံသည့် ပုံစံများဖြင့် အသီးသီးအောင်ပွဲခံမှုများပြုလုပ်နေပြီး အထင်ကရအောင်ပွဲခံမှုများအဖြစ် ထိပ်တန်းကစားသမားများဖြစ်သည့် စီရော်နယ်ဒို၊ ဟာလန်းစသည့်ကစားသမားများ၏အောင်ပွဲခံမှုများသည် လူအများကြားတွင် ရေပန်းစားသည့် အောင်ပွဲခံမှုများဖြစ်နေသည်။

သို့သော် အချို့သောကစားသမားများအနေဖြင့်လည်း ဂိုးသွင်းယူပြီးပါက ပြိုင်ဘက်အသင်းကစားသမားကို ရည်ရွယ်ချက်ရှိရှိ လှောင်ပြောင်ကလဲ့စားချေလိုသည့်အနေဖြင့် ပြိုင်ဘက်အသင်းကစားသမား အောင်ပွဲခံသည့်ပုံစံအတိုင်း အောင်ပွဲခံပြီး လှောင်ပြောင်မှုများ လုပ်ဆောင်နေခြင်းဖြစ်သည်။

ပရီးမီးယားလိဂ် အဖွဲ့ချုပ်က ပွဲကစားချိန်များတွင် ပြိုင်ဘက်အသင်း ကစားသမားတစ်ဦးကို ရည်ရွယ်ချက်ရှိရှိ လှောင်ပြောင်သည့်အနေဖြင့် ဂိုးသွင်းယူပြီးပါက ပြိုင်ဘက် အသင်းကစားသမား၏အောင်ပွဲခံမှု ပုံစံအတိုင်း လှောင်ပြောင် အောင်ပွဲခံမှုများသည် နောက်ပိုင်းတွင် တွင်တွင်ကျယ်ကျယ် အသုံးပြုလာမည်ဆိုလျှင် မလိုလားအပ်သည့်အချင်းများမှုများ ဖြစ်ပွားလာနိုင်သည့်အတွက် အဆိုပါဖြစ်ရပ်ကို တားမြစ်ရန် စည်းမျဉ်းသစ်ထုတ်ပြန်လိုနေခြင်းဖြစ်သည်။

အာဆင်နယ် အသင်းက မန်စီးတီးအသင်းကို ငါးဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့် အမှတ်ပေးပွဲစဉ်တွင်လည်း အာဆင်နယ်အသင်း လူငယ်ကစားသမား လီဝစ်စကယ်လီသည် ဂိုးသွင်းယူပြီးနောက် ၎င်းကိုပထမအကျော့က လှောင်ပြောင်မှုများ လုပ်ဆောင်ခဲ့သည့် မန်စီးတီးအသင်းမှ ဟာလန်း၏ အောင်ပွဲခံသည့် ပုံစံအတိုင်းလှောင်ပြောင်ခဲ့သည့်ဖြစ်စဉ်မှ လူအများကြားနာမည်ကြီးလာခဲ့ပြီးနောက် ပရီးမီးယားလိဂ်အဖွဲ့ချုပ်က အဆိုပါဖြစ်ရပ်များကို တားမြစ်ရန် စတင် ကြိုးပမ်းလာခဲ့ကြောင်း သိရသည်။

Ref : One Football

Trs : STA

# တိုက်စစ်မှူး ဟယ်ရီကိန်း၏ သဘောတူစာချုပ်တွင် စာချုပ်ဖျက်သိမ်းကြေး ပါရှိခဲ့ဟုဆို

**မြူးနစ် ဖေဖော်ဝါရီ ၆**

ဘိုင်ယန်မြူးနစ် အသင်းသည် တိုက်စစ်မှူး ဟယ်ရီကိန်းကို စပါးအသင်းမှ ပြောင်းရွှေ့ကြေး စတာလင်ပေါင် သန်း ၁၀၀ ဖြင့် ခေါ်ယူခဲ့ရာတွင် ကစားသမားအနေဖြင့် အသင်းမှထွက်ခွာလိုပါက စာချုပ်ဖျက်သိမ်းကြေး ပါရှိခဲ့ကြောင်း သိရသည်။

အသက် ၃၁ နှစ်ရှိ တိုက်စစ်မှူး ဟယ်ရီကိန်းသည် ၂၀၂၃ ခုနှစ်က ဘိုင်ယန်မြူးနစ်အသင်းသို့ ရောက်ရှိခဲ့ပြီးနောက် တစ်နှစ်လုပ်ခ ယူရို ၂၅သန်းဖြင့် ၂၀၂၇ခုနှစ်ထိ လေးနှစ်စာချုပ် ချုပ်ဆိုထားသော်လည်း ကစားသမားအနေဖြင့် အသင်းမှ ထွက်ခွာလိုပါက ၂၀၂၅ ဇန်နဝါရီ အပြောင်းအရွှေ့ ကာလတွင် ပြောင်းရွှေ့ကြေး ယူရို သန်း ၈၀ ဖြင့်ထွက်ခွာနိုင်ပြီး ၂၀၂၆ ခုနှစ်မှ ထွက်ခွာပါက ပြောင်းရွှေ့ကြေး ယူရို သန်း ၆၀ ဖြင့် ထွက်ခွာနိုင်သည့် စာချုပ်ဖျက်သိမ်းကြေးပါရှိခဲ့ကြောင်း ဂျာမန်သတင်းစာများက ဖော်ပြခဲ့သည်။

၎င်းသည် စပါးအသင်းသို့ ၂၀၁၁ ခုနှစ်ကရောက်ရှိခဲ့ပြီးနောက် မီဝေါလ်အသင်း၊ နော့ဝစ်အသင်း၊ လက်စတာအသင်းတို့တွင် အငှားစာချုပ်များဖြင့် ကျင်လည်ခဲ့ရသော်လည်း ၂၀၁၃ ခုနှစ်တွင် အသင်းကြီးနှင့် စတင်ပွဲထွက်ခွင့်ရခဲ့ချိန်တွင် ခြေစွမ်းပြကစားနိုင်ခဲ့သဖြင့် အဓိက ကစားသမားအဖြစ် ပါဝင်ခွင့်ရခဲ့ပြီး ပြိုင်ပွဲစုံ ၄၂၈ ပွဲတွင် သွင်းဂိုး ၂၇၉ ဂိုးထိသွင်းယူနိုင်ခဲ့ကာ ပရီးမီးယားလိဂ်တွင် ၂၁၃ ဂိုးထိ သွင်းယူနိုင်ခဲ့သောကြောင့် တိုက်စစ်မှူး အလန်ရှီးယား ဂိုး ၂၆၀ နောက်တွင် ဒုတိယသွင်းဂိုး အများဆုံးကစားသမားအဖြစ် ရပ်တည်နိုင်ခဲ့သူဖြစ်သည်။

လက်ရှိတွင် တိုက်စစ်မှူး ဟယ်ရီကိန်းသည် ဘိုင်ယန်မြူးနစ်အသင်းတိုက်စစ်ပိုင်းကို ဦးဆောင်နေသူဖြစ်ကာ ပြိုင်ပွဲစုံ ၇၂ ပွဲတွင် သွင်းဂိုး ၇၀ ဂိုးထိ သွင်းယူနိုင်ခဲ့သောကြောင့် ဘွန်ဒက်လီဂါပြိုင်ပွဲတွင် တစ်ဦးချင်းမှတ်တမ်းကောင်းများပိုင်ဆိုင်ခဲ့ကြောင်း သိရသည်။

Ref : ESPN

Trs : ML

# မာဆယ်လို ပရော်ဖက်ရှင်နယ်ကစားသမားဘဝမှ အနားယူကြောင်း အတည်ပြုကြေညာ

**ရီယိုဒီဂျနေးရိုး ဖေဖော်ဝါရီ ၆**

ဘရာဇီးအသင်းနှင့်ရီးရဲလ်မက်ဒရစ်အသင်း ကစားသမားဟောင်းတစ်ဦးဖြစ်သည့် မာဆယ်လိုသည် ပရော်ဖက်ရှင်နယ်ကစားသမားဘဝမှအနားယူပြီဖြစ်ကြောင်း အတည်ပြုကြေညာခဲ့သည်။

အသက် ၃၆နှစ်ရှိ မာဆယ်လိုသည် ပရော်ဖက်ရှင်နယ် ကစားသမားဘဝကို ၂၀၀၅ ခုနှစ်က ဘရာဇီးကလပ် ဖလူမီနန်စီအသင်းနှင့် စတင်ခဲ့ပြီးနောက် ၂၀၀၇ခုနှစ်က ရီးရဲလ်မက်ဒရစ်အသင်းသို့ ပြောင်းရွှေ့ကစားခဲ့ကာ ဥရောပဘောလုံးလောကသို့ စတင်ရောက်ရှိခဲ့သူဖြစ်သည်။

မာဆယ်လိုသည် ရီးရဲလ်မက်ဒရစ်အသင်းသို့ ပြောင်းရွှေ့ကစားခဲ့ပြီးနောက် ပရော်ဖက်ရှင်နယ်ကစားသမားဘဝ အကောင်းဆုံးအချိန်များကို ပိုင်ဆိုင်ခဲ့ပြီး နှစ်ပေါင်းများစွာ အသင်းအဓိက ဘယ်တောင်ပံကစားသမားအဖြစ် ပါဝင်ခဲ့ကာ ဘောလုံးလောကတွင် အကောင်းဆုံးဘယ်နောက်ခံကစားသမားများမှတစ်ဦး အပါအဝင်ရပ်တည်နိုင်ခဲ့သူဖြစ်သည်။

မာဆယ်လိုသည် ရီးရဲလ်မက်ဒရစ်အသင်းတွင် ၂၀၀၇ခုနှစ်မှ စတင်ပြီး ပြီးခဲ့သည့် ၂၀၂၂ ခုနှစ် ဇွန်လထိ နှစ်ပေါင်း ၁၅နှစ်ခန့်ထိ ကစားခဲ့သူဖြစ်ပြီး အသင်းနှင့်အတူ ချန်ပီယံလိဂ်ဖလား၊စပိန်လာလီဂါဖလား၊ စပိန်စူပါဖလား၊ စပိန်ကိုပါဒယ်ရေးဖလား၊ ဥရောပစူပါဖလား၊ ကလပ်ကမ္ဘာ့ဖလားအစရှိသည့်ဆုဖလားများအပါအဝင် ပရော်ဖက်ရှင်နယ်ကစားသမားဘဝ အဓိကဆုဖလား ၃၁ကြိမ်ထိ ဆွတ်ခူးနိုင်ခဲ့ပြီး ဘောလုံးလောကတွင် ဆုဖလားအများဆုံး ကစားသမားများမှ တစ်ဦးအပါအဝင်ရပ်တည်နိုင်ခဲ့သူဖြစ်သည်။




မာဆယ်လိုသည် ရီးရဲလ်မက်ဒရစ်အသင်းတွင် ၂၀၀၇ခုနှစ်မှ ၂၀၂၂ခုနှစ်ထိ ပြိုင်ပွဲစုံ ၅၄၂ပွဲ ပါဝင်ကစားခဲ့ကာ ၃၈ဂိုးထိသွင်းယူနိုင်ခဲ့ပြီး၂၀၂၂ခုနှစ်က ရီးရဲလ်မက်ဒရစ်အသင်းနှင့်လမ်းခွဲခဲ့ပြီးနောက် အိုလံပီယာကို့စ်အသင်းနှင့် အသင်းဟောင်း ဖလူမီနန်စီအသင်းတို့ ထံအဆင့်အဆင့်ပြောင်းရွှေ့ကစားခဲ့ပြီး ပြီးခဲ့သည့် ၂၀၂၄ခုနှစ် နိုဝင်ဘာလက အသင်းနှင့်လမ်းခွဲခဲ့ပြီးနောက် ကလပ်အသင်းလက်မဲ့ဖြစ်နေရာမှ ယခုအခါ ပရော်ဖက်ရှင်နယ် ကစားသမားဘဝမှ အနားယူခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref : Goal.com

Trs : STA

# Vic Open ဂေါက်သီးရိုက်ပြိုင်ပွဲ အမှတ်ပေးဇယားကို မက်ဘရစ် ဦးဆောင်

**ဗစ်တိုးရီးယား ဖေဖော်ဝါရီ ၆**

သြစတြေးလျနိုင်ငံ ဗစ်တိုးရီးယားပြည်နယ်တွင် ကျင်းပနေသည့် Vic Open ဂေါက်သီးရိုက်ပြိုင်ပွဲ ပထမနေ့အပြီးတွင် သြစတြေးလျ ဂေါက်သီးရိုက်ကစားသမားမက်ဘရစ်က သတ်မှတ်ရိုက်ချက်ထက် ၁၀ ချက်လျော့ရိုက်ကာ အမှတ်ပေးဇယားကို ဦးဆောင်နေကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

သြစတြေးလျဂေါက်သီးရိုက်ကစားသမားဂီယာရီက သတ်မှတ်ရိုက်ချက်ထက် ရှစ်ချက်လျော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင်ရပ်တည်နေပြီး သြစတြေးလျဂေါက်သီးရိုက် ကစားသမား ဘာတစ္စတာ အပါအဝင် ပြိုင်ပွဲဝင်ခုနစ်ဦးက သတ်မှတ်ရိုက်ချက်ထက်ခုနစ်ချက်စီ လျော့ရိုက်ကာ အမှတ်ပေးဇယား၏ တတိယနေရာတွင် ပူးတွဲရပ်တည်လျက်ရှိသည်။

Vic Open ဂေါက်သီးရိုက်ပြိုင်ပွဲတွင် သြစတြေးလျဂေါက်သီးရိုက်ကစားသမားအများဆုံး ပါဝင်ယှဉ်ပြိုင်နေပြီး ဖိတ်ကြားထားသော နယူးဇီလန်ဂေါက်သီးရိုက်ကစားသမား ခုနစ်ဦး၊ အင်္ဂလန်ဂေါက်သီးရိုက်ကစားသမားတစ်ဦးနှင့် ဂျပန်ဂေါက်သီးရိုက်ကစားသမားနှစ်ဦးသာပြည်ပကစားသမားအနေဖြင့် ပါဝင်ယှဉ်ပြိုင်လျက်ရှိသည်။

သြစတြေးလျ ဂေါက်သီးရိုက်လောကအတွက် အရှိန်အဝါရှိသည့် ပြိုင်ပွဲတစ်ရပ်ဖြစ်ပြီး သြစတြေးလျဂေါက်သီးရိုက် ကစားသမားများ တန်ဖိုးထားရသည့် ဆုလည်းဖြစ်သည်။

ပထမနေ့အပြီး အမှတ်ပေးဇယားကို ဦးဆောင်ခွင့်ရသွားခဲ့သည့် မက်ဘရစ်သည် ပထမနေ့တွင် သတ်မှတ်ရိုက်ချက်ထက် ၁၀ ချက် လျော့ရိုက်နိုင်ခဲ့ခြင်းမှာ Vic Open ဂေါက်သီးရိုက်ပြိုင်ပွဲ သက်တမ်းတစ်လျှောက် ၁၈ကျင်းအပြီး သတ်မှတ်ရိုက်ချက်ထက်အများဆုံး လျော့ရိုက်နိုင်ခဲ့သည့် မှတ်တမ်းကောင်းတစ်ရပ်ကို ရရှိခဲ့ကြောင်း သိရသည်။

Ref : RT

Trs : AZL



# ကစားသမားဘဝမှအနားမယူမီ အသင်းဟောင်းစပို့တင်းလစ္စဘွန်းအသင်းထံ ပြန်လည်ပြောင်းရွှေ့မည်မဟုတ်ဟု စီရော်နယ်ဒိုအတည်ပြုပြောကြား

**လစ္စဘွန်း ဖေဖော်ဝါရီ ၆**

ပေါ်တူဂီအသင်းနှင့်အယ်နာဆာအသင်းဝါရင့်တိုက်စစ်ကစားသမား စီရော်နယ်ဒိုက မိမိအနေဖြင့် ပရော်ဖက်ရှင်နယ် ကစားသမားဘဝမှအနားမယူမီ အသင်းဟောင်း စပို့တင်းလစ္စဘွန်းအသင်းထံ ပြန်လည်ပြောင်းရွှေ့ကစားမည်မဟုတ်ဟု အတည်ပြုခဲ့သည်။

ပြီးခဲ့သည့် ဇန်နဝါရီ ၆ ရက်က အသက် ၄၀ ပြည့်မြောက်ခဲ့သည့် စီရော်နယ်ဒိုသည် ၎င်း၏ပရော်ဖက်ရှင်နယ် ကစားသမားဘဝကို အသင်းဟောင်း စပို့တင်းလစ္စဘွန်းအသင်းတွင်သာ အဆုံးသတ်သွားဖွယ်ရှိနေသည်ဟု သတင်းများကျယ်ကျယ်ပြန့်ပြန့် ထွက်ပေါ်နေသည့်အတွက် စီရော်နယ်ဒိုက ပြန်လည်ရှင်းလင်းခဲ့ခြင်းဖြစ်သည်။

စီရော်နယ်ဒိုသည် စပို့တင်းလစ္စဘွန်းအသင်းအကယ်ဒမီထွက် ကစားသမားတစ်ဦးဖြစ်ပြီး ၂၀၀၂ ခုနှစ်က အသင်းနှင့်ပရော်ဖက်ရှင်နယ်စာချုပ်ချုပ်ဆိုကာ စတင်ပါဝင်ကစားခဲ့သူဖြစ်ပြီး ၂၀၀၃ခုနှစ်တွင် မန်ယူအသင်းသို့ပြောင်းရွှေ့ကစားခဲ့ပြီးနောက် နည်းပြဖာဂူဆန်၏လက်အောက်၌ ကစားသမားဘဝအကောင်းဆုံး အချိန်များကိုပိုင်ဆိုင်ခဲ့ပြီး ဆုဖလားများဆွတ်ခူးနိုင်ခဲ့သည့်အပြင် ကမ္ဘာ့အကောင်းဆုံး ကစားသမားဆုကိုပင် ဆွတ်ခူးနိုင်ခဲ့ပြီးနောက် ၎င်း၏ပရော်ဖက်ရှင်နယ် ကစားသမားဘဝ အောင်မြင်မှုများကို မန်ယူအသင်းနှင့်အတူ စတင်နိုင်ခဲ့ခြင်းဖြစ်သည်။

ထို့နောက် စီရော်နယ်ဒိုသည် ရီးရဲလ်မက်ဒရစ်အသင်းနှင့် ဂျူဗင်တပ်အသင်းတို့ထံပြောင်းရွှေ့ခဲ့ပြီးနောက် ၂၀၂၁ ခုနှစ်က မန်ယူအသင်းထံ ပြန်လည်ပြောင်းရွှေ့ခဲ့သော်လည်း နည်းပြဟောင်းတန်ဟတ်နှင့် အဆင်မပြေဖြစ်ခဲ့ပြီး ၂၀၂၂ ခုနှစ်တွင် အယ်နာဆာအသင်းသို့ ပြောင်းရွှေ့ကစားခဲ့သူဖြစ်သည်။

စီရော်နယ်ဒိုက “စပို့တင်းလစ္စဘွန်းအသင်းက ကျွန်တော့်ရင်ထဲမှာအမြဲတမ်းရှိပါတယ်။ စပို့တင်းလစ္စဘွန်းအသင်း ပွဲစဉ်တွေကိုလဲ မကြာခဏ စောင့်ကြည့်ဖြစ်ပါတယ်။ ဒါပေမဲ့ ကစားသမားဘဝက အနားမယူမီ စပို့တင်းလစ္စဘွန်းအသင်းထံ ပြန်လည်ပြောင်းရွှေ့မှာမဟုတ်ပါဘူး”ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Fabrizio Romano

Trs : STA

# ရေတပ်ဆိုင်ရာစစ်ဆင်ရေးကို အပြောင်းအလဲဖြစ်လာစေမည့် တရုတ်၏ ဝေဟင်မှ ပင်လယ်ပြင်သွားဒရုန်းများ

တရုတ်နိုင်ငံသည် ရေငုပ်သင်္ဘောပေါ်မှ ပစ်လွှတ်နိုင်သည့် ကမ္ဘာ့ပထမဆုံးသော ဒရုန်းကို သုတေသနပြုတည်ဆောက်နိုင်ပြီဖြစ်သည့်အတွက် ပင်လယ်ပြင်နှင့် ဝေဟင်ကြားတွင် အကြိမ်ကြိမ်ချိတ်ဆက်ပျံသန်းနိုင်မည်ဖြစ်ပြီး နောက်ဆုံး၌ ပစ်လွှတ်လိုက်သော ရေငုပ်သင်္ဘောသို့ ပြန်လာနိုင်မည်ဖြစ်ကြောင်း အနောက်မြောက်ပိုင်းနည်းပညာတက္ကသိုလ်(NWPU) နှင့် တရုတ်လေခွင်းအားသုတေသနနှင့်ဖွံ့ဖြိုးတိုးတက်မှုစင်တာ(CARDC)တို့ရှိ သုတေသနပညာရှင်များ၏ ပြောကြားချက်ကို တရုတ်တောင်ပိုင်း နံနက်ခင်းသတင်းစာ(SCMP) က ကိုးကားဖော်ပြခဲ့သည်။

အမေရိကန်နိုင်ငံအနေဖြင့် တရုတ်(တိုင်ပေ) အရေးနှင့်စပ်လျဉ်း၍ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်(PLA)၏ ရေယာဉ်စုများကို တိုက်ခိုက်နိုင်ရေး တရုတ်ကမ်းခြေအနီးတွင် ရေငုပ်သင်္ဘောများ တပ်ဖြန့်ချထားပြီး ဒရုန်းများကို အုပ်စုလိုက်လွှတ်တင်နိုင်ရန်စဉ်းစားသုံးသပ်နေသည့်အချိန်တွင် တရုတ်နိုင်ငံသည် အဆိုပါစွမ်းဆောင်ရည်များကို ပိုင်ဆိုင်ထားရှိပြီး အမေရိကန်နိုင်ငံက ၎င်း၏တပ်ဖွဲ့များအတွက် မျှော်မှန်းထားသည်ထက်ပင် ပိုမိုသာလွန်သည့် အလားအလာရှိကြောင်း တရုတ်တောင်ပိုင်းနံနက်ခင်းသတင်းစာ (SCMP) က ဖော်ပြထားသည်။

Feiyi ဟု သိရှိထားသည့် တရုတ်တို့၏ ဝေဟင်မှ ပင်လယ်ပြင်သွားဒရုန်းအသစ်သည် ဖုံးကွယ်နိုင်မှုနှင့် သက်ရှင်ကြွင်းကျန်နိုင်မှု စွမ်းဆောင်ရည်များကို မြှင့်တင်နိုင်သည့် ပြိုင်ဘက်ကင်းတောင်ပံဒီဇိုင်းပါရှိသည်။ Feiyi ဒရုန်းသည် ရေအောက်တွင် ထိရောက်စွာ သွားလာလှုပ်ရှားနိုင်ပြီး လေထဲတွင် မြန်နှုန်းမြင့်လှုပ်ရှားစစ်ကစားနိုင်သောကြောင့် ပင်လယ်ရေကြောင်းကင်းထောက်ခြင်း၊ စောင့်ကြည့်ခြင်းနှင့် တိုက်ခိုက်ရေးမစ်ရှင်များအတွက် သင့်လျော်မှုရှိကြောင်း တရုတ်တောင်ပိုင်းနံနက်ခင်းသတင်းစာ (SCMP) က အစီရင်ခံထားသည်။

Feiyi ဒရုန်း၏ နောက်ဆုံးပေါ်နည်းပညာများကို တရုတ်နိုင်ငံ၏ ပြိုင်ဘက်ကင်းဒရုန်းထုတ်လုပ်မှုကွန်ရက်က အဆင့်မြှင့်တင်ထားရှိပြီး အနာဂတ်တွင် အမေရိကန်နိုင်ငံနှင့် ဖြစ်ပွားလာနိုင်သည့် ဒရုန်းများပါဝင်သော ရေတပ်ဆိုင်ရာပဋိပက္ခတွင် တရုတ်နိုင်ငံအတွက် ခေတ်မီနည်းပညာအဖြစ် အထောက်အကူဖြစ်လာစေနိုင်သည်။

အလားတူ အမေရိကန်ရေတပ်အနေဖြင့်လည်း ဝေဟင်နှင့် ရေအောက်တို့တွင် ပျံသန်းနိုင်သည့် မောင်းသူမဲ့ယာဉ်ဖြစ်သော Naviator ဒရုန်းကို စမ်းသပ်လျက်ရှိသည်။ War Zone ၏ ဖော်ပြချက်အရ ရေအောက်မောင်းသူမဲ့ယာဉ် UUV များက အလိုအလျောက်ပစ်လွှတ်ထိန်းချုပ်နိုင်ရန် Naviator ဒရုန်းကို ဒီဇိုင်းရေးဆွဲထားကြောင်းနှင့် ဝေဟင်နှင့်ရေအောက်ကြား ပျံသန်းနိုင်သောကြောင့် လိုက်လျောညီထွေတပ်ဖြန့်ချထားနိုင်မှု စွမ်းဆောင်ရည်ကို မြှင့်တင်နိုင်မည်ဖြစ်သည်။

Naviator ဒရုန်းသည် တိကျမှုရှိသော GPSနှင့် စွမ်းအင်ထိန်းချုပ်မှု၊ အာရုံခံစနစ်အမျိုးမျိုးနှင့် ဝန်စည်စလယ်များသယ်ဆောင်နိုင်သည့် စွမ်းဆောင်ရည်များပါဝင်ပြီး သမားရိုးကျရေအောက်မောင်းသူမဲ့ရေယာဉ်များထက် လျင်မြန်စွာ တပ်ဖြန့်ချထားနိုင်မည်ဖြစ်သည်။ အမေရိကန်ရေတပ်၏ Orca အကြီးစား မောင်းသူမဲ့ရေယာဉ်(XLUUV)သည် Naviator ဒရုန်းကို ပစ်လွှတ်နိုင်သည့် ပလက်ဖောင်းအဖြစ် အသုံးပြုနိုင်မည့် အလားအလာရှိနေသည်။

၎င်း မောင်းသူမဲ့ရေယာဉ်(XLUUV) သည် ရှိရင်းစွဲမောင်းသူမဲ့ရေယာဉ်များထက် ဝန်စည်စလယ်များ ပိုမိုသယ်ဆောင်နိုင်သောကြောင့် ပင်လယ်ကြမ်းပြင်မိုင်းခင်းမှုစစ်ဆင်ရေးအပြင် အမျိုးမျိုးသော မစ်ရှင်များကိုလည်း ထမ်းဆောင်နိုင်မည်ဖြစ်သည်။ ၎င်း၏ ဒီဇယ်အင်ဂျင်သုံး တွန်းကန်အားစနစ်သည် စွမ်းဆောင်ရည်များကို စမ်းသပ်နေဆဲဖြစ်သော်လည်း ရက် ၃၀ ကြာနှင့် ရေမိုင် ၆၅၀၀ ထိ အလိုအလျောက် မစ်ရှင်များ ထမ်းဆောင်နိုင်မည်ဖြစ်ကြောင်း War Zoneက ဖော်ပြထားသည်။

အဆိုပါဒရုန်းများ၏ နည်းဗျူဟာမြောက် သက်ရောက်မှုသည် အထပ်ထပ်သော ကာကွယ်ရေးစနစ်များကို ကျော်လွှားနိုင်စွမ်းရှိမည်ဖြစ်သည်။ သမားရိုးကျနှင့် အသံလွန်လက်နက်များ၏ ကန့်သတ်ချက်များကို ကျော်လွှားနိုင်ဖွယ်ရှိခြင်း၊ နယ်ပယ်မျိုးစုံနှင့် အရပ်မျက်နှာမျိုးစုံမှနေ၍ ဒရုန်းအုပ်များဖြင့် ရန်သူကို အသာစီးရယူတိုက်ခိုက်နိုင်စွမ်းရှိလာမည်ဖြစ်သည်။ ထို့ပြင် အဆိုပါဒရုန်းများသည် ထိုင်ဝမ်ရေလက်ကြား၊ တောင်တရုတ်ပင်လယ်နှင့် အိန္ဒိယသမုဒ္ဒရာတို့တွင် ရေအောက်တင်းမာမှုများ ဖြစ်ပေါ်လာစေနိုင်သည်။



တရုတ်နိုင်ငံ၏ ဝေဟင်မှ ပင်လယ်ပြင်သွား Feiyi ဒရုန်းကို တွေ့ရစဉ်။

အမေရိကန်လုံခြုံရေးစင်တာ (CNAS) သည် ထိုင်ဝမ်ရေလက်ကြားတွင် ရေအောက်မောင်းသူမဲ့ယာဉ်(UUV)များ၏ အခန်းကဏ္ဍနှင့်စပ်လျဉ်း၍ လေ့လာမှုပြုလုပ်ပြီးနောက် ရေအောက်မောင်းသူမဲ့ယာဉ်(UUV)များသည် တရုတ်နိုင်ငံ၏ ပင်လယ် ရေကြောင်းစောင့်ကြည့်မှုနှင့် နယ်မြေဝင်ရောက်မှု ဆန့်ကျင်ခြင်း၊ နယ်မြေငြင်းဆိုခြင်း (A2/AD)စွမ်းဆောင်ရည်များ မြှင့်တင်ရာတွင် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်လျက်ရှိကြောင်း အစီရင်ခံ ထားရှိသည်။

ရေအောက်မောင်းသူမဲ့ယာဉ်(UUV)များသည် ထောက်လှမ်းခြင်း၊ စောင့်ကြည့်ခြင်းနှင့် ကင်းထောက်ခြင်း(ISR)စစ်ဆင်ရေးများ ထမ်းဆောင်ခြင်း၊ ရေတပ်ဆိုင်ရာ လှုပ်ရှားမှုများကို စောင့်ကြည့်ခြင်း၊ ပင်လယ်ပြင်ကြမ်းပြင်မြေပုံရေးဆွဲခြင်းနှင့် အရေးပါသော ပင်လယ်ရေအောက်အခြေခံအဆောက်အအုံများ၏ တည်နေရာများကို ရှာဖွေခြင်းများ လုပ်ဆောင်နိုင်သည်။ ၎င်းတို့၏ အလိုအလျောက်လုပ်ငန်းတာဝန်ထမ်းဆောင်မှုများသည် ခြေရာခံရမှုအန္တရာယ်ကိုလည်း လျှော့ချနိုင်သည့်အတွက် ဆက်စပ်ရေပိုင်နက်များတွင် ထိရောက်စွာ တာဝန်ထမ်းဆောင်နိုင်စေမည်ဖြစ်သည်။

တရုတ်နိုင်ငံသည် ပိုမိုကျယ်ပြန့်သော ဒရုန်းအုပ်စုများတွင် ရေအောက်မောင်းသူမဲ့ယာဉ် (UUV) များ ပူးပေါင်း တာဝန်ထမ်းဆောင်စေခြင်းအားဖြင့် နယ်ပယ်ပေါင်းစုံပါဝင်သော စောင့်ကြည့်ကွန်ရက်တစ်ခုကို ထူထောင်စေနိုင်မည်ဖြစ်သည်။ ၎င်းကွန်ရက်သည် ပြည်ပကျူးကျော်သူများ၏ ဆက်သွယ်မှုများကို ဟန့်တားနှောင့်ယှက်နိုင်ပြီး တန်ပြန်တိုက်ခိုက်နိုင်စွမ်းရှိစေမည်ဖြစ်သည်။ ထိုသို့ လုပ်ဆောင်ခြင်းသည် တရုတ်နိုင်ငံ၏ သမားရိုးကျစနစ်များ အဆင့်မြှင့်တင်သွားရန်နှင့် ဖြစ်ပေါ်လာနိုင်ခြေရှိသည့် တရုတ်(တိုင်ပေ) အရေးတွင် ၎င်း၏ ရပ်တည်ချက်ခိုင်မာအားကောင်းရေး ဆိုသည့် မဟာဗျူဟာနှင့်အညီ ဆောင်ရွက်ခြင်းဖြစ်သည်။

ရေအောက်မောင်းသူမဲ့ယာဉ် (UUV) များနှင့် မောင်းသူမဲ့ရေပြင်သွားယာဉ်များ (USV) သည် တောင်တရုတ်ပင်လယ်ပြင်တွင် အမေရိကန်–တရုတ် ပင်လယ်ရေအောက်ယှဉ်ပြိုင်မှုတွင် မတူကွဲပြားသော အခန်းကဏ္ဍမှ ပါဝင်သွားမည်ဖြစ်သည်။ တရုတ်နိုင်ငံသည် ပင်လယ်ရေကြောင်းနယ်ပယ်စောင့်ကြည့်မှုကို မြှင့်တင်ခြင်းအားဖြင့် အမေရိကန်န္ယူကလီးယားရေငုပ်သင်္ဘောများကို တန်ပြန်တိုက်ခိုက်ရန် ရေအောက်မောင်းသူမဲ့ယာဉ်(UUV)ကို အသုံးပြုသွားမည်ဖြစ်သည်။ ထိုသို့ လုပ်ဆောင်ရာတွင် တောင်တရုတ်ပင်လယ်ပြင်ကို ၎င်း၏ န္ယူကလီးယားပဲ့ထိန်းဒုံးကျည်တင် ရေငုပ်သင်္ဘော (SSBN)များအတွက် ခိုင်မာအားကောင်းသော ခံတပ်အဖြစ် ပြောင်းလဲသွားမည့် ရည်မှန်းချက်နှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်သည်။

အပြန်အလှန်အားဖြင့် အမေရိကန်နိုင်ငံသည် တောင်တရုတ်ပင်လယ်တွင် မဟာဗျူဟာမြောက် ရေငုပ်သင်္ဘောတိုက်ဖျက်မှုစစ်ဆင်ရေး (ASW) ကို အထောက်အကူပြုစေရန် မောင်းသူမဲ့ပင်လယ်ရေကြောင်းစနစ်(UMS)များကို အသုံးပြုသွားမည်ဖြစ်သော်လည်း တရုတ်နိုင်ငံ၏ နယ်မြေငြင်းဆိုမှု (A2/AD) ပတ်ဝန်းကျင်တွင် ကြာရှည်တာဝန်ထမ်းဆောင်နိုင်မှု ကန့်သတ်ချက်ဖြစ်ပေါ်ပြီး အားနည်းချက်လည်း ဖြစ်ပေါ်စေလျက်ရှိသည်။

မည်သို့ပင်ဆိုစေ မောင်းသူမဲ့ပင်လယ်ရေကြောင်းစနစ်(UMS)များသည် ပင်လယ်ပြင်အောက်အာဏာဟန်ချက်ကို သိသိသာသာပြောင်းလဲမှုရှိစေမည်မဟုတ်ဘဲ ပင်လယ်ရေကြောင်းအငြင်းပွားမှုများကိုသာ ဖြစ်ပေါ်စေနိုင်သဖြင့် အမေရိကန်–တရုတ်ပြိုင်ဆိုင်မှုကိုဖြစ်စေပြီး ဒေသတွင်းလုံခြုံရေးအကျပ်အတည်းကိုသာ ပိုမိုမြင့်တက်လာစေနိုင်သည်။

မဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးဌာန(CSIS)မှ ပညာရှင်များက အိန္ဒိယသမုဒ္ဒရာတွင် တရုတ်နိုင်ငံ၏ လှုပ်ရှားဆောင်ရွက်မှုသည် သိပ္ပံနည်းပညာနှင့် စစ်ရေးရည်မှန်းချက်တို့ကြား ခွဲခြားမရသည့် သုတေသနလုပ်ငန်းများ ဆောင်ရွက်ခြင်းအားဖြင့် စစ်ရေးဆိုင်ရာလှုပ်ရှားမှုများ တိုးချဲ့လုပ်ဆောင်လာလျက်ရှိကြောင်း ကောက်ချက်ချဖော်ပြထားသည်။

တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် (PLA) သည် ရေအခြေအနေများ၊ ရေစီးကြောင်းများနှင့် ပင်လယ်ကြမ်းပြင်နှင့် စပ်လျဉ်း၍ အရေးပါသော အချက်အလက်များစုဆောင်းရန် အရပ်ဘက်သုတေသနရေယာဉ်များဖြင့် ခြေကုပ်ရယူထားသည်။ ထိုမှတစ်ဆင့် ရေတပ်ဆိုင်ရာစွမ်းဆောင်ရည်များ မြှင့်တင်သွားမည်ဖြစ်သည်။ ၎င်းရေယာဉ်များသည် စစ်ဘက်နှင့် ခိုင်မာသောဆက်ဆံရေးထူထောင်ထားရှိသည့် နိုင်ငံတော်လက်အောက်ရှိ အဖွဲ့အစည်းများ ပိုင်ဆိုင်သည့် ပစ္စည်းများဖြစ်သည်။

အထူးသဖြင့် တရုတ်ရေယာဉ်များသည် အိန္ဒိယသမုဒ္ဒရာတွင် တက်ကြွစွာ လှုပ်ရှားဆောင်ရွက်လျက်ရှိသည်။ ထိုသို့ အချက်အလက်ရှာဖွေစုဆောင်းခြင်းသည် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်ရေတပ် (PLAN) ၏ ရေငုပ်သင်္ဘောများကို အိန္ဒိယနိုင်ငံ၏ ပဲ့ထိန်းဒုံးကျည်တင်ရေငုပ်သင်္ဘောများအတွက် တည်ဆောက်ထားသည့် ဘင်္ဂလားပင်လယ်အော်အတွင်းရှိ ခံတပ်ကို တန်ပြန်တိုက်ခိုက်ရန် အဆိုပါနေရာတွင် လှုပ်ရှားတာဝန်ထမ်းဆောင်နိုင်စေမည်ဖြစ်သည်။

အိန္ဒိယနိုင်ငံအနေဖြင့် တရုတ်နိုင်ငံနှင့် ဖြစ်ပွားလျက်ရှိသည့် နယ်စပ်အငြင်းပွားမှုများတွင် ၎င်း၏ သမားရိုးကျစစ်ရေးစွမ်းဆောင်ရည်များကို လွှမ်းမိုးခံရမည်ဆိုလျှင် ပင်လယ်ရေအောက်န္ယူကလီးယားဟန့်တားမှုစွမ်းဆောင်ရည်ကို အသုံးချလာနိုင်ကြောင်း ကောက်ချက်ချပြောဆိုလျက်ရှိသည်။

ဆိုရလျှင် တရုတ်နိုင်ငံသည် ၎င်း၏ ကြည်း၊ ရေ၊ လေတပ်ဖွဲ့များကို ကမ္ဘာတစ်ဝန်းတိုးချဲ့ဖြန့်ကြက်နိုင်ရေးအတွက် မိတ်ဖက်နိုင်ငံများတွင် နိုင်ငံတကာစစ်အခြေစိုက်စခန်း တည်ဆောက်ခွင့်သဘောတူညီချက်များ ခိုင်မာသေချာစေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ တရုတ်နိုင်ငံအနေဖြင့် တရုတ်(တိုင်ပေ)အရေးနှင့် စပ်လျဉ်း၍ အမေရိကန်၏တိုးချဲ့ဆောင်ရွက်လာသော ဟန့်တားမှုမဟာဗျူဟာကို တုံ့ပြန်နိုင်ရန်နှင့် အိန္ဒိယနိုင်ငံ၏ စစ်ရေးဆိုင်ရာဖြန့်ကြက်မှုကိုလည်း ပိတ်ဆို့နိုင်ရန် ထိုသို့ရည်မှန်းဆောင်ရွက်နေခြင်းပင်ဖြစ်သည်။

လက်ရှိအချိန်တွင် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် ရေတပ်(PLAN)သည် စစ်ရေယာဉ်အစင်း ၃၇၀ ကျော် တပ်တော်သွင်းပြီးဖြစ်သည့်အတွက် အမေရိကန်ရေတပ်ထက် အင်အား ပိုမိုကြီးမားလာပြီဖြစ်သည်။ ထို့ပြင် လာမည့်နှစ်များအတွင်း တရုတ်နိုင်ငံသည် လက်ရှိအတိုင်း စစ်ရေယာဉ်များ ဆက်လက်တည်ဆောက်သွားမည်ဆိုလျှင် အစင်း ၄၅၀ ကျော်ထိ ရှိလာမည်ဖြစ်ပြီး အမေရိကန်ရေတပ်နှင့် ဂျပန်ပင်လယ်ရေကြောင်းကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့တို့၏ စုစုပေါင်းအင်အားထက် ကျော်လွန်လာပြီဖြစ်သည်။

အထူးသဖြင့် တရုတ်နိုင်ငံသည် ၂၀၄၉ ခုနှစ်တွင် ကမ္ဘာ့အဆင့်မီတပ်မတော်တစ်ရပ် ပိုင်ဆိုင်ရန် ရည်မှန်းထားရှိသည်။ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်သည် တချို့သောနယ်ပယ်များတွင် အမေရိကန်နိုင်ငံကို ယှဉ်ပြိုင်ကျော်လွှားနိုင်သည့် စစ်ရေးဆိုင်ရာ စွမ်းဆောင်ရည်များပိုင်ဆိုင်ထားရှိပြီးဖြစ်သည်။ သာဓကအနေဖြင့် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်သည် ကြီးမားသော ရေတပ်၊ အကြီးစားစစ်သင်္ဘောများ တည်ဆောက်နိုင်မှုနှင့် စွမ်းဆောင်ရည်ပိုမိုပြည့်ဝသော ဒုံးပျံတပ်ဖွဲ့ ပိုင်ဆိုင်ထားရှိပြီးဖြစ်သည်။ ၎င်းဒုံးပျံတပ်ဖွဲ့တွင် အသံလွန်ဒုံးကျည်များတပ်ဆင်ထားရှိသည်။ လက်ရှိအချိန်တွင် တရုတ်နိုင်ငံသည် ရေငုပ်သင်္ဘောပေါ်မှ ပစ်လွှတ်နိုင်သည့် ကမ္ဘာ့ပထမဆုံးသော ဒရုန်းကို သုတေသနပြုတည်ဆောက်နိုင်ပြီ ဖြစ်သည့်အတွက် ရေတပ်ဆိုင်ရာ စစ်ဆင်ရေးတွင် အလှည့်အပြောင်းတစ်ရပ်ဖြစ်လာတော့မည်ဖြစ်ပေသည်။

**ကိုးကား**

– China's air-to-sea drone could rewrite the rules of naval warfare by Asia Times.

**ဝင်းဇင်(သုတေသန)**

# Fortune TV မှ Mini Series အဖြစ်ထုတ်လွှင့်တင်ဆက်မည့် သူငယ်ချင်းတို့အိမ် ရုပ်သံဇာတ်လမ်းတွဲစတင်ရိုက်ကူး



**ရန်ကုန် ဖေဖော်ဝါရီ ၆**

Fortune TV မှ Mini Series အဖြစ် ထုတ်လွှင့်တင်ဆက်မည့် "သူငယ်ချင်းတို့အိမ်" ရုပ်သံဇာတ်လမ်းတွဲ စတင်ရိုက်ကူးနေပြီဖြစ်ကြောင်း အဆိုပါ ရုပ်သံဇာတ်လမ်းတွဲတွင် ပါဝင်သရုပ်ဆောင်နေသည့် သရုပ်ဆောင် နေခြည်ရွှန်းလက်ကပြောပြ၍ သိရသည်။

"သူငယ်ချင်းတို့အိမ်" ဇာတ်လမ်းတွဲသည် MHC Vision ထုတ်လုပ်ရေးက ပွဲဦးထွက်ရိုက်ကူးသည့် ဇာတ်လမ်းတွဲလည်းဖြစ်ပြီး အဆိုပါရုပ်သံဇာတ်လမ်းတွဲ၏ ဝတ္ထုဇာတ်လမ်းကို အဲရစ်လင်းက ရေးသားထားခြင်းဖြစ်ပြီး Skyward Art Team က ဇာတ်ညွှန်းရေးသားကာ ဒါရိုက်တာ အဲရစ်လင်းက MHC Vision ထုတ်လုပ်ရေးအတွက် တာဝန်ယူပုံဖော်ရိုက်ကူးနေခြင်းဖြစ်သည်ဟုလည်း သိရသည်။

"နေခြည်က ဒီဇာတ်လမ်းတွဲမှာ ဗီလိန်ဆိုပေမယ့်လည်း သဏ္ဍာန်လုပ် သရုပ်တူအောင် ကြိုးစားလုပ်ရမှာပါ။ ကိုယ်တိုင်က ဇာတ်လမ်းတွဲကတစ်ဆင့် ဒီလောကထဲရောက်လာတာမို့ Series ရိုက်ရတာလည်း ပိုသဘောကျပါတယ်။ အချိန်များများလည်း ပရိသတ်က ပိုတွေ့ရတယ်ထင်မိပါတယ်။ ဒီကားလေးထွက်လာရင်လည်း နေခြည်ကိုအားပေးကြပါဦးလို့ပြောချင်ပါတယ်" ဟု သရုပ်ဆောင်နေခြည်ရွှန်းလက်ကပြောပြသည်။

"သူငယ်ချင်းတို့အိမ်" ရုပ်သံဇာတ်လမ်းတွဲတွင် သရုပ်ဆောင် ဉာဏ၊ ကျော်မိုးပိုင်၊ မင်းနေလင်း၊ ဝိုင်းရွှေရည်၊ နေခြည်ရွှန်းလက်၊ ဆာရာ၊ ကူးကူးဟန်သာ၊ ပြုံးဟန်သာကို၊ လွှန်းခြယ်၊ ပန်းဝတ်မှုန်၊ ပိုင်စိုးစံ၊ မိုကို၊ နန်းရှင်စော၊ ကလေးသရုပ်ဆောင် ရွှေရည်လွှန်းအိမ်နှင့် အနုပညာရှင်များစွာဖြင့် ရန်ကုန်မြို့တွင် ဇာတ်အိမ်တည်ကာ ရိုက်ကူးနေကြောင်းလည်း သိရသည်။ **ASH**

# The Shitheads ဟာသဇာတ်ကား၌ မင်းသား ဒွေ့ဖရန်ကို ပါဝင်သရုပ်ဆောင်မည်

**နယူးယောက် ဖေဖော်ဝါရီ ၆**

The Shitheads အမည်ရှိ ဟာသဇာတ်ကားသစ်၌ မင်းသား ဒွေ့ဖရန်ကို ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း ဖေဖော်ဝါရီ ၅ရက် သတင်းများအရ သိရသည်။

The Shitheads ဇာတ်ကားတွင် မင်းသားဒွေ့ဖရန်ကိုသည် မင်းသား အိုရှီးယားဂျက်ဆင်ဂျူနီယာ၊ ပီတာဒင်းကလက်တို့နှင့်အတူ သရုပ်ဆောင်မည်ဖြစ်သည်။

အဆိုပါဇာတ်ကားကို ဒါရိုက်တာ မေကွန်ဘလဲက တာဝန်ယူရိုက်ကူးမည်ဖြစ်ပြီး ဝတ္ထုဇာတ်ညွှန်းကိုလည်း ကိုယ်တိုင်ရေးသားမည်ဖြစ်သည်။

ဒါရိုက်တာ မေကွန်ဘလဲနှင့် မင်းသား ပီတာဒင်းကလက်တို့သည် Brothers ဇာတ်ကားနှင့် The Toxic Avenger ဇာတ်ကားများ၌ ပူးပေါင်းဆောင်ရွက်ခဲ့ဖူးသူဖြစ်သည်။

The Shitheads ဇာတ်ကားသည် ဆေးစွဲနေသော ဆယ်ကျော်သက်လူငယ်တစ်ဦးကို ဆေးဖြတ်စခန်းသို့ပို့ဆောင်ရန် တာဝန်ယူထားရသူနှစ်ဦး ကြုံခဲ့ရသော အဖြစ်အပျက်များကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးမည့် ဇာတ်ကားဖြစ်သည်။

လက်ရှိအချိန်တွင် အဆိုပါဇာတ်ကားရိုက်ကူးမည့် ရက်နှင့် ရုံတင်ပြသမည့် ရက်တို့ကို ထုတ်လုပ်သူများက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**



# Channel K နှင့် Mahar application တို့တွင် ထုတ်လွှင့်ပြသနေသည့် မျက်နှာဖုံး ရုပ်သံဇာတ်လမ်းတွဲ Spotlight Event အခမ်းအနားကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၆**

Channel K နှင့် Mahar Application တို့တွင် ထုတ်လွှင့်ပြသနေသည့် မျက်နှာဖုံး ရုပ်သံဇာတ်လမ်းတွဲ Spotlight Event အခမ်းအနားကို ဖေဖော်ဝါရီ ၅ ရက်က ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ်ရှိ စံရိပ်ငြိမ် ဂမုန်းပွင့် မင်္ဂလာရုပ်ရှင်ရုံတွင် ကျင်းပခဲ့ကြောင်း အဆိုပါ ရုပ်သံဇာတ်လမ်းတွဲတွင် ပါဝင်သရုပ်ဆောင်ထားသူ စိုးပြည့်သဇင်က ပြောပြ၍ သိရသည်။

အဆိုပါ မျက်နှာဖုံးအမည်ရှိ ရုပ်သံဇာတ်လမ်းတွဲ၏ ဝတ္ထုဇာတ်လမ်းကို အေးသီရိကိုက ရေးသားထားခြင်း ဖြစ်ပြီး ဖြိုးသဉ္ဇာကျော်၊ ယုန်လေးနှင့် ယဉ်မင်းခန့်တို့က ဇာတ်ညွှန်းရေးသားကာ ဒါရိုက်တာ ကျော်သားကြီးက King Wish Film Production အတွက် တာဝန်ယူရိုက်ကူးထားခြင်း ဖြစ်သည်ဟုလည်း သိရသည်။




"ဒီဇာတ်လမ်းတွဲမှာ စိုးပြည့်က သူဌေးသမီး ရတနာဆိုင်ပိုင်ရှင်ဆိုတော့ စမတ်ကျတဲ့လိုက်ဖက်မယ့်ဖက်ရှင်လေးတွေ ဝတ်ဆင်ထားပါတယ်။ စိုးပြည့်အနေနဲ့ ကိုယ့်ကျရာဇာတ်ရုပ်ပေါ်မှာ ကာရိုက်တာတွေ တိုင်ပင်ပြီးစဉ်းစားလုပ်ထားကြတာပါ။ မထင်မှတ်ထားတဲ့ မျက်နှာဖုံးအောက်က အရာတွေကို ဒီဇာတ်ကားမှာ မြင်တွေ့ရမှာပါ "ဟု သရုပ်ဆောင် စိုးပြည့်သဇင်က ပြောပြသည်။

မျက်နှာဖုံး ရုပ်သံဇာတ်လမ်းတွဲတွင် သရုပ်ဆောင် ဟိန်းဝေယံ၊ ထွန်းကိုကို၊ နေမျိုးအောင်၊ ညီနန္ဒ၊ စိုးပြည့်သဇင်၊ ဆောင်းယွန်းစံ၊ အယ်လာရွှေစင်၊ မြတ်ကေသီအောင်၊ သာသာနှင့် သရုပ်ဆောင်များစွာ ပါဝင်ထားကြောင်း သိရသည်။ **ASH**

# Amazon Mgm၏ ဟာသဇာတ်ကားသစ်၌ မင်းသားဇက်အက်ဖရွန်ပါဝင်မည်

**နယူးယောက် ဖေဖော်ဝါရီ ၆**

Amazon Mgmရုပ်ရှင် ကုမ္ပဏီ၏ ဟာသဇာတ်ကားသစ်၌ မင်းသားဇက်အက်ဖရွန် ပါဝင်သရုပ်ဆောင်မည် ဖြစ်ကြောင်း ဖေဖော်ဝါရီ ၅ရက် သတင်းများအရ သိရသည်။

တရားဝင်ဇာတ်ကားနာမည်မပေးရသေးသည့် အဆိုပါ ဟာသဇာတ်ကားတွင် မင်းသားဇက်အက်ဖရွန်သည် မင်းသားဝီဖာရဲနှင့်အတူ သရုပ်ဆောင်မည်ဖြစ်သည်။

အဆိုပါ ဟာသဇာတ်ကားကို ဒါရိုက်တာ နီကိုလပ်စတော်လာက တာဝန်ယူရိုက်ကူးမည်ဖြစ်ပြီးဝတ္ထုဇာတ်ညွှန်းကိုလည်း ကိုယ်တိုင်ရေးသားမည်ဖြစ်သည်။

လက်ရှိအချိန်တွင် အဆိုပါဇာတ်ကား၏ ဇာတ်လမ်း၊ ဇာတ်အိမ်အသေးစိတ်ကို မသိရသေးပေ။

မင်းသားဝီဖာရဲနှင့် ဒါရိုက်တာ နီကိုလပ်စတော်လာတို့သည် You're Cordially Invited ဇာတ်ကား၌ အတူလက်တွဲဖူးသူများဖြစ်သည်။

ဇန်နဝါရီ ၃၁ ရက်တွင် စတင်ရုံတင်ပြသခဲ့သော You're Cordially Invited ဇာတ်ကားတွင် ဝီဖာရဲနှင့်အတူ မင်းသမီး ရီဆီဝစ်သာစပွန်း ပါဝင်ထားသည်။

**Ref : Russia Today**

**Trs : KKO**



# ခရမ်းမြို့နယ် ကံကောင်းကျေးရွာ၌ မြေသားရေကန်တူးဖော်ခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**ခရမ်း ဖေဖော်ဝါရီ ၆**

ရန်ကုန်တိုင်းဒေသကြီး သန်လျင်ခရိုင် ခရမ်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြေသားရေကန်တူးဖော်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ဖေဖော်ဝါရီ ၅ ရက် နံနက်ပိုင်းက မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ခရမ်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ထားထားနိုင်နှင့် ဝန်ထမ်းများသည် ကျေးလက်ရေရရှိရေးအတွက် ကံကောင်းကျေးရွာတွင် မြေသားရေကန်တူးဖော်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ကျေးရွာရှိ ရပ်မိ၊ ရပ်ဖများ၊ ရေပေးရေးကော်မတီဝင်များနှင့် တွေ့ဆုံကာ ဆောင်ရွက်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများကို ရေရှည်တည်တံ့အောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်၊

ကံကောင်းကျေးရွာ၌ အလျား ပေ ၁၀၀၊ အနံ ပေ ၁၀၀၊ အနက် ခြောက်ပေရှိ မြေသားရေကန်တူးဖော်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများကို၂၀၂၄-၂၀၂၅ဘဏ္ဍာနှစ်တွင် ပြည်ထောင်စု ခွင့်ပြုရန်ပုံငွေကျပ် ၁၆ ဒသမ ၂သန်းဖြင့် ဦးစီးဌာန အင်ဂျင်နီယာ ဝန်ထမ်းများနှင့် ကျေးရွာသူ၊ ကျေးရွာသားများ ပူးပေါင်း၍ ၂၀၂၅ ခုနှစ်ဇန်နဝါရီ ပထမပတ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများအားလုံး ရာနှုန်းပြည့်ဆောင်ရွက် ပြီးစီးပြီဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်ထားထားနိုင်က ပြောပြ၍ သိရသည်။ **ချိုသန်းညွန့်**

# Chairman of the State Administration Council Prime Minister of the Republic of the Union of Myanmar Senior General Thadoe Maha Thray Sithu Thadoe Thiri Thudhamma Min Aung Hlaing sends a message to the ceremony to mark the 78th Anniversary of Shan State Day

## 7 February 2025

**Esteemed ethnic national brethren in Shan State,**

On this auspicious occasion of the 78th Anniversary of Shan State Day, which falls on 7 February 2025, I extend my heartfelt greetings and best wishes to all ethnic national brethren across Shan State and the entire nation. May you all be blessed with good health and happiness.

Shan State is the largest state in terms of area among all regions and states in Myanmar and is also home to the highest number of ethnic groups. Within Shan State, various Shan ethnic tribes, including Shan, Pa-O, Palaung, Danu, Intha, Taungyo, Wa, Htanot, Kokang, Lahu, Yinnet, Yinkya, Myaungzee, and Arkha, coexist alongside other ethnic groups such as Kachin, Kayah, and Lisu. These diverse ethnic communities have lived together for a long time, demonstrating a strong tradition of unity and harmony in the spirit of the Union.

Looking back the historical evidence, artifacts from Myanmar's Late Stone Age and the period of urban cultural development can be found in Shan State. The linguistic heritage, cultural traditions, and artistic legacy of the ethnic groups within Shan State are closely intertwined with the overall cultural and artistic landscape of the Union. This serves as a testament to the long-standing history of peaceful coexistence and mutual harmony among the people of the Union for many centuries.

During the three aggressive invasions by the British colonialists, the Shan Saophas and the Shan ethnic people, along with other ethnic groups, united and fiercely resisted. Their tradition of standing together with unwavering patriotism and dedication to national sovereignty remains a source of pride and honour for the Shan State and the Shan people.

From the time the British colonized Myanmar, they ruled the mountainous regions and the lowlands—once united and undivided—through various divide-and-rule tactics. Even when they were eventually compelled to grant Myanmar its independence, they attempted to continue their divisive governance over the mountainous regions. To counter this effort, Shan Saophas who were members of the Shan State Saophas' Council, along with representatives of the Shan State People's Freedom Organization, held discussions in Panglong, Shan State, from 3 to 6 February 1947. As a result, on 7 February 1947, they successfully formed the Shan State Council Executive Committee, comprising a total of 14 members—seven public representatives and seven Saophas representatives. Additionally, they petitioned the British government to abolish the Shan State Saophas' Council, which had previously functioned under colonial rule. The Shan State Council Executive Committee ultimately signed an agreement to achieve independence together with the mainland of Myanmar.

On 11 February 1947, during the Panglong Conference, 7 February was designated as Shan State Day to commemorate the unity and agreement reached for the future of the state and the nation. The decision, based on the solidarity of Shan princely rulers and local leaders, became a strong foundation for the historic Panglong Agreement and the emergence of Union Day. This year marks the 78th anniversary of the designation of 7 February as Shan State Day. As it played a crucial role in supporting Myanmar's journey to independence, it is also a significant and revered day for ethnic nationalities.

The emergence of Shan State Day is closely linked to a significant historical event in which colonial rulers' divide-and-rule policies were successfully resisted. It also stands as a firm testament to the historic event of "Union Day," which symbolized the crucial effort of ethnic unity and solidarity in the struggle for national independence.

Ethnic unity is of utmost importance for the peace, stability, and sovereignty of a nation. Moreover, as it serves as a driving force for national development, it is essential to remove doubts among ethnic national brethren and engage in dialogue and negotiation to achieve lasting peace. In regions where armed groups are present, local people are growing increasingly weary of violence and conflicts that harm the interests of both the nation and its people. It is a call to acknowledge and consider the collective desire of all citizens who long for social development and a secure, peaceful life.

At present, the government is implementing the five-point roadmap and the nine objectives related to political, economic, and social affairs for national peace, stability, and development. Preparations are underway to hold a free and fair multiparty democratic general election to ensure stability, peace, and a smooth democratic transition. Among the five-point roadmap, the government is continuously striving to implement the peace process in accordance with the agreement that states: **"Priority will be given to the achieving peace as the essence of the state and stabilizing the results of the peace process in alignment with the agreements in the Nationwide Ceasefire Agreement (NCA) to the extent possible."** Ethnic armed organizations are urged to consider the interests of the Union and all ethnic people with sincerity, rather than focusing solely on their own desires and group interests, and to work toward achieving durable peace in the Union.

Due to the destruction of fundamental infrastructure built for national development, ethnic citizens have suffered hardships. Likewise, the meaningless loss of valuable human resources essential for national progress has also weakened the country's strength. Therefore, I would like to once again urge all ethnic citizens to deeply understand and actively cooperate in working towards stability and lasting peace.

Armed conflict in our country is a difficult and challenging issue. Our sole intention is to end armed conflict for the benefit of the nation and the people, striving to build a durably peaceful, stable, and prosperous country. Therefore, all ethnic communities must resolve these issues through political means and dialogue, as they desire. Only through dialogue and negotiations can stability and peace be achieved, leading to improvements in the economic and social conditions of the people.

For a nation to thrive and stand strong, it must enhance its ability to defend itself and improve its capacity to function effectively. If a country cannot sustain its own survival and stability through its own efforts, its sovereignty will weaken, and it may fall under the control of others. To remain an independent and stable nation, we must all unite and stand together to prevent subjugation by others. In times of potential danger to the nation, the armed forces, which bear the primary responsibility for national defence, must work closely with the people. With patriotism and unwavering courage, we must act in unity to ensure the nation's long-term stability and work towards comprehensive national development.

We are currently making arrangements to successfully hold a free and fair election, which is aligned with the objective of the State Administration Council. Therefore, it is necessary for the people to cooperate in unity, with a spirit of patriotism, national solidarity, and union spirit, to ensure the success of a fair and free election.

As citizens of the Republic of the Union of Myanmar, all ethnic groups aspire to live in peace, stability, and prosperity. To fulfill this aspiration, it is essential to ensure social harmony, the rule of law, economic development, and livelihood security. While the agriculture and livestock sectors, which involve all Myanmar citizens, are being modernized, efforts are also being made to develop other economic sectors comprehensively. Since it is necessary to further enhance small, medium, and micro enterprises (MSMEs) based on agriculture and livestock, priority is being given to their success. Therefore, ethnic groups in Shan State, who have a strong foundation and tradition in agriculture and livestock, are encouraged to make greater efforts in these sectors.

For the construction of a modern, developed nation based on democracy and a federal system, it is essential for all ethnic citizens, including young people, to excel in knowledge and skills. At the same time, they must also develop the ability to think critically and make fair, rational decisions. The government is implementing a comprehensive education system to produce highly skilled and competent human resources necessary for the Union. Efforts are being made to ensure access to education in rural and border areas. Therefore, we encourage collective cooperation with the state to expand educational opportunities for all.

Programmes are being implemented to nurture well-rounded and capable young individuals. Just as educational development is crucial for the progress of society and the economy, health and well-being are equally important. Therefore, the government is prioritizing efforts to build a healthy and strong society. In particular, to promote health and a strong sports culture among young people, we urge ethnic communities to collaborate with the State in these efforts.

In conclusion, on the occasion of "Shan State Day," which laid the foundation for a peaceful and prosperous Union and strengthened national unity, I urge all ethnic national brethren residing in Shan State to uphold the spirit of the Union established in 1947. By doing so, let us work together hand in hand with the government and the armed forces to build a peaceful, prosperous, and modern nation.

**Senior General Thadoe Maha Thray Sithu**
**Thadoe Thiri Thudhamma Min Aung Hlaing**
**Prime Minister**
**Chairman, State Administration Council**

# The state actively cracking down on online fraud and online gambling occurring in border areas and continues to transfer undocumented individuals entering Myanmar to their respective countries



Photo shows the process of transferring undocumented individuals entering Myanmar in accordance with standard procedures.




Photo shows the process of transferring undocumented individuals entering Myanmar in accordance with standard procedures.

**Nay Pyi Taw February 6**

The government is prioritizing national stability and rule of law while taking stringent measures against those exploiting the situation in certain border areas. Some foreign nationals, in collaboration with individuals seeking personal gain—including members of ethnic armed organizations (EAOs) and related entities—are widely engaging in online fraud and online gambling. Consequently, the government is focusing on identifying and deporting such individuals.

Upon conducting investigations on foreigners unlawfully entering Myanmar, it was discovered that most of them had passed through neighboring countries, including Thailand, before entering Myanmar's borders for illegal work. Although they entered the country unlawfully, the government, considering humanitarian concerns and friendly international relations, is processing their deportation in accordance with the law.

As part of these efforts, a total of 61 foreign nationals—comprising 39 Chinese nationals, one Kazakh national, five Indonesian nationals, one Ethiopian national, one Pakistani national, one Malaysian national, and 13 Indian nationals—were found to have been victims of human trafficking. They had been coerced into participating in online fraud and online gambling operations within the Myawady-Shwe Kokko and KK Park areas of Kayin State. Following necessary investigations, these individuals were officially transferred to Thai authorities at the Myanmar-Thailand Friendship Bridge No. 2 at approximately 1:30 pm today, in accordance with standard procedures.

According to investigations into their incidents, it was learnt that they were lured online with high-paying computer and translation jobs as incentives and then arrived at Bangkok, Thailand, from their relevant countries before continuing to Thai border town Mae Sot initially and later being trafficked into and forced to work in online scam and gambling operations in Myawady-Shwe Kokko and KK Park areas by agents of illegal Kyar Phyant operations by illegally crossing the Thaung Yin River.

The government has been cooperating with international organizations including neighbouring countries to expose and resolutely take action against those who operate or are involved in online scam and gambling and has been offering necessary assistance to victims. Regional organizations, neighbouring countries and citizens are required to cooperate in cracking down on online scams and gambling as a national duty by reporting information about the issues to relevant authorities as soon as possible if they receive such information.

100

# Explainer: How the world reacts to Trump's Gaza takeover proposal

**Brussels February 6**

U.S. President Donald Trump's recent proposal to take over Gaza by the United States, made during a joint press conference with Israeli Prime Minister Benjamin Netanyahu on Tuesday, has met with widespread condemnation from European, Middle Eastern and other international leaders.

Trump proposed that the United States take control of Gaza and redevelop it after relocating Palestinians, though no details were provided on the resettlement process.

While voicing their opposition, many around the world emphasize the importance of a two-state solution as the path to lasting peace in the region.

European officials reiterated their support for a two-state solution.

The European Union (EU) affirmed that Gaza is integral to a future Palestinian state.

"The EU remains firmly committed to a two-state solution, which we believe is the only path to long-term peace for both Israelis and Palestinians," an EU spokesperson was quoted by local media as saying.

According to the French presidential office Elysee, French President Emmanuel Macron held a phone talk on Wednesday with his Egyptian counterpart, Abdel-Fattah al-Sisi.

"Any forced displacement of the Palestinian population in Gaza or the West Bank would be unacceptable," the two leaders stressed, pointing out that it would be a serious violation of international law and an obstacle to the two-state solution.

Xinhua

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## ရုရှားက နိုင်ငံတကာ ကာကွယ်ရေးပြပွဲတွင် တာတိုပစ်မြေပြင်မှဝေဟင်ပစ်ဒုံးကျည်စနစ်သစ်ကို ထုတ်ဖော်ပြသသွားမည်




ရုရှားနိုင်ငံ Kalashnikov Group ကုမ္ပဏီအုပ်စုသည် ၎င်း၏ တာတိုပစ်မြေပြင်မှ ဝေဟင်ပစ် ဒုံးကျည်စနစ်သစ် (SAM BRD TPVO Krona-E) ကိုပထမဆုံးအကြိမ်အဖြစ် ကာကွယ်ရေးနှင့် စစ်လက်နက်ပစ္စည်းနည်းပညာများ ထုတ်ဖော်ပြသမည့် IDEX 2025 နိုင်ငံတကာ ကာကွယ်ရေးပြပွဲတွင် ထုတ်ဖော်ပြသသွားမည်ဖြစ်ကြောင်း Army Recognition သတင်းဌာနက ဖေဖော်ဝါရီ ၃ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

IDEX 2025 ပြပွဲကို ဖေဖော်ဝါရီ ၁၇ ရက်မှ ၂၁ ရက်ထိ အာရပ်စော်ဘွားများပြည်ထောင်စု အဘူဒါဘီမြို့တော်တွင် ကျင်းပသွားမည်ဖြစ်ပြီး ကာကွယ်ရေးကဏ္ဍနှင့် လုံခြုံရေးနည်းပညာများမှအဓိကစက်မှုလုပ်ငန်းများကို တစ်နေရာတည်းစုစည်းပြသသွားမည်ဖြစ်သည်။

Krona-E မြေပြင်မှ ဝေဟင်ပစ်ဒုံးကျည်စနစ်သည် အစိုးရအဆောက်အအုံများ၊ မဟာဗျူဟာမြောက် မြို့ပြဧရိယာများ၊ အထူးကုန်တင်ကုန်ချစခန်းများနှင့် မရှိမဖြစ်လိုအပ်သော ဆက်သွယ်ရေးအတွက် သိုလှောင်ရုံ၊ အခြေချစခန်းနေရာများကဲ့သို့သော အရေးကြီးအခြေခံအဆောက်အအုံများအတွက် အဆင့်မြင့်အကာအကွယ်များပေးနိုင်ရန် ဒီဇိုင်းထုတ်လုပ်ထားခြင်းဖြစ်သည်။ ၎င်း၏ အဓိကရည်မှန်းချက်မှာ အရေးကြီးအခြေခံအဆောက်အအုံများကို ပစ်မှတ်ထားတိုက်ခိုက်လာမည့် ဝေဟင်ခြိမ်းခြောက်မှုများကို တန်ပြန်ရန်ဖြစ်သည်။ လက်ရှိခေတ်သစ်ပဋိပက္ခများနှင့် ဘက်မညီသော စစ်ပွဲများဆင်နွဲနေကြရသည့် ပတ်ဝန်းကျင်အခြေအနေများတွင် ပို၍ကြီးထွားလာသောခြိမ်းခြောက်မှုတစ်ရပ်ဖြစ်သည့် အလတ်စား မောင်းသူမဲ့လေယာဉ်များ (UAVs) ကို ကြားဖြတ်ဟန့်တားနိုင်သည့် စွမ်းရည်အတွက် ရေပန်းစားလျက်ရှိကြောင်း သိရသည်။

Krona-E ဒုံးကျည်စနစ်သည် ထောက်လှမ်းမှု၊ ထိန်းချုပ်မှုနှင့် တိုက်ယာဉ်များ သို့မဟုတ် ပုံသေတိုက်ခိုက်ရေးများ၏ အစိတ်အပိုင်းများစွာကိုပေါင်းစပ်ထားသည့် ပေါင်းစပ်ကာကွယ်ရေးစနစ်အမျိုးအစားတစ်ခုပင် ဖြစ်သည်။ ဤအစိတ်အပိုင်းများအားလုံးကို အလိုအလျောက် တိုက်ပွဲဝင်လုပ်ဆောင်နိုင်မှုစနစ်ဖြင့် အပြန်အလှန်ချိတ်ဆက်ထားပြီး ဝေဟင်ခြိမ်းခြောက်မှုများကို လျင်မြန်စွာတုံ့ပြန်ဆောင်ရွက်နိုင်စေသည်။ ဒုံးကျည်စနစ်၏ တိုက်ခိုက်ဖျက်ဆီးနိုင်စွမ်းသည် 9M340 နှင့် 9M333 ဒုံးကျည်အမျိုးအစားနှစ်ခုအပေါ်တွင် မူတည်သည်။ အဆိုပါဒုံးကျည်များသည် ဝေဟင်ပစ်မှတ်များကို တိကျစွာ၊ ထိရောက်စွာ တိုက်ပွဲဝင်နိုင်စွမ်းအဆင့်မြင့်တင်ထားပြီး အထူးသဖြင့်ဒရုန်းများနှင့် အခြားလေကြောင်းခြိမ်းခြောက်မှုများကို တုံ့ပြန်တိုက်ခိုက်နိုင်မည်ဖြစ်ကြောင်း သိရသည်။

9M340 နှင့် 9M333 ဒုံးကျည် နှစ်မျိုးကို ရွေးချယ်ပစ်ခတ်နိုင်မှုသည် ခြိမ်းခြောက်မှုအမျိုးမျိုးနှင့် လိုက်လျောညီထွေဖြစ်စွာ တုံ့ပြန်နိုင်မည့် Krona-E ဒုံးကျည်စနစ်၏ ထိရောက်မှုနှင့် လည်ပတ်မှုပြောင်းလွယ်ရှိမှုတို့ကို မီးမောင်းထိုးပြလျက်ရှိသည်။ အဆိုပါ ဒုံးကျည်များသည် ရွေ့လျားပစ်မှတ်များသို့မဟုတ် ကြားဖြတ်ပစ်ချရန်ခက်ခဲသော ပစ်မှတ်များကို ပစ်မှတ်ထားတိုက်ခိုက်ချိန်တွင်ပင် မြင့်မားသောတိကျမှုကိုရရှိစေနိုင်သည့် အဆင့်မြင့် လမ်းညွှန်စနစ်များတပ်ဆင်ပေးထားသည်။ အဆိုပါဒုံးကျည်စနစ်သည် ဝေဟင်ခြိမ်းခြောက်မှုများစွာ တစ်ပြိုင်နက် ထွက်ပေါ်လာနိုင်သည့် ရှုပ်ထွေးနက်နဲသော စစ်မြေပြင်ပတ်ဝန်းကျင်များတွင် တိုက်ပွဲဝင်ဖြန့်ကြက်အသုံးပြုနိုင်ရန် ဒီဇိုင်းထုတ်ထားကြောင်း သိရသည်။

IDEX 2025 ကာကွယ်ရေးပြပွဲသည် ကမ္ဘာတစ်ဝန်းမှ စစ်မှုရေးရာကျွမ်းကျင်ပညာရှင်များ၊ စစ်ဘက်စက်မှုလုပ်ငန်းရှင်ထိပ်တန်းအရာရှိကြီးများနှင့် အစိုးရအရာရှိများကို ဆွဲဆောင်ထားနိုင်ကာ ပြပွဲသည် ကာကွယ်ရေးကဏ္ဍတွင် အကြီးမားဆုံး ပြပွဲများထဲမှ တစ်ခုဖြစ်သောကြောင့် ရုရှားထုတ် လေကြောင်းရန်ကာကွယ်ရေးစနစ်သစ်အတွက် အခွင့်အလမ်းသစ်များ ပွင့်လန်းလာစေနိုင်ကြောင်း သိရသည်။

**Russia and Kalashnikov to Unveil Krona-E Surface-to-Air Missile System in United Arab Emirates** ကို ဘာသာပြန်ဆိုထားပါသည်။

## ယူကရိန်းနိုင်ငံ Ukrspecsystems ကုမ္ပဏီက Shark-M ကင်းထောက်ဒရုန်းကို ထုတ်ဖော်ပြသခဲ့

ယူကရိန်းနိုင်ငံ Ukrspecsystems ကုမ္ပဏီသည် နက်ရှိုင်းစွာကင်းထောက်ရေးနှင့် တိုက်ခိုက်ရေးမစ်ရှင်များအတွက် ပစ်မှတ်ပြ လမ်းညွှန်ပေးနိုင်ရေးတို့ လုပ်ဆောင်နိုင်စွမ်းရှိမည့် Shark-M ကင်းထောက်ဒရုန်းကို ထုတ်ဖော်ပြသခဲ့ကြောင်း The Defense Post သတင်းဌာနက ဖေဖော်ဝါရီ ၃ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

Shark-M ဒရုန်းသည် ယခင် ကနဦးဗားရှင်းဖြစ်သော Shark-D နှင့် ဖွဲ့စည်းပုံအပိုင်းတွင်တူညီပြီး တောင်ပံအလျား ၃ ဒသမ ၄ မီတာရှိသည်။ ဆက်သွယ်လုပ်ဆောင်နိုင်သော အကွာအဝေးအနေဖြင့် ကီလိုမီတာ ၁၈၀ ထိရှိပြီး တာဝေးပျံသန်းကင်းထောက်ရေးမစ်ရှင်များကိုထမ်းဆောင်နိုင်စွမ်းရှိစေမည်ဖြစ်သည်။

လေထဲတွင် ခုနစ်နာရီကြာ ပျံသန်းနိုင်စွမ်းရှိပြီး ယခင်ထုတ်လုပ်ထားသော ဒရုန်းများတွင် အသုံးပြုသည့် ဘက်ထရီထက် စွမ်းရည်အပိုင်းတွင် ၁၇၀ ရာခိုင်နှုန်းကျော် မြင့်မားကောင်းမွန်သည်။ Shark-M ဒရုန်းသည် ဆိုးရွားသောရာသီဥတုအခြေအနေများအောက်တွင် နေ့ရောညပါ ပျံသန်းစစ်ဆင်နိုင်စွမ်းရှိမည်ဖြစ်သည်။

Shark-M ဒရုန်းသည် ကိုယ်ထည်အလျား ၁၆၄ စင်တီမီတာ၊ အမြင့် စင်တီမီတာ ၃၀ ခန့်ရှိပြီး အများဆုံးပျံတက်နိုင်သည့် အလေးချိန်မှာ ၁၄ ဒသမ ၅ ကီလိုဂရမ်၊ အမြင့် မီတာ ၃၀၀၀နှင့် အမြင့်ဆုံးအလျင်နှုန်းတစ်နာရီလျှင် ကီလိုမီတာ ၁၃၀ ဖြင့် ပျံသန်းကင်းထောက်နိုင်စွမ်းရှိကြောင်း သိရသည်။

Shark-M ဒရုန်းတွင် ညွှန်းရပ် ၃၆၀ ဒီဂရီပတ်လည် အမြဲမပြတ် စောင့်ကြည့်နိုင်သော ကင်မရာတစ်လုံး တပ်ဆင်ထားသည်။ ထို့ပြင် ပစ်မှတ်များကို နေ့အချိန်၌ အကွာအဝေး ၃၅ ကီလိုမီတာထိ၊ ညအချိန်၌ ၁၄ ကီလိုမီတာအတွင်း ထောက်လှမ်းနိုင်စွမ်းရှိသည့် အာရုံခံကိရိယာများလည်း တပ်ဆင်အသုံးပြုထားသည်။ ထို့ပြင် Gyro-Stabilized Electro-Optical Systems အာရုံခံစနစ်များနှင့် အဆင်ပြေစွာတွဲဆက်အသုံးပြုနိုင်မည့် ဘုံချိတ်ဆွဲမှုစနစ် Universal Connector တစ်ခု တပ်ဆင်ပေးထားသည်။

ရန်သူ၏ အီလက်ထရွန်နစ် တန်ပြန်လုပ်ဆောင်လာမှုများအပေါ် ခံနိုင်ရည်ရှိစေရန် ရေဒီယိုမိုဒမ်တစ်ခု တပ်ဆင်ပေးထားသေးသည်။ ၎င်းမိုဒမ်သည် ယခင်ဗားရှင်းများထက် ၂၅၀ ရာခိုင်နှုန်း ပိုမိုအားကောင်းလာပြီး အဆင့်မြှင့်တင်ထားသော မြေပြင်ထိန်းချုပ်ရေးစခန်းတစ်ခုလည်း အသုံးပြုထားသေးကြောင်း သိရသည်။



Shark-M ဒရုန်းသည် အသုံးပြုသူအော်ပရေတာများအနေဖြင့် အလွယ်တကူကိုင်တွယ်ထိန်းကျောင်း လုပ်ဆောင်နိုင်မည်ဖြစ်ပြီး ရည်မှန်းချက်တာဝန်များနှင့် ပတ်သက်၍ ချက်ချင်းဆိုသလို သတင်းပေးပို့နိုင်မည်ဖြစ်သည်။

ဒရုန်းအဖွဲ့သားများ ဘေးအန္တရာယ်ကင်းရှင်းစေရန်အတွက် အဖွဲ့သားများနှင့် အကွာအဝေးတစ်ခုတွင် အင်တင်နာကို ချထားနိုင်မည့် ပစ္စည်းကိရိယာအစုံလည်းပါဝင်လာပြီး အဝေးမှထိန်းကျောင်းလုပ်ဆောင်နိုင်စေမည့် Remote Control Terminal ပလက်ဖောင်းတစ်ခုဖြစ်သည်။ နောက်ဆုံးတစ်ချက်မှာ နေရာမျိုးစုံမှ ပစ်လွှတ်ပျံသန်းနိုင်မည့် လောက်လွှဲပစ်လွှတ်မှုစနစ် အသုံးပြုနိုင်သည့်အတွက် သမားရိုးကျပြေးလမ်းမလိုအပ်ဘဲ ပျံတက်နိုင်မည်ဖြစ်သကဲ့သို့ အဆင်းတွင်လည်း မလိုလားအပ်သော ထိခိုက်ပျက်စီးမှုများကိုရှောင်ရှားရန် လေထီးဖြင့် ဆင်းသက်ခြင်းကို အသုံးပြုထားကြောင်း သိရသည်။

**Ukrainian Firm Unveils Shark-M Reconnaissance Drone** ကို ဘာသာပြန်ဆိုထားပါသည်။

မင်းမျိုး

# ဝက်လက်မြို့နယ်တွင် မိုးသီးနှံပဲစင်းငုံ ၂၂၃၆၅ ဧက ရိတ်သိမ်းပြီးစီး တစ်ဧကလျှင် ၁၉ ဒသမ ၈၀ တင်းထွက်ရှိ



**ဝက်လက် ဖေဖော်ဝါရီ ၆**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဝက်လက်မြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သောပဲစင်းငုံ ၂၂၃၆၅ ဧက ရိတ်သိမ်းပြီးစီးပြီ ဖြစ်ကြောင်း ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဝက်လက်မြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံ ၂၂၃၆၅ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသော ပဲစင်းငုံစိုက်ခင်းများကို ၂၀၂၄ ခုနှစ် ဒီဇင်ဘာလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ဧကအားလုံး ရိတ်သိမ်းပြီးစီးပြီး တစ်ဧကလျှင် ၁၉ ဒသမ ၈၀တင်း ထွက်ရှိခဲ့ကြောင်း သိရသည်။

"မိုးသီးနှံစိုက်ပျိုးရာသီဝက်လက်မြို့နယ်မှာ ပဲစင်းငုံ ၂၂၃၆၅ ဧက စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီ စိုက်ပျိုးထားတဲ့ပဲစင်းငုံ စိုက်ခင်းတွေ အခုလက်ရှိ ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီ ဖြစ်ပါတယ်။ ပဲစင်းငုံစိုက်ပျိုးရာမှာ အထွက်နှုန်းကောင်းမွန်ဖို့လဲ ဆောင်ရွက်ပေးပါတယ်။ ပဲစင်းငုံကို သီးသန့်စိုက်ပျိုးကြသလို သီးထပ်သီးညှပ် အနေနဲ့လဲ စိုက်ပျိုးကြပါတယ်" ဟု ဝက်လက်မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကြင်စန်းက ပြောပြသည်။

ဝက်လက်မြို့နယ်တွင် ပဲစင်းငုံ စိုက်တောင်သူများကို မြို့နယ် စိုက်ပျိုးရေး ဦးစီးဌာနက မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားအန္တရာယ်ကင်းရှင်းရေး၊ အထွက်နှုန်းကောင်းမွန်ရေးအတွက် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်းသိရသည်။

ပဲစင်းငုံများကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက နိုင်ငံတွင်းစားသုံးမှုဖူလုံစေရုံမျှမက ပြည်ပပို့ကုန်အဖြစ်ပါ တိုးတက် ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း၊ ထုတ်လုပ်မှုနှင့် ဈေးကွက်လိုအပ်ချက်ဖြစ်သော ဝယ်လိုအားမျှတလာပါက ကုန်ဈေးနှုန်းတည်ငြိမ်၍ လူမှုစီးပွားဘဝများလည်း မြင့်မားတိုးတက်လာမည်ဖြစ်သဖြင့် ပဲစင်းငုံများ အထွက်နှုန်းတိုးတက်စေရေး ဒေသမရွေး ကြိုးပမ်းကြရမည် ဖြစ်ကြောင်း ဝက်လက် မြို့နယ် စိုက်ပျိုးရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကြင်စန်းက ပြောပြ၍ သိရသည်။ (၂၀၆)

# ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇန်နဝါရီလအတွင်း ကောက်ရိုးမှို ပိဿာချိန် ၇၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ဘိုကလေး ဖေဖော်ဝါရီ ၆**

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဇန်နဝါရီလအတွင်း ဒေသထွက် ကောက်ရိုးမှို ပိဿာချိန် ၇၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဘိုကလေးမြို့နယ် လယ်ယာထွက်ကုန် ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဌေးဌေးက ပြောပြသည်။

ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဒီဇင်ဘာလအတွင်း ကောက်ရိုးမှို ပိဿာချိန် ၆၀၀၀၀ ထိသာ တင်ပို့ ရောင်းချနိုင်ခဲ့ပြီး ၂၀၂၅ခုနှစ် ဇန်နဝါရီလ ၁ ရက်မှ ၃၁ ရက်ထိ ကောက်ရိုးမှို ပိဿာချိန် ၇၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ကောက်ရိုးမှို တစ်ပိဿာလျှင် ငွေကျပ် ၁၅၅၀၀ မှ ၁၇၅၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

''ဘိုကလေးမြို့နယ်ကနေ ထွက်တဲ့ လယ်ယာထွက်ကုန်တွေ ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချတာများပါတယ်။ ပြီးခဲ့တဲ့ ဇန်နဝါရီလအတွင်း ကောက်ရိုးမှိုပိဿာချိန် ၇၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ပါတယ်။ လက်ရှိ ဒေသထွက်ကောက်ရိုးမှိုတွေကို ရန်ကုန်ဈေးကွက်က မှာယူမှုများနေပါတယ်။ ဘိုကလေးမြို့နယ်မှာ အခြား စိုက်ပျိုးရေး လုပ်ငန်းတွေနဲ့ ယှဉ်တွဲပြီး ကောက်ရိုးမှိုစိုက်ပျိုးတဲ့လုပ်ငန်းကို လုပ်ကိုင်ကြပါတယ် ''ဟု ဘိုကလေးမြို့နယ် လယ်ယာထွက်ကုန် ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဌေးဌေးက ပြောပြသည်။



ဘိုကလေးမြို့နယ်မှ ကောက်ရိုးမှိုများကို ရန်ကုန်ဈေးကွက်က ဝယ်ယူမှု များလာသောကြောင့် ကောက်ရိုးမှို စိုက်ပျိုးသူများ၊ ရောင်းဝယ်သူများ၊ လုပ်သားများ အဆင်ပြေလျက် ရှိကြောင်း သိရသည်။ ကျော်ကျော်လင်း

# ရှာငံမြို့နယ် ရေလှကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ရှာငံ ဖေဖော်ဝါရီ ၆**

ရှမ်းပြည်နယ် (တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ ရှာငံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးပေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရေးဦးစွာ ရှာငံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသိန်းမြတ်ထိုက်က ရေလှကျေးရွာရှိ ရပ်မိရပ်ဖများ၊ မြစိမ်းရောင်ကျေးရွာ စီမံကိန်း အသင်းသား၊ အသင်းသူများနှင့် တွေ့ဆုံကာ ရန်ပုံငွေထုတ်ချေးပေးရခြင်း၏ ရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများကို ရှင်းလင်း ပြောကြားခဲ့သည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဦးစီးအရာရှိ ဦးအောင်လွင်မိုးနှင့် ဝန်ထမ်းများက စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံအရင်းမပျောက်လည်ပတ်ရန်ပုံငွေများ လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ရေလှကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၀၈ ဦးကို အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၇၀၆ သိန်းထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **မောင်ခိုင်**




## လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

နိုင်ငံ့ခေတ်မီဖွံ့ဖြိုးရေးအတွက်

အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

၆-၂-၂၀၂၅

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၄၀၀၀၀/၁၄၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၁၀၀၀၀/၁၂၀၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၁၀၅၀၀၀/၁၁၀၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၁၀၃၅၀၀/၁၀၅၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၈၁၀၀၀/၈၅၀၀၀ |
| ငွေဇီယာ(အသစ်) (တစ်အိတ်) | ကျပ် | ၇၄၅၀၀/၇၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၆၅၀၀၀/၆၇၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၅၀၀၀/၁၆၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၃၅၀၀/၁၄၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၄၀၀၀/၁၅၀၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၉၃၀ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၃၆၀၀ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၉၀၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၃၂၉၅ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၃၃၇၅ |

(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာ ဖြစ်ပါသည်)

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၁၆၀၀၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၁၆၀၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၁၆၀၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၁၆၅၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၁၇၀၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၃၀၀၀၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၃၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၃၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၅၀၀ |

(၁၉၆)

# စက်မှုဖွံ့ဖြိုးရေးကော်မရှင်၏ ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ



**နေပြည်တော် ဖေဖော်ဝါရီ ၆**

စက်မှုဖွံ့ဖြိုးရေးကော်မရှင်၏ ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် စက်မှုဝန်ကြီးဌာန ရုံးအမှတ်(၃၀) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ စက်မှုဖွံ့ဖြိုးရေး ကော်မရှင်ဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦးနှင့် စက်မှုဖွံ့ဖြိုးရေးကော်မရှင်အဖွဲ့ဝင်များဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌနှင့် သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကထုတ်ပြန်ပေးခဲ့သည့် စက်မှုဖွံ့ဖြိုးရေးကော်မရှင်၏ လုပ်ငန်းတာဝန် ၁၆ ချက်အပေါ် ကော်မရှင်အဖွဲ့ဝင်များအနေဖြင့် အောင်မြင်အောင်ပူးပေါင်းဆောင်ရွက်သွားရမည့်ကိစ္စရပ်များ၊ ကော်မရှင်၏ လုပ်ငန်းတာဝန်များ ပြီးမြောက်အောင်မြင်စေရေးအတွက် လုပ်ငန်းစဉ်များချမှတ်ခြင်း၊ အချိန်ဇယားရေးဆွဲခြင်း၊အကောင်အထည်ဖော်ခြင်း၊ အဓိကစွမ်းဆောင်နိုင်မှုတိုင်းတာခြင်းညွှန်ကိန်းများ သတ်မှတ်ခြင်းနှင့် သတ်မှတ်ထားသည့် ညွှန်ကိန်းများအတိုင်း သုံးသပ်အကဲဖြတ်ခြင်းတို့ကို ကော်မရှင်အဖွဲ့ဝင် သက်ဆိုင်ရာဝန်ကြီးဌာနများအလိုက် ဦးဆောင်စီမံ၍ ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်သည့်ကိစ္စရပ်များ၊ ပြည်တွင်း၌အသုံးများသည့်ကုန်ပစ္စည်းများ၊ ဒေသအလိုက် အောင်မြင်ပြီးဖြစ်သည့် ထုတ်ကုန်များကို ပြည်တွင်းတွင် စီးပွားရေးတွက်ခြေကိုက်အောင်ထုတ်လုပ်နိုင်ရန်အတွက် ပြည်တွင်းစက်မှုလုပ်ငန်းရှင်များကို ပံ့ပိုးကူညီတွန်းအားပေးဆောင်ရွက်ကြရမည့် ကိစ္စရပ်များ၊ သွင်းကုန်အစားထိုးစက်မှုကုန်ထုတ်လုပ်ငန်းများဆောင်ရွက်ရာတွင် သွင်းအားစုများဖြစ်သည့် ကုန်ကြမ်း၊ စွမ်းအင်၊ ငွေကြေး၊ လူ့စွမ်းအားအရင်းအမြစ်၊ နည်းပညာစသည့်တို့ကို အချိန်မီလွယ်ကူလျင်မြန်စွာရရှိနိုင်ရေးအတွက် ညှိနှိုင်းဆောင်ရွက်ပေးရမည့်ကိစ္စရပ်များ၊စက်မှုဖွံ့ဖြိုးရေးကော်မရှင်အနေဖြင့် ပြည်တွင်းကုန်ထုတ်လုပ်မှုတိုးမြှင့်ရေး၊ ပြည်တွင်းသုံးစွဲမှုဖူလုံရေး၊ ပြည်ပသို့တင်ပို့နိုင်ရေး၊အရည်အသွေးမြင့်၊တန်ဖိုးမြင့်ထုတ်ကုန်များကိုထုတ်လုပ်နိုင်ရေး၊ နိုင်ငံတော်၏ စက်မှုကဏ္ဍ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးစသည့်ရည်မှန်းချက်များ ထားရှိဆောင်ရွက်ရမည်ဖြစ်သဖြင့် စက်မှုကဏ္ဍဖွံ့ဖြိုးရေးအတွက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးရမည့်ကိစ္စရပ်များကို ကော်မရှင်ဥက္ကဋ္ဌက ဦးဆောင်ဆွေးနွေးခဲ့ပြီး ကော်မရှင်အဖွဲ့ဝင်များက ဝိုင်းဝန်းဆွေးနွေးကြသည်။

ဆက်လက်၍ စက်မှုဖွံ့ဖြိုးရေးကော်မရှင် အတွင်းရေးမှူး စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီးက ကော်မရှင်၏ ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းအစီအမံများ၊ စိုက်ပျိုးရေးအခြေပြုစက်မှုလုပ်ငန်းများ ဖော်ဆောင်နိုင်မည့် စက်ရုံများအခြေအနေတို့ကိုလည်းကောင်း၊ ကော်မရှင်ဒုတိယဥက္ကဋ္ဌ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်၏စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ချက်များ၊ စက်မှုဝန်ကြီးဌာနရှိ နိုင်ငံပိုင်စက်ရုံများနှင့် ပုဂ္ဂလိကစက်မှုလုပ်ငန်းများ၏ အခြေအနေတို့ကိုလည်းကောင်း၊ ကော်မရှင်အဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများက ကော်မရှင်၏ လုပ်ငန်းတာဝန်များအပေါ် ဝန်ကြီးဌာနအလိုက် အကောင်အထည်ဖော်ဆောင်ရွက်ရမည့်အချက်များနှင့် ပတ်သက်၍လည်းကောင်း အသီးသီးရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များနှင့်ပတ်သက်၍ တက်ရောက်လာသည့် ကော်မရှင်အဖွဲ့ဝင်များက ကော်မရှင်၏လုပ်ငန်းတာဝန်များအပေါ် ဝန်ကြီးဌာနအလိုက် ဆောင်ရွက်ရမည့်လုပ်ငန်းတာဝန်များကို ခွဲဝေသတ်မှတ်ခြင်း၊အဓိကဆောင်ရွက်ရမည့်ညွှန်ကိန်းများ သတ်မှတ်ရေးကိစ္စရပ်များကို ဆွေးနွေးညှိနှိုင်းခဲ့ကြပြီး စက်မှုဖွံ့ဖြိုးရေးကော်မရှင်၏ဦးတည်ရမည့် ရည်မှန်းချက်များ၊ ချမှတ်အကောင်အထည်ဖော်ရမည့် မဟာဗျူဟာများကို ကော်မရှင်အဖွဲ့ဝင်များအကြား ဆွေးနွေးအတည်ပြုခြင်းများဆောင်ရွက်ပြီး ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ကလောမြို့နယ်အတွင်း သဘာဝဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့်အခြေအနေများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့် ကွင်းဆင်းကြည့်ရှုစစ်ဆေး



**ကလော ဖေဖော်ဝါရီ ၆**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်သည် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်များ၊ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ တာဝန်ရှိသူများနှင့်အတူ ယမန်နေ့မွန်းလွဲပိုင်းက ကလောမြို့နယ် ကလောဘူတာအနီးတွင် သဘာဝဘေးဒဏ်ကြောင့် ပျက်စီးသွားသည့် ကလောချောင်းမူလနယ်နိမိတ်မြေတိုင်းတာပြီးစီးမှုကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီးနှင့်တာဝန်ရှိသူများသည် ကလောချောင်းဘေးမြေကာနံရံ ကိုးပေအမြင့်ဆောင်ရွက်နေမှု၊ရာဂီမုန်တိုင်းကြောင့်ပျက်စီးသွားသော ရေအေးကန် ရေပေးဝေရေးပိုက်လိုင်းများ ပြင်ဆင်ဆောင်ရွက်ခဲ့မှု၊ ရေအေးကန်သွားလမ်းနှင့် တမံချဉ်းကပ်လမ်းပြင်ဆင်ဆောင်ရွက်မှု၊ ရာဂီမုန်တိုင်းဒဏ်ကြောင့် ကလောမြို့ မောမြေဦးပန်းခြံအတွင်း ထိခိုက်ပျက်စီးမှုများနှင့်ပြန်လည်ထူထောင်ရေးဆောင်ရွက်ထားရှိမှု မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်နှင့် ပြည်ထောင်စုဝန်ကြီး၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ကလောခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအစည်းအဝေးခန်းမ၌ ခရိုင်အဆင့်တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် ကလောမြို့နယ် ရွှေမင်းဖုန်ကျေးရွာတွင် သဘာဝဘေးဒဏ်ကြောင့် လှိုဏ်အတွင်းရေထွက်ပေါက်မရှိဘဲ ထူးပေါက်ပိတ်ဆို့မှုကြောင့် ရေစီးဆင်းနိုင်ရန်ရေနုတ်မြောင်းတူးဖော်နေမှုကို ကြည့်ရှုစစ်ဆေးရာ ဒေသခံများက ရေအမြန်ကျဆင်းစေရေးအတွက် ရေမြောင်းတူးဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့် ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**


## ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်မည့်သူများအနေဖြင့် မလိုလားအပ်သော ဆုံးရှုံးမှုများမဖြစ်ပေါ်စေရေး သတ်မှတ်ချက်များနှင့်အညီဆောင်ရွက်ရန် တိုက်တွန်းနှိုးဆော်ခြင်း

၁။ ပြည်ပတွင် သွားရောက်လုပ်ကိုင်မည့်သူများအနေဖြင့် ဥပဒေနှင့်အညီမှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ်(Passport for Job–PJ)လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ်(OWIC) လျှောက်ထားရယူခြင်းတို့မရှိဘဲ ပြည်ပအလည်အပတ်နိုင်ငံကူးလက်မှတ်(Passport for Visit–PV)ကိုသာ လျှောက်ထားရယူထားပြီး ပြည်ပအလုပ်အကိုင်ဗီဇာများရယူကာ လေကြောင်းခရီးဖြင့် ပြည်ပထွက်ခွာရန်ဆောင်ရွက်လျက်ရှိကြသဖြင့် သက်ဆိုင်ရာက လေဆိပ်တွင် စိစစ်သည့်အခါ သတ်မှတ်ချက်များနှင့် မကိုက်ညီသည့်အတွက် ပြည်ပသို့ထွက်ခွာခွင့်မရခြင်းများကြောင့် လေယာဉ်လက်မှတ်ခအပါအဝင် အခြားသောကုန်ကျစရိတ်များ ဆုံးရှုံးရသည့်ဖြစ်စဉ်များ ဖြစ်ပေါ်လျက်ရှိပါသည်။

၂။ သို့ပါ၍ ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်လိုသူများအနေဖြင့် မလိုလားအပ်သည့် ဆုံးရှုံးနစ်နာမှုများမဖြစ်ပေါ်စေရေးအတွက် ဥပဒေနှင့်အညီမှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ်(Passport for Job–PJ)လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင် အလုပ်သမားသက်သေခံကတ်(OWIC) လျှောက်ထားရယူခြင်းတို့အား ဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**အလုပ်သမားဝန်ကြီးဌာန**

# ၇၈ နှစ်မြောက် ရှမ်းပြည်နယ်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် တောင်ကြီးမြို့ ရွှေဘုန်းပွင့်ဘုရားအတက်လမ်း ၂၂ ပေအကျယ် ကတ္တရာကွန်ကရစ် AC လမ်းသစ်ဖွင့်ပွဲကျင်းပ



**တောင်ကြီး ဖေဖော်ဝါရီ ၆**

၇၈ နှစ်မြောက် ရှမ်းပြည်နယ်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် တောင်ကြီးမြို့ ရွှေဘုန်းပွင့်ဘုရား အတက်လမ်း ၂၂ ပေ အကျယ် ကတ္တရာကွန်ကရစ် AC လမ်းသစ် ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် တောင်ကြီးမြို့ ရွှေဘုန်းပွင့်ဘုရား အတက်လမ်းသစ် ဖွင့်ပွဲမုခ်ဦး၌ကျင်းပသည်။

ဦးစွာ ရွှေဘုန်းပွင့်ဘုရားအတက်လမ်းကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ပိုးရယ်အောင်သိန်း၊ ဒေါက်တာ ဘရွှေနှင့်ခွန်စံလွင်၊ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ စိန်နှင်းဆီသတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်နှင့်လွိုင်ခမ်းအဆင့်မြင့် အိမ်ရာစီမံကိန်းမှ ဦးစိုင်းရွက်၊ ရွှေဘုန်းပွင့် ဘုရားဂေါပကအဖွဲ့ ဦးခင်အောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က စိန်နှင်းဆီ သတ္တုတူးဖော်ရေး ကုမ္ပဏီလီမိတက်နှင့် လွိုင်ခမ်းအဆင့်မြင့်အိမ်ရာ စီမံကိန်းမှ ဦးစိုင်းရွက်အား ဂုဏ်ပြုမှတ်တမ်း ပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီး များသည် ရွှေဘုန်းပွင့်ဘုရားဂေါပကအဖွဲ့နှင့် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း(တောင်ကြီး ရုံးခွဲ)၊ ပြည်နယ်စည်ပင်သာယာရေးဌာန ညွှန်ကြားရေးမှူး၊ အ.ထ.က(၄) ဘင်ခရာ တပ်ဖွဲ့နှင့်ပန်းဖွားအဖွဲ့၊ ရှမ်းတိုင်းရင်းသား ရိုးရာယဉ်ကျေးမှုအဖွဲ့၊ ကိန္နရီကိန္နရာအက အဖွဲ့တို့ကို ဂုဏ်ပြုမှတ်တမ်းနှင့် ဂုဏ်ပြု ချီးမြှင့်ငွေများ ပေးအပ်ကြသည်။

ဆက်လက်၍ ရွှေဘုန်းပွင့်စေတီတော် အား ပန်း၊ ရေချမ်း၊ ဆီမီးများ ဆက်ကပ် လှူဒါန်းပူဇော်၍ ဖူးမြော်ကြည်ညိုကြပြီး စေတီတော်၌တင်လှူပူဇော်မည့် ထီးတော်၊ စိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့အား ဖူးမြော်ကြသည်။

ထို့နောက် စေတီတော်ဓမ္မာရုံ၌ကျင်းပ သည့် ဆရာတော်၊သံဃာတော်အရှင်သူမြတ် တို့အား နေ့ဆွမ်းဆက်ကပ်လှူဒါန်းပွဲသို့ တက်ရောက်ရာ နိုင်ငံတော်ဩဝါဒါစရိယ တောင်ကြီးမြို့ စွန်းလွန်းဂူကမ္မဋ္ဌာန်းကျောင်း တိုက်ဦးစီးပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ မဟာကမ္မဋ္ဌာနစရိယ ဘဒ္ဒန္တအဂ္ဂဓမ္မာဘိဝံသ ထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော် အရှင်သူမြတ် များထံမှ အန္တရာယ်ကင်းပရိတ်တရားတော် များ နာယူကြည်ညိုကြကာ ဆရာတော်၊ သံတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်း၍ ပြည်နယ်သံဃနာယက အဖွဲ့ဥက္ကဋ္ဌ တောင်ကြီးမြို့ သိမ်တောင် ကျောင်းတိုက်ဦးစီးပဓာနနာယက အဂ္ဂမဟာ ပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဆရာတော်ဘဒ္ဒန္တတေဇဝန္တထံမှ လှူဒါန်းမှု အစုစုအတွက် ရေစက်သွန်းချအမျှပေးဝေ ကြပြီး ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

ထိုမှတစ်ဆင့် ၇၈ နှစ်မြောက် ရှမ်းပြည်နယ်နေ့ကို ကြိုဆိုဂုဏ်ပြုသော အားဖြင့် ဖွင့်လှစ်သည့် ကလောမြို့နယ် ဟဲဟိုး- ဘော်ဆိုင်းလမ်းမှ တောင်မြေခြား- မြောက်မြေခြားလမ်း ကတ္တရာလမ်းသစ် (၁/၆.၈၂)မိုင် ဖွင့်ပွဲအခမ်းအနားသို့ တက် ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ပိုးရယ်အောင်သိန်း၊ ဒေါက်တာ ဘရွှေ ခွန်စံလွင်၊ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်တို့က ဟဲဟိုး-ဘော်ဆိုင်းလမ်းမှ တောင်မြေခြား- မြောက်မြေခြားလမ်း ကတ္တရာလမ်းသစ် (၁/၆.၈၂)မိုင်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး ပြီး မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ အခမ်းအနား ဒုတိယပိုင်း တွင် သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုး ကအဖွင့်အမှာစကားပြောကြားပြီး ပြည်နယ် ဝန်ကြီးချုပ် ဦးအောင်အောင်က အမှာစကား ပြောကြားကာ ရှမ်းပြည်နယ်(တောင်ပိုင်း) ကျေးလက်ဖွံ့ဖြိုးရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွင်း လမ်းတံတားများနှင့် ကတ္တရာလမ်းသစ်(၁/၆.၈၂)မိုင် ဆောင်ရွက် ခဲ့မှုများကို ရှမ်းပြည်နယ်(တောင်ပိုင်း) ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြား ရေးမှူး(မြို့ပြ)ဦးမျိုးမင်းသန့်က ရှင်းလင်း တင်ပြကာ ဒေသခံကျေးရွာများမှ ကိုယ်စား လှယ်တစ်ဦးက ကျေးဇူးတင်စကားပြောကြား ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**





❑ ရှေ့ဖုံးမှအဆက်

သွားရောက်ဖူးမြော်ကြည်ညိုကြရာ ရှင်းလင်း ဆောင်၌ တာဝန်ရှိသူများက မာရဝိဇယ ဘုရားကြီး တည်ထားကိုးကွယ်ပူဇော်ရခြင်း ရည်ရွယ်ချက်၊ ရုပ်ပွားတော်မြတ်ကြီးအား လုပ်ငန်းစဉ်အဆင့်ဆင့်ဖြင့် အောင်မြင်စွာ တည်ထားပူဇော်နိုင်ခဲ့မှု၊ လက်ရှိထိန်းသိမ်း ဆောင်ရွက်နေမှု၊ ကျောက်စာရုံစေတီများ တည်ထားဆောင်ရွက်ခဲ့မှုနှင့် သာသနာရေး ဆိုင်ရာ အခမ်းအနားကြီးများ စည်ကား သိုက်မြိုက်စွာ ကျင်းပနိုင်ခဲ့မှုအခြေအနေတို့ကို ရှင်းလင်းပြောကြားကြပြီး မာရဝိဇယဗုဒ္ဓ ရုပ်ပွားတော်မြတ်ကြီး အောင်မြင်စွာတည် ထားပူဇော်နိုင်ရန် အဆင့်ဆင့်ဆောင်ရွက်ခဲ့မှု ဗီဒီယိုမှတ်တမ်းကိုပြသသည်။

ထို့နောက်လေ့လာရေးအဖွဲ့က ရုပ်ပွား တော်မြတ်ကြီး အောင်မြင်စွာတည်ထား ပူဇော်နိုင်ခဲ့မှုအခြေအနေနှင့်စပ်လျဉ်း၍ သိရှိ လိုသည်များကို မေးမြန်းကြပြီး အလှူငွေများ ပေးအပ်လှူဒါန်းကြရာ ဂေါပကအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက လက်ခံရယူပြီး ဂုဏ်ပြု မှတ်တမ်းလွှာပြန်လည်ပေးအပ်သည်။

ယင်းနောက် လေ့လာရေးအဖွဲ့သည် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား လှည့်လည်ဖူးမြော်ကြည်ညိုကြပြီး ဘုရား ရင်ပြင်တော်ပတ်လည်၌ စကျင်ကျောက်များ အသုံးပြု၍ တည်ဆောက်ထားသည့်ဂန္ဓကုဋီ တိုက်များ၊ ဗုဒ္ဓဥယျာဉ်တော်အတွင်းရှိ အဂ္ဂါ ဓိပတိသာသနာ့ဗိမာန်တော်ကြီး၊ အဋ္ဌကထာ ဋီကာကျမ်းစာများကို စကျင်ကျောက်များ ပေါ်၌ ခေတ်မီကိရိယာများအသုံးပြု၍ ပါဠိ အက္ခရာ၊ Romanize Language တို့ဖြင့် ထွင်းထုထည့်သွင်းတည်ဆောက်ထားသည့် ကျောက်စာရုံစေတီများနှင့် အခြားသာသနိက အဆောက်အအုံများကို ဖူးမြော်လေ့လာ ကြည်ညိုကြသည်။

ဆက်လက်၍ နေပြည်တော် အမျိုးသား ပြတိုက်အား လေ့လာကြရာ တာဝန်ရှိသူ များက သီဟာသနပလ္လင်ပြခန်း၊ နိုင်ငံတော် သမ္မတများအသုံးပြုခဲ့သည့် မော်တော်ယာဉ် များပြခန်း၊ ဗုဒ္ဓအနုပညာပြခန်း၊ ပရိုင်းမိတ် နှင့် ကျောက်ဖြစ်ရုပ်ကြွင်းပြခန်း၊ သမိုင်း မတင်မီခေတ်ပြခန်း၊ သမိုင်းတင်ခေတ်ဦး ပြခန်း၊ သမိုင်းတင်ခေတ်ပြခန်း၊ မြန်မာ့ ပန်းချီပြခန်းနှင့် အာဆီယံပြခန်းအတွင်း ခင်းကျင်းပြသထားမှုများကို လိုက်လံ ရှင်းလင်းပြသကြသည်။

ထို့နောက် လေ့လာရေးအဖွဲ့သည် အမျိုးသားအထိမ်းအမှတ် ဥယျာဉ်နှင့် စစ်သမိုင်းပြတိုက်သို့ ဆက်လက်သွားရောက် လေ့လာကြသည်။အဆိုပါလေ့လာရေးအဖွဲ့ တွင် စစ်ကိုင်းတိုင်းဒေသကြီးမှ ၄၇ ဦး၊ ကချင်ပြည်နယ်မှ ၃၅ ဦး၊ ကယားပြည်နယ်မှ ၃၃ ဦး၊ ကရင်ပြည်နယ်မှ ဦးရေ ၄၀၊ ချင်း ပြည်နယ်မှ ၃၂ ဦး၊ မွန်ပြည်နယ်မှ ၃၈ ဦး၊ ရခိုင်ပြည်နယ်မှ ၃၉ ဦးနှင့် ရှမ်းပြည်နယ်မှ ဦးရေ၄၀ ပါဝင်ကြပြီး ဒုတိယနေ့လေ့လာရေး ခရီးစဉ်အဖြစ် ဖေဖော်ဝါရီ ၇ ရက်တွင် နေပြည်တော်ဗုဒ္ဓဂယာ၊ ရေပန်းဥယျာဉ်၊ Junction Centre၊ ကျောက်မျက်ရတနာ ပြတိုက်၊ နက္ခတ်တာရာပြခန်း၊ ဥပ္ပါတသန္တိ စေတီတော်နှင့် လွှတ်တော်အဆောက်အအုံ တို့သို့ ဆက်လက်သွားရောက်လေ့လာ ကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

**ရှမ်းပြည်နယ်နေ့ သဝဏ်လွှာမှအဆက်**

ကချင်၊ ကယား၊ လီဆူ စသည့် တိုင်းရင်းသားများသည် ကာလရှည်ကြာ အတူယှဉ်တွဲ စုပေါင်းနေထိုင်ခဲ့ကြခြင်းသည် ပြည်ထောင်စုစိတ်ဓာတ်ဖြင့် စည်းလုံးညီညွတ်မှုကို ဖော်ပြခဲ့သည့် အစဉ်အလာကောင်းပင်ဖြစ်ပါသည်။

သမိုင်းကြောင်းဖြစ်တည်မှုအရ မြန်မာနိုင်ငံ၏ ကျောက်ခေတ်နှောင်းကာလနှင့် မြို့ပြယဉ်ကျေးမှုထွန်းကားခဲ့သည့်ကာလ ယဉ်ကျေးမှုအထောက်အထားများကို ရှမ်းပြည်နယ်တွင် တွေ့ရှိရမည်ဖြစ်ပါသည်။ ရှမ်းပြည်နယ်အတွင်းရှိ တိုင်းရင်းသားတို့၏ ဘာသာစကား အမွေအနှစ်၊ ယဉ်ကျေးမှုဓလေ့ထုံးတမ်းအမွေအနှစ်နှင့် သုခုမအနုပညာအမွေအနှစ်တို့သည် ပြည်ထောင်စုတစ်ဝန်းလုံး၏ ယဉ်ကျေးမှုအနုပညာကဏ္ဍတွင် တစ်ဆက်တစ်စပ်တည်း ရောနှောပါဝင်လျက်ရှိသည်ကို တွေ့ရှိကြရမည်ဖြစ်ပြီး ပြည်ထောင်စုတစ်ဝန်းလုံး ရေးနှစ်ပေါင်းများစွာကတည်းက အေးအတူပူအမျှ ချစ်ကြည်ရင်းနှီးစွာ နေထိုင်ခဲ့ကြခြင်း၏ ဂုဏ်ယူမှတ်သားဖွယ်ရာ ပြယုဂ်တစ်ခုလည်းဖြစ်ပါသည်။

နယ်ချဲ့ဗြိတိသျှတို့၏ သုံးကြိမ်တိုင်တိုင် စစ်ပြုကျူးကျော်ခြင်းကို ခံရစဉ်ကလည်း ရှမ်းစော်ဘွားများနှင့် ရှမ်းတိုင်းရင်းသားတို့သည် အခြားတိုင်းရင်းသားများနှင့်အတူ ရွပ်ရွပ်ချွံချွံပူးပေါင်းတွန်းလှန်ခဲ့ကြပါသည်။ နိုင်ငံ၏အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် ဥမကွဲ သိုက်မပျက်၊ တိုင်းချစ်ပြည်ချစ်စိတ်ဖြင့် လက်တွဲခဲ့ကြသည့် အစဉ်အလာသည် ရှမ်းပြည်နယ်နှင့် ရှမ်းတိုင်းရင်းသားတို့အတွက် လေးစားဂုဏ်ယူဖွယ်ရာဖြစ်ပါသည်။

မြန်မာနိုင်ငံကို ဗြိတိသျှတို့ နယ်ချဲ့သိမ်းပိုက်ပြီးသည်မှစ၍ ယခင်က မခွဲမခြား၊ မကွဲမပြားနေထိုင်ခဲ့ကြသည့် တောင်တန်းဒေသနှင့် မြေပြန့်ဒေသကို နယ်ချဲ့တို့က နည်းပရိယာယ်မျိုးစုံဖြင့် သွေးခွဲအုပ်ချုပ်ခဲ့ကြပါသည်။ နယ်ချဲ့တို့အနေဖြင့် မြန်မာနိုင်ငံအား မတတ်သာ၍ လွတ်လပ်ရေးပေးခဲ့ရလျှင်ပင် တောင်တန်းဒေသများကို ချန်လှပ်ပြီး ဆက်လက်သွေးခွဲအုပ်ချုပ်ရန်ကြိုးပမ်းခဲ့ကြပါသည်။ ယင်းကြိုးပမ်းမှုကို ချေဖျက်နိုင်ရန်အတွက် ရှမ်းပြည်ပဒေသရာဇ်ကောင်စီဝင် စော်ဘွားများနှင့် ရှမ်းပြည်နယ်ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ်မှ လူထုကိုယ်စားလှယ်များက ရှမ်းပြည်နယ်ပင်လုံမြို့တွင် ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီ ၃ ရက်မှ ဖေဖော်ဝါရီ ၆ ရက်ထိ ဆွေးနွေးခဲ့ကြပြီး ဖေဖော်ဝါရီ ၇ ရက်တွင် လူထုကိုယ်စားလှယ် ခုနစ်ဦး၊ စော်ဘွားများကိုယ်စားလှယ် ခုနစ်ဦး စုစုပေါင်း ၁၄ ဦးပါဝင်သော ရှမ်းပြည်ကောင်စီအမှုဆောင်အဖွဲ့ကို အောင်မြင်စွာဖွဲ့စည်းနိုင်ခဲ့ပါသည်။ ယခင်က နယ်ချဲ့တို့အလိုကျ လိုက်ပါဆောင်ရွက်ပေးခဲ့ရသော ရှမ်းပြည်ပဒေသရာဇ်ကောင်စီကို ဖျက်သိမ်းပေးရန် ဘုရင်ခံထံ ကြေးနန်းပေးပို့အရေးဆိုခဲ့ကြပါသည်။ ရှမ်းပြည်ကောင်စီအမှုဆောင်အဖွဲ့အနေဖြင့် ပြည်မနှင့်အတူ လွတ်လပ်ရေးရယူရန် သဘောတူလက်မှတ်ရေးထိုးနိုင်ခဲ့ကြပါသည်။

ဤသို့ မိမိတို့ပြည်နယ်၊ နိုင်ငံအနာဂတ်အရေးအတွက် သဘောတူညီညွတ်မှုရရှိပြီး အရေးဆိုခဲ့ကြသည့် ဖေဖော်ဝါရီ ၇ ရက်ကို ရှမ်းအမျိုးသားနေ့ဟူ၍ ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီ ၁၁ ရက် ပင်လုံညီလာခံအစည်းအဝေးတွင် သတ်မှတ်ခဲ့ကြပါသည်။ ရှမ်းပြည်နယ်ရှိ ပဒေသရာဇ်စော်ဘွားများနှင့် လူထုခေါင်းဆောင်များ၏ ညီညွတ်မှုကို အရင်းခံသောဆုံးဖြတ်ချက်သည် သမိုင်းဝင်ပင်လုံစာချုပ်ကြီးနှင့် ပြည်ထောင်စုနေ့ဖြစ်ပေါ်လာရေးအတွက် ခိုင်မာသောအုတ်မြစ်ဖြစ်သည့် ဖေဖော်ဝါရီ ၇ ရက်ကို ရှမ်းပြည်နယ်နေ့အဖြစ် သတ်မှတ်ဂုဏ်ပြုကျင်းပခဲ့သည်မှာ ယခုဆိုလျှင် ၇၈ နှစ်တိုင်ခဲ့ပြီဖြစ်ပါသည်။ မြန်မာနိုင်ငံလွတ်လပ်ရေးခရီးကို အထောက်အပံ့ကောင်းဖြင့် ဖြောင့်တန်းစေခဲ့သောကြောင့် တိုင်းရင်းသားများအတွက် ထူးခြားလေးနက်သော နေ့ထူးနေ့မြတ်လည်းဖြစ်ပါသည်။

ရှမ်းပြည်နယ်နေ့ပေါ်ပေါက်လာရခြင်းသည် နယ်ချဲ့တို့၏ သွေးခွဲအုပ်ချုပ်မှုကို တွန်းလှန်နိုင်ခဲ့ကြသည့် သမိုင်းဖြစ်ရပ်ကြီးနှင့်တစ်ဆက်တစ်စပ်တည်းပင်ဖြစ်ပါသည်။ နိုင်ငံလွတ်လပ်ရေးကြိုးပမ်းမှုအတွက် အရေးကြီးသော ဆောင်ရွက်မှုကြီးဖြစ်သည့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုကိုဖော်ပြနိုင်ခဲ့သည့် **"ပြည်ထောင်စုနေ့"** သမိုင်းဖြစ်ရပ်ကြီး၏ ခိုင်မာမြဲမြံသောပန္နက်လည်းဖြစ်ပါသည်။

တိုင်းရင်းသားစည်းလုံးညီညွတ်မှုသည် နိုင်ငံတစ်နိုင်ငံ အေးချမ်းတည်ငြိမ်မှုနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲနေစေရေးအတွက် အသက်တမျှအရေးကြီးပါသည်။ ထို့ပြင် နိုင်ငံတစ်နိုင်ငံ တိုးတက်ရေးအတွက် ကြီးမားသော မောင်းနှင်အားတစ်ရပ်ဖြစ်သည့်အတွက်လည်း တိုင်းရင်းသားညီအစ်ကိုများအကြား သံသယများဖယ်ရှားကာ ဆွေးနွေးညှိနှိုင်းခြင်းဖြင့် ထာဝရငြိမ်းချမ်းရေးရရှိအောင် တည်ဆောက်သွားကြရမည်ဖြစ်ပါသည်။ လက်နက်ကိုင်အဖွဲ့အစည်းများရှိသည့် နယ်မြေဒေသများရှိ ဒေသခံပြည်သူများသည် နိုင်ငံနှင့် ပြည်သူတို့၏ အကျိုးစီးပွားကို ထိခိုက်စေသည့် အကြမ်းဖက်မှုများနှင့် တိုက်ခိုက်မှုများကို စိတ်ကုန်မုန်းတီးနေကြပြီဖြစ်ပါသည်။ မိမိတို့၏ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် လုံခြုံအေးချမ်းစွာ နေထိုင်နိုင်ရေးတို့ကို များစွာတောင့်တလျက်ရှိကြသော ပြည်သူအားလုံး၏ဆန္ဒကို ထည့်သွင်းစဉ်းစားကြရန် အသိပေးလိုပါသည်။

**"ရှမ်းပြည်နယ်နေ့" အခါသမယတွင် ရှမ်းပြည်နယ်အတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားမိဘပြည်သူ ညီအစ်ကိုမောင်နှမများအားလုံးအနေဖြင့် ၁၉၄၇ ခုနှစ်က သန္ဓေတည်ဖြစ်ပွားခဲ့သော ပြည်ထောင်စုစိတ်ဓာတ်ကို အရင်းခံ၍ ပြည်ထောင်စုကြီး ငြိမ်းချမ်းသာယာရေးနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကို တည်ဆောက်ရာတွင် နိုင်ငံတော်၊ တပ်မတော်နှင့်အတူ လက်တွဲပူးပေါင်းဆောင်ရွက်...**

ယနေ့အချိန်အခါတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ရှေ့လုပ်ငန်းစဉ်(၅)ရပ်နှင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဦးတည်ချက်(၉)ရပ်တို့ကို ချမှတ်ကာ ဆောင်ရွက်လျက်ရှိပြီး တည်ငြိမ်အေးချမ်းရေးနှင့် ဒီမိုကရေစီအသွင်ကူးပြောင်းရေးအတွက် လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေး ပြင်ဆင်လျက်ရှိပါသည်။ နိုင်ငံတော်၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်တွင်ပါရှိသည့် **"နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်တည်ငြိမ်မှုဖြစ်စေရေးအတွက် (NCA)ပါသဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်"** ဆိုသည့်အတိုင်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို နိုင်ငံတော်ဘက်မှ စဉ်ဆက်မပြတ်ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ တိုင်းရင်းသားလက်နက်ကိုင်များအနေဖြင့် မိမိတို့၏ဆန္ဒနှင့် မိမိအဖွဲ့အစည်းအကျိုးစီးပွားထက် ဖြစ်သင့်ဖြစ်ထိုက်သည့် ပြည်ထောင်စုနှင့် တိုင်းရင်းသားပြည်သူအားလုံး၏ အကျိုးစီးပွားကို စိတ်ရင်းစေတနာမွန်ဖြင့် ရှုမြင်သုံးသပ်ကာ ပြည်ထောင်စုငြိမ်းချမ်းရေးကို ရေးရှုတွေးမြင်လုပ်ဆောင်ကြရန် လိုအပ်ပါသည်။

နိုင်ငံဖွံ့ဖြိုးရေးအတွက် တည်ဆောက်ထားသည့် အခြေခံအဆောက်အအုံများ ပျက်စီးခဲ့သည့်အတွက် တိုင်းရင်းသားပြည်သူများ ဆင်းရဲဒုက္ခရောက်ကြရသကဲ့သို့ နိုင်ငံတိုးတက်ရေးအတွက် အရေးပါသော လူ့စွမ်းအားအရင်းအမြစ်များ အဓိပ္ပာယ်မဲ့ပြုန်းတီးနေရသည်မှာလည်း နိုင်ငံအင်အား လျော့နည်းလာခြင်းသာဖြစ်ပါသည်။ ထို့ကြောင့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးအနေဖြင့် တည်ငြိမ်အေးချမ်းရေးနှင့် ထာဝရငြိမ်းချမ်းရေးအတွက် ဆောင်ရွက်ရာတွင် လေးလေးနက်နက်နားလည်သဘောပေါက်ပြီး ပူးပေါင်းဆောင်ရွက်ကြပါရန် ထပ်မံတိုက်တွန်းလိုပါသည်။

မိမိတို့နိုင်ငံတွင် လက်နက်ကိုင်ပဋိပက္ခသည် ခက်ခဲကြမ်းတမ်းသော စိန်ခေါ်မှုတစ်ရပ်ဖြစ်ပါသည်။ မိမိတို့အနေဖြင့် နိုင်ငံတော်အကျိုး၊ ပြည်သူအကျိုးအတွက် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းပြီး ထာဝရငြိမ်းချမ်းရေးနှင့် တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံအဖြစ် ဖော်ဆောင်လိုသည့် ရည်ရွယ်ချက်သာရှိပါသည်။ ထို့ကြောင့် တိုင်းရင်းသားပြည်သူအားလုံးလိုလားသည့် နိုင်ငံရေးနည်း၊ တွေ့ဆုံဆွေးနွေးခြင်းနည်းများဖြင့်သာ ဖြေရှင်းကြရမည်ဖြစ်ပါသည်။ တွေ့ဆုံဆွေးနွေးခြင်းနည်းများကသာ တည်ငြိမ်အေးချမ်းမှုကို ဖော်ဆောင်နိုင်ပြီး ပြည်သူများ၏စီးပွားရေးနှင့် လူမှုရေးအခြေအနေများ တိုးတက်ကောင်းမွန်လာနိုင်မည်ဖြစ်ပါသည်။

တိုင်းပြည်တစ်ပြည် ကောင်းစွာရှင်သန်ရပ်တည်နေနိုင်ရန် မိမိကိုယ်ကို ခုခံကာကွယ်နိုင်စွမ်းနှင့် မိမိတို့၏လုပ်ကိုင်ဆောင်ရွက်နိုင်မှုများကို မြှင့်တင်နေကြရမည်ဖြစ်ပါသည်။ မိမိတို့နိုင်ငံ၏ ရပ်တည်ရှင်သန်ရေးကို ကိုယ်စွမ်းကိုယ်စနှင့် မထိန်းသိမ်းနိုင်လျှင် နိုင်ငံ၏အချုပ်အခြာအာဏာအားနည်းပြီး သူတစ်ပါးလက်အောက်ခံဘဝသို့ ကျရောက်နိုင်သည်ကိုလည်း သတိပြုကြရမည်ဖြစ်ပါသည်။ လွတ်လပ်သည့်နိုင်ငံအဖြစ် တည်တံ့ခိုင်မြဲစေရန်၊ သူတစ်ပါးလက်အောက်ခံမဖြစ်စေရန် မိမိတို့အားလုံး စည်းလုံးညီညွတ်ကြရမည်ဖြစ်ပါသည်။ နိုင်ငံတော်အတွက် ဘေးအန္တရာယ်ကျရောက်နိုင်သည့် ယခုအချိန်ကာလတွင် နိုင်ငံတော်ကာကွယ်ရေးအတွက် အဓိကတာဝန်ရှိသည့် တပ်မတော်နှင့် ပြည်သူတို့ ခိုင်မြဲစွာလက်တွဲပြီး တိုင်းပြည်ချစ်စိတ်၊ ရဲစွမ်းသတ္တိအပြည့်အဝဖြင့် နိုင်ငံတော်အဓွန့်ရှည်တည်တံ့ခိုင်မြဲရေးအတွက် စည်းလုံးညီညွတ်စွာ နိုင်ငံတော်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ကြရမည်ဖြစ်ပါသည်။

မိမိတို့အနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ရည်မှန်းချက်ဖြစ်သည့် လွတ်လပ်၍တရားမျှတမှုအပြည့်ရှိသည့် ရွေးကောက်ပွဲကြီးကို အောင်မြင်စွာကျင်းပနိုင်ရန် စီမံဆောင်ရွက်လျက်ရှိပါသည်။ သို့ဖြစ်ရာ ပြည်သူများက ပြည်ထောင်စုစိတ်ဓာတ်၊ အမျိုးသားရေးစိတ်ဓာတ်များဖြင့် မျိုးချစ်စိတ်များကိုအခြေခံပြီး စည်းလုံးညီညွတ်စွာဖြင့် တရားမျှတပြီး လွတ်လပ်သောရွေးကောက်ပွဲကြီး အောင်မြင်စေရေး ဝိုင်းဝန်းဆောင်ရွက်ပေးကြရန်လိုအပ်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအတွင်းရှိ မြန်မာနိုင်ငံသားတိုင်းရင်းသားပြည်သူများအနေဖြင့် ငြိမ်းချမ်းသာယာအေးချမ်းပျော်ရွှင်စွာဖြင့် အသက်မွေးလိုသော ဆန္ဒရှိကြပါသည်။ ယင်းဆန္ဒပြည့်ဝရန်အတွက် အေးချမ်းသာယာဝပြောရေး၊ တရားဥပဒေစိုးမိုးရေး၊ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် စားဝတ်နေမှုဖူလုံရေးတို့ ပြည့်စုံရမည်ဖြစ်ပါသည်။ မြန်မာနိုင်ငံသားအားလုံးအကျိုးဝင်သည့် စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်လျက်ရှိသကဲ့သို့ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်လာစေရန် အကောင်အထည်ဖော်လျက်ရှိပါသည်။ စိုက်ပျိုးရေးမွေးမြူရေးကိုအခြေခံသည့် အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်းများ ယခုထက်ပိုမိုထွန်းကားလာရန် လိုအပ်သဖြင့် MSME လုပ်ငန်းများ အောင်မြင်ရေးကို အလေးထားဆောင်ရွက်လျက်ရှိပါသည်။ ထို့ကြောင့် စိုက်ပျိုးရေးနှင့်မွေးမြူရေးကဏ္ဍတွင် အခြေခံကောင်း၊ အစဉ်အလာကောင်းများရှိခဲ့သည့် ရှမ်းပြည်နယ်ရှိ တိုင်းရင်းသားများအနေဖြင့် ပိုမိုကြိုးပမ်းအားထုတ်ဆောင်ရွက်ပေးကြရန် တိုက်တွန်းမှာကြားလိုပါသည်။

ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်တည်ဆောက်ရေးအတွက် လူငယ်များအပါအဝင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးသည် အသိပညာ၊ အတတ်ပညာထူးချွန်ရန်လိုအပ်သကဲ့သို့ ဖြောင့်မတ်မှန်ကန်စွာ တွေးခေါ်ဆင်ခြင်ဆုံးဖြတ်နိုင်စွမ်းမြင့်မားရန်လည်း လိုအပ်ပါသည်။ နိုင်ငံတော်အနေဖြင့် ထူးချွန်ထက်မြက်ပြီး ပြည်ထောင်စုအတွက်လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရန် ဘက်စုံပညာရေးကို အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိပါသည်။ ကျေးလက်ဒေသ၊ နယ်စပ်ဒေသများပါမကျန် ပညာသင်ယူခွင့် အခွင့်အလမ်းများရရှိအောင် နိုင်ငံတော်နှင့်အတူ ဝိုင်းဝန်းကြိုးပမ်းကြပါရန် တိုက်တွန်းလိုပါသည်။

ဗလငါးတန်ပြည့်စုံသော လူငယ်များ ပေါ်ထွန်းလာရေးအတွက် အစီအစဉ်များ ချမှတ်ဆောင်ရွက်လျက်ရှိရာ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးတွင် ပညာရေးဖွံ့ဖြိုးတိုးတက်ရန် အရေးကြီးသကဲ့သို့ ကျန်းမာကြံ့ခိုင်ရေးသည်လည်း ထပ်တူထပ်မျှအရေးကြီးသည့်အတွက် ကျန်းမာကြံ့ခိုင်သော လူ့အဖွဲ့အစည်းဖြစ်ပေါ်စေရေး နိုင်ငံတော်က အလေးထားဆောင်ရွက်လျက်ရှိပါသည်။ အထူးသဖြင့် လူငယ်များအတွင်း ကျန်းမာကြံ့ခိုင်မှုနှင့် အားကစားစိတ်ဓာတ်ဖွံ့ဖြိုးလာစေရေးအတွက် တိုင်းရင်းသားပြည်သူများက နိုင်ငံတော်နှင့်အတူ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြပါရန် တိုက်တွန်းမှာကြားလိုပါသည်။

နိဂုံးချုပ်အနေဖြင့် အေးချမ်းသာယာသော ပြည်ထောင်စုကြီးဖြစ်ပေါ်လာရေးနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးတို့ကို အုတ်မြစ်ချပေးနိုင်ခဲ့သည့် **"ရှမ်းပြည်နယ်နေ့" အခါသမယတွင် ရှမ်းပြည်နယ်အတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားမိဘပြည်သူ ညီအစ်ကိုမောင်နှမများအားလုံးအနေဖြင့် ၁၉၄၇ ခုနှစ်က သန္ဓေတည်ဖြစ်ပွားခဲ့သော ပြည်ထောင်စုစိတ်ဓာတ်ကို အရင်းခံ၍ ပြည်ထောင်စုကြီး ငြိမ်းချမ်းသာယာရေးနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကိုတည်ဆောက်ရာတွင် နိုင်ငံတော်၊ တပ်မတော်နှင့်အတူ လက်တွဲပူးပေါင်းဆောင်ရွက်**ကြပါရန် တိုက်တွန်းလျက် သဝဏ်လွှာပေးပို့အပ်ပါသည်။

ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ
သတိုးသီရိသုဓမ္မမင်းအောင်လှိုင်
နိုင်ငံတော်ဝန်ကြီးချုပ်
ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ



## စုပေါင်းလုပ်ကြမှသာ

ဗမာက တစ်မျိုး၊ ကရင်က တစ်ဖုံ၊ ကချင်၊ ချင်းတို့က တခြား၊ အကွဲကွဲအပြားပြားလုပ်နေကြရင် အကျိုးရှိမှာမဟုတ်ဘူး။ စုပေါင်းလုပ်ကြမှာသာ အကျိုးရှိနိုင်မယ်။ လုပ်ကြည့်မှလည်း အကျိုးရှိကြောင်း သိနိုင်တယ်။

၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၁ ရက်ည ပင်လုံမြို့ စော်ဘွားများထမင်းစားပွဲတွင် မြွက်ကြားချက်မှ ကောက်နုတ်ချက်

# ပြည်သူ့စစ်မှုထမ်းများ ဆင့်ခေါ်ရာတွင် အသက် ၁၈ နှစ် မပြည့်သူများ မပါရှိစေရေးအတွက် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့အသီးသီးက စနစ်တကျကြပ်မတ်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၆**

အရွယ်မရောက်သေးသူ ကလေးသူငယ်များကို စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးကော်မတီ အစည်းအဝေး (၁/၂၀၂၅)ကို ယနေ့မွန်းလွဲပိုင်းတွင် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ အရွယ်မရောက်သေးသူ ကလေးသူငယ်များကို စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မောင်မောင်အေး တက်ရောက်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ အရွယ်မရောက်သေးသူ ကလေးသူငယ်များကို စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးကော်မတီဝင်များ၊ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် တပ်မတော်မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက တပ်မတော်အတွင်း အရွယ်မရောက်သေးသူကလေးသူငယ်များကို စစ်သည်အဖြစ် စုဆောင်းခြင်းနှင့် အသုံးပြုမှုမရှိစေရေး၊ တပ်မတော်သို့ တာဝန်ထမ်းဆောင်ရန် ဝင်ရောက်လာသော သံသယဖြစ်ဖွယ် လူငယ်များကို လက်ခံမှုမရှိစေရေးနှင့် အသက်မပြည့်ကြောင်း စိစစ်တွေ့ရှိသည့် စစ်သည်များကို မိဘအုပ်ထိန်းသူများထံသို့ ပြန်လည်လွှဲပြောင်းပေးရေးကိစ္စများနှင့် ပတ်သက်၍ The Country Task Force on Monitoring and Reporting- CTFMR နှင့် ပူးပေါင်းဆောင်ရွက်မှုမတိုင်မီ ၂၀၀၄ ခုနှစ်မှ ၂၀၁၂ ခုနှစ်အတွင်း အရွယ်မရောက်သေးမီ မှားယွင်းစုဆောင်းခဲ့သည့် အသက်မပြည့် စစ်သည် ၅၉၇ ဦးကို တပ်မတော်မှနုတ်ထွက်ခွင့်ပြုပေးခဲ့ပြီး မိဘအုပ်ထိန်းသူများထံ ပြန်လည် လွှဲပြောင်းပေးခဲ့ပါကြောင်း၊ ထို့နောက် ၂၀၁၂ ခုနှစ်တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် CTFMR တို့အကြား အရွယ်မရောက်သေးသူ ကလေးသူငယ်များကို စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီး ထိန်းသိမ်းရေးဆိုင်ရာ လုပ်ငန်းစီမံချက် (Plan of Action)ကို လက်မှတ်ရေးထိုးပြီး ပူးပေါင်းဆောင်ရွက်ခဲ့ပါကြောင်း၊ အဆိုပါပူးပေါင်းဆောင်ရွက်မှုအရ ၂၀၁၂ ခုနှစ်မှ ယနေ့ထိ အရွယ်မရောက်သေးသူ ကလေးသူငယ်များကို စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေး ကော်မတီနှင့် CTFMR တို့ပူးပေါင်းပြီး အရွယ်မရောက်သေးမီ မှားယွင်းစုဆောင်းခဲ့သည့် အသက်မပြည့် စစ်သည် ၁၀၅၇ ဦးကို တပ်မတော်မှ နုတ်ထွက်ခွင့်ပြုကာ မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းပေးခဲ့ပြီးဖြစ်ပါကြောင်း၊ တပ်မတော်အနေဖြင့် တပ်သားသစ်စုဆောင်းရေးကဏ္ဍတွင် အရွယ်မရောက်သေးသူကလေးသူငယ်များကို စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီး ထိန်းသိမ်းရေးကော်မတီနှင့် CTFMR တို့ သဘောတူ သတ်မှတ်ပြဋ္ဌာန်းချက်များနှင့် အညီ ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများ အတိုင်း အလေးထားလိုက်နာစုဆောင်းလျက်ရှိပါကြောင်း၊ အသိပညာပေးလုပ်ငန်းများကိုလည်း သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပေါင်းစပ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကော်မတီအစည်းအဝေးများကို ပုံမှန်ကျင်းပလျက်ရှိပြီး ကော်မတီ၏ရည်မှန်းချက်အတိုင်း တပ်မတော်အတွင်း ကလေးစစ်သား အသုံးပြုမှုမရှိစေရေး တစိုက်မတ်မတ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို CTFMR သို့အသိပေးအကြောင်းကြားလျက်ရှိပါကြောင်း။

ထို့ပြင် ၂၀၁၀ ပြည့်နှစ်တွင် ပြဋ္ဌာန်းခဲ့သည့် ပြည်သူ့စစ်မှုထမ်းဥပဒေကို ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်တွင် စတင်အကောင်အထည်ဖော် ကျင့်သုံးလျက်ရှိရာ ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကိုလည်း ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၂၃ ရက်တွင် ထုတ်ပြန်ခဲ့ပြီးဖြစ်ပါသဖြင့် အဆိုပါနည်းဥပဒေအရ ပြည်သူ့စစ်မှုထမ်းများ ဆင့်ခေါ်ရာတွင် အသက် ၁၈ နှစ်မပြည့်သူများ မပါရှိစေရေးအတွက် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး အဖွဲ့အသီးသီးက စနစ်တကျကြပ်မတ် ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ပြောကြားသည်။





ထို့နောက် အစည်းအဝေးတက်ရောက်လာကြသည့် ကော်မတီဝင်များနှင့် ကိုယ်စားလှယ်များက အရွယ်မရောက်သေးသူကလေးသူငယ်များကို စစ်မှုထမ်းဆောင်ခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးလုပ်ငန်းနှင့်ပတ်သက်၍ အကောင်အထည်ဖော်ဆောင်ရွက်မှု အခြေအနေများကိုရှင်းလင်းတင်ပြခြင်း၊ ယခင်အစည်းအဝေးဆုံးဖြတ်ချက်များပေါ် ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြခြင်းနှင့် ရှေ့လုပ်ငန်းစဉ်များအပေါ် သက်ဆိုင်ရာ ကဏ္ဍအလိုက် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်မည့်အခြေအနေများကို အကြံပြုဆွေးနွေးခဲ့ကြပြီး ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက ကော်မတီအနေဖြင့် ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလအတွင်း CTFMR နှင့် တွေ့ဆုံဆွေးနွေးမှုများပြုလုပ်ပြီး အသက်မပြည့်ကြောင်း စိစစ်တွေ့ရှိရပါက အဆိုပါစစ်သည်များကို မိဘ၊ အုပ်ထိန်းသူများထံ ထပ်မံလွှဲပြောင်းပေးသွားမည်ဖြစ်ကြောင်းနှင့် လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးသည်။

ယင်းနောက် အရွယ်မရောက်သေးသူ ကလေးသူငယ်များကို စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမောင်မောင်အေးက နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကိုဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။ ကာကွယ်ရေးဝန်ကြီးဌာန (https://www.mod.gov.mm)

၂။ ဥပဒေရေးရာဝန်ကြီးဌာန (https://www.mlis.gov.mm)

၃။ ပြန်ကြားရေးဝန်ကြီးဌာန (https://www.moi.gov.mm)

၄။ Myawady Webportal (https://myawady.net.mm)

၅။ Myanmar National Portal (https://myanmar.gov.mm)

# ရှမ်းပြည်နယ်တိုင်းရင်းသားရေးရာနှင့် သက်မွေးပညာသင်တန်းစင်တာ၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ပြည်ထောင်စုဝန်ကြီး ဦးခွန်သန့်ဇော်ထူး ကြည့်ရှုစစ်ဆေး

**တောင်ကြီး ဖေဖော်ဝါရီ ၆**

တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး ဦးခွန်သန့်ဇော်ထူး သည် ရှမ်းပြည်နယ် တိုင်းရင်းသားရေးရာ ဝန်ကြီး ဦးအောင်ကြည်ဝင်း၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ နှင့်အတူ ယမန်နေ့မွန်းလွဲပိုင်းတွင် တောင်ကြီးမြို့နယ် အေးသာယာမြို့ရှိ ရှမ်းပြည်နယ် တိုင်းရင်းသားရေးရာနှင့် သက်မွေးပညာသင်တန်းစင်တာသို့ သွား ရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ အလုပ်ရုံအဆောင်အတွင်း ဖွင့်လှစ်သင်ကြားလျက်ရှိသည့် မော်တော် ဆိုင်ကယ် အဆင့်မြင့်စက်ပြင်သင်တန်း (၁/၂၀၂၅)၊ Bakery & Snack အမျိုးမျိုးထုတ် လုပ်မှုသင်တန်း(၁/၂၀၂၅)နှင့် ကွန်ပျူတာ အဆင့်မြင့်ပြုပြင်ထိန်းသိမ်းခြင်း သင်တန်း (၁/၂၀၂၅)တို့သို့တက်ရောက်နေကြသည့် သင်တန်းသား၊သင်တန်းသူများ၊ သင်တန်း ကြီးကြပ်အုပ်ချုပ်သူများ၊ နည်းပြဆရာ၊ ဆရာမများ၏ သင်တန်းချိန်အတွင်း လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှု စစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့် ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် သင်တန်းသား၊ သင်တန်းသူများနေထိုင်ရာ အဆောင် အိပ်ခန်းများနှင့် စားရိပ်သာဆောင်တို့ကို ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများ၊သင်တန်း သား၊ သင်တန်းသူများနှင့် တွေ့ဆုံကာ ဝန်ထမ်းများအတွက် ချီးမြှင့်ငွေများ ပေးအပ်သည်။

ယင်းနောက် သင်တန်းကျောင်း၏ ရေပေးဝေရေးစနစ်ကို ကြည့်ရှုစစ်ဆေးပြီး ဆိုင်ကယ်ပြင်သင်တန်းဆင်း တိုင်းရင်းသား တစ်ဦး၏ သင်တန်းကျောင်းမှ သင်ပေး လိုက်သောပညာဖြင့် အသက်မွေးဝမ်း ကျောင်းပြုလုပ်နေမှုကို ကြည့်ရှုအားပေးခဲ့ ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



# ပြည်ပမှ စက်သုံးဆီနှင့် စားအုန်းဆီတင် သင်္ဘောများ စဉ်ဆက်မပြတ်ဝင်ရောက်လျက်ရှိသဖြင့် ပြည်တွင်းသုံးစွဲမှုလုံလောက်သည့်အပြင် ဈေးနှုန်းမှာလည်း ယခင်ထက်လျှော့နည်းကျဆင်းလျက်ရှိ









**နေပြည်တော် ဖေဖော်ဝါရီ ၆**

ပြည်ပမှ စက်သုံးဆီနှင့် စားအုန်းဆီ တင်သင်္ဘောများ ကြိုတင်စီမံထားသည့် အတိုင်း စဉ်ဆက်မပြတ် ဝင်ရောက်လျက်ရှိ သဖြင့် ပြည်တွင်းသုံးစွဲမှုလုံလောက်သည့် အပြင် အရန်ဆီများကြိုတင်သိုလှောင် ထားရှိပြီး ရောင်းဈေးနှုန်းသည်လည်း ယခင်ထက် လျှော့နည်းကျဆင်းလျက်ရှိ ကြောင်း စက်သုံးဆီတင်သွင်းသိုလှောင် ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေး ကော်မတီမှ သိရသည်။

လက်ရှိတွင် သီလဝါရှိ ဆီချဆိပ်ကမ်း များတွင် စက်သုံးဆီတင်သင်္ဘော ခြောက်စီး၊ ပင်လယ်ဝတွင် သင်္ဘော သုံးစီးရောက်ရှိပြီ ဖြစ်ပြီး လမ်းခရီးတွင် သင်္ဘော တစ်စီးနှင့် ပြည်ပနိုင်ငံတွင် စက်သုံးဆီတင်ဆောင်နေ သော သင်္ဘော ၁၀ စီးသည် အသင့်ဖြစ်နေပြီ ဖြစ်ကာ ဖေဖော်ဝါရီလအတွင်း သင်္ဘော ၂၉ စီးဖြင့် စဉ်ဆက်မပြတ်တင်သွင်း ရန် ကြိုတင်စီမံဆောင်ရွက်ထားကြောင်း အဆိုပါကော်မတီမှ သိရသည်။

ထို့ပြင် စက်သုံးဆီတင်သွင်းသိုလှောင် ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ သည် ပြည်တွင်းစက်သုံးဆီဖူလုံမှုရှိစေရန် အတွက် နေ့စဉ်သုံးစွဲမှုပမာဏအပြင် အရန်ဆီအနေဖြင့် တစ်လစာခန့်တင်သွင်း သိုလှောင်ထားရှိပြီး သီလဝါမှ နိုင်ငံတစ်ဝန်း သို့ လုံလောက်သောဆီတင်ယာဉ်များဖြင့် အချိန်နှင့်တစ်ပြေးညီ ဖြည့်တင်းဖြန့်ဖြူး ရောင်းချပေးနေကာ ဒေသအသီးသီးရှိ ပြည်သူများသည် စက်သုံးဆီပြတ်လပ်မှု မရှိဘဲ လိုအပ်သည့်နေရာတွင် လိုအပ်သည့် ပမာဏကို လွယ်ကူအဆင်ပြေချောမွေ့စွာ ဝယ်ယူသုံးစွဲနိုင်ရန် စီမံထားရှိသည့် အတွက် စက်သုံးဆီဈေးနှုန်းများသည် လည်း ယခင်ကထက် တစ်လီတာလျှင် ၈၅ ကျပ်မှ ၁၁၅ ကျပ်ထိ ဆက်တိုက် ကျဆင်းလျက်ရှိကြောင်း သိရသည်။

အလားတူ စားအုန်းဆီဈေးနှုန်းသည် ယခင်တစ်ပိဿာ ရည်ညွှန်းဈေးနှုန်း ငွေကျပ် ၇၂၈၀ မှ ယခုအပတ်တွင် ၇၁၆၅ ကျပ်ထိ ဆက်တိုက်ကျဆင်းလျက်ရှိပြီး နိုင်ငံတကာဈေးနှုန်း ဖြစ်ပေါ်ပြောင်းလဲမှု နှင့်အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက် သည့်ဈေးနှုန်းဖြင့် သတ်မှတ်ရောင်းချပေး သွားမည်ဖြစ်သည့်အပြင် ရန်ကုန်ဆီကန် အထိုင်ရည်ညွှန်းဈေးနှုန်းကိုလည်း စားသုံး ဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီမှ အပတ်စဉ် သတ်မှတ် ထုတ်ပြန်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ လျှော့ပေါ့ခွင့်ရသူများ

**လျှော့ပေါ့ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှု ထမ်းဆောင်ရမည့်တာဝန်မှ လျှော့ပေါ့ခွင့်ပြုသူများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) လျှောက်ထားသူ၏ မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၄င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ တစ်ဝက်အထိ လျှော့ပေါ့ပေးနိုင်သည်။

(ခ) လျှောက်ထားသူ၏ မိဘနှစ်ပါးအနက် တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၄င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးနိုင်သည်။

(ဂ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့်ကာလအတွင်း ထိခိုက်ဒဏ်ရာရရှိခြင်းများရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့်နေ့နောက်ပိုင်း ဆက်လက်တာဝန်ထမ်းဆောင်ရန် ကျန်ရှိသည့်ကာလအား လျှော့ပေါ့ပေးနိုင်သည်။

# သုမင်္ဂလာဈေး(ညံတောဈေး) ခြောက်ထပ်အဆင့်မြင့်ဈေးသစ် တည်ဆောက်ရေးစီမံကိန်းနှင့် သီရိရတနာဈေးသို့ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင် သွားရောက်ကြည့်ရှု



မန္တလေး ဖေဖော်ဝါရီ ၆

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်သည် ယနေ့နံနက်ပိုင်းက ပြင်ဦးလွင်မြို့ သုမင်္ဂလာဈေး(ညံတောဈေး) ခြောက်ထပ် အဆင့်မြင့်ဈေးသစ်တည်ဆောက်ရေးစီမံကိန်းနှင့် သီရိရတနာဈေးသို့ သွားရောက်ကြည့်ရှုခဲ့သည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ပြင်ဦးလွင်မြို့ ရပ်ကွက်ကြီး(၂)ရှိ သုမင်္ဂလာဈေး(ညံတောဈေး)ခြောက်ထပ်အဆင့်မြင့်ဈေးသစ်တည်ဆောက်ရေး စီမံကိန်းသို့ ရောက်ရှိရာ စီမံကိန်းနှင့် သက်ဆိုင်ရာဌာနဆိုင်ရာများမှ တာဝန်ရှိသူများက မြေညီထပ်မှစ၍ အထပ်အလိုက် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ လျှပ်စစ်ဓာတ်အားများ ထုတ်လုပ်နိုင်ရေးဆိုလာပြားများ တပ်ဆင်သွားမည့် အခြေအနေ၊ ယာဉ်ရပ်နားသည့်နေရာအတွင်း EV ကားများအတွက် Battery Charger နေရာများဆောင်ရွက်နေမှု၊ ရေမီးစနစ်၊ ရေဝင်ရေထွက်နှင့် ရေဆိုးစွန့်ပစ်မှုစနစ်များကောင်းမွန်စေရန် ဆောင်ရွက်နေမှုတို့ကို လိုက်လံရှင်းလင်းပြသရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က နိုင်ငံတော်အကြီးအကဲ လာရောက်စစ်ဆေးစဉ် လမ်းညွှန်မှာကြားချက်များ ပြီးမြောက်အောင် အလေးထားဆောင်ရွက်သွားရေးနှင့် လုပ်ငန်းများသတ်မှတ်ကာလအတွင်း အရည်အသွေးပြည့်မီစွာဖြင့် ပြီးစီးရေး သက်ဆိုင်ရာဌာနများနှင့်ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားရေးတို့ကို ပြောကြား၍ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးပြီး တည်ဆောက်ရေးစီမံကိန်းအတွင်းနှင့် ရေဆိုးစွန့်ပစ်မှုစနစ်များကောင်းမွန်စေရန် Box Culvert ဆောက်လုပ်နေမှုနှင့်ရေစီးရေလာကောင်းမွန်ရေးအတွက် ဆောင်ရွက်မည့်အခြေအနေများကို လိုက်လံကြည့်ရှုခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ရပ်ကွက်ကြီး(၁၀)ရှိ သီရိရတနာဈေးသို့ရောက်ရှိပြီး တာဝန်ရှိသူများကလိုက်လံရှင်းလင်းပြသရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုများအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ ဈေးသူ၊ ဈေးသားများနှင့် ဈေးဝယ်ပြည်သူများကို ရင်းနှီးစွာ နှုတ်ဆက်အားပေးစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **မျိုးကျော်**



သံဃာတော်များအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုကို မြစ်ကြီးနားတပ်နယ်မှ တာဝန်ရှိသူများက ကြည့်ရှုအားပေးစဉ်။

# မြစ်ကြီးနားမြို့ပေါ်ရှိ သံဃာတော်များအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

နေပြည်တော် ဖေဖော်ဝါရီ ၆

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ပေါ်ရှိ သံဃာတော်များအား ယနေ့နံနက်ပိုင်းတွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါမြို့ရှိ ရွှေရတနာပုံကျောင်းတိုက်အတွင်း၌ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် အပါး ၃၀ အား ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အရိုးအကြောရောဂါ၊ အာရုံကြောအားနည်းခြင်းရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့်ကျန်းမာရေးစစ်ဆေးကုသပေးခြင်း၊ ECG စက်ဖြင့် နှလုံးစမ်းသပ်စစ်ဆေးပေးခြင်း၊ ဓာတ်မှန်ရိုက်၍ ရောဂါရှာဖွေစမ်းသပ် စစ်ဆေးပေးခြင်းနှင့် ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့် သံဃာတော်များအား နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေးစီစဉ်ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးနေမှုများကို မြစ်ကြီးနားတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (ဗဟိုသတင်း)

# မြိတ်မြို့နယ်ရှိ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများနှင့် ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်

နေပြည်တော် ဖေဖော်ဝါရီ ၆

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ်ရှိ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များအား စားသောက်ဖွယ်ရာများနှင့် ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ခြင်းကို ယနေ့နံနက်ပိုင်းတွင် မြိတ်မြို့ရှိ နယ်မြေခံတပ်ရင်းခန်းမ၌ပြုလုပ်ရာ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ကျော်ဟန်နှင့် အဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ တက်ရောက်ကြသည်။



ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ကျော်ဟန် မြိတ်မြို့နယ်ရှိ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများနှင့် ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်စဉ်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားသည်။ ထို့နောက် ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

ယင်းနောက် တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များအား လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများကို လိုက်လံကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ ထားဝယ်မြို့နှင့် ကော့သောင်းမြို့တို့ရှိ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များကိုလည်း တာဝန်ရှိသူများက စားသောက်ဖွယ်ရာများနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (ဗဟိုသတင်း)

# ဂွမြို့အနီး မြန်မာ့ပင်လယ်ပြင်အတွင်း ရေဝင်နစ်မြုပ်နေသည့် ကုန်တင်လှေတစ်စီးကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ကူညီကယ်ဆယ်

နေပြည်တော် ဖေဖော်ဝါရီ ၆

ရခိုင်ပြည်နယ် ဂွမြို့နယ်ရှိ မြန်မာ့ပင်လယ်ပြင်အတွင်းလုံခြုံရေးဆောင်ရွက်နေသည့် တပ်မတော်(ရေ)မှတပ်ဖွဲ့ဝင်များသည် ဂွမြို့၏အနောက်တောင်ဘက် ရေမိုင် ၁၈ ဒသမ ၅ မိုင်အကွာ၌ ရွှေကြယ်လင်း(၁) အမည်ရှိကုန်တင်လှေတစ်စီးသည် လှိုင်းပုတ်၍ လှေဝမ်းပျဉ်ချပ်များပြုတ်ထွက်ပြီး ရေဝင်နစ်မြုပ်နေကြောင်းဆက်သွယ်ရေးလေလှိုင်းမှသတင်းရရှိ၍ ယနေ့နံနက် ၁ နာရီ ၂၅ မိနစ်တွင် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ သွားရောက်ဆောင်ရွက်ရာ ၅ နာရီ ၄၅ မိနစ်ခန့်တွင်ရေဝင်နစ်မြုပ်နေသည့် ကုန်တင်လှေအနီးသို့ရောက်ရှိခဲ့ပြီး လှေပေါ်တွင်လိုက်ပါလာသော လှေသား ငါးဦးကို ရေယာဉ်ပေါ်သို့ ကယ်ဆယ်တင်ဆောင်ကာ လိုအပ်သည့်ကျန်းမာရေး စစ်ဆေးပေးခြင်းများ ဆောင်ရွက်ပေးပြီး အဝတ်အထည်နှင့် စားသောက်ဖွယ်ရာများ ပေးအပ်၍လှေသားများကို သက်ဆိုင်ရာသို့စနစ်တကျလွှဲပြောင်းပေးအပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (ဗဟိုသတင်း)



ဂွမြို့အနီး မြန်မာ့ပင်လယ်ပြင်အတွင်း ရေဝင်နစ်မြုပ်နေသည့် ကုန်တင်လှေတစ်စီးကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ကူညီကယ်ဆယ်ပေးစဉ်။

## ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ ၆ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး(Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့် အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၅၄၈၀၀၀၀ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

# နိုင်ငံတော်အနေဖြင့် နယ်စပ်ဒေသများတွင် ဖြစ်ပေါ်လျက်ရှိသော Online လိမ်လည်မှုများ၊ Online လောင်းကစားမှုများကို ပြတ်ပြတ်သားသား နှိမ်နင်းဆောင်ရွက်လျက်ရှိပြီး မြန်မာနိုင်ငံအတွင်းသို့ အထောက်အထားမဲ့ဝင်ရောက်လာသူများကို သက်ဆိုင်ရာနိုင်ငံများသို့ ထပ်မံလွှဲပြောင်းပေးအပ်လျက်ရှိ



မြန်မာနိုင်ငံအတွင်းသို့ အထောက်အထားမဲ့ဝင်ရောက်လာသူများကို လုပ်ထုံးလုပ်နည်းများနှင့်အညီ လွှဲပြောင်းပေးအပ်လျက်ရှိမှုကို တွေ့ရစဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၆**

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကို အလေးထားဆောင်ရွက်လျက်ရှိပြီး အချို့သောနယ်စပ်ဒေသများ၌ လက်ရှိဖြစ်ပေါ်နေသည့် အခြေအနေများအပေါ် အခွင့်ကောင်းယူ၍ ပြည်ပနိုင်ငံသားအချို့အနေဖြင့် EAO လက်နက်ကိုင်အဖွဲ့များအပါအဝင် ဆက်စပ်နေရာများမှ ကိုယ်ကျိုးစီးပွားရှာသူများ၏ပါဝင်ပတ်သက်မှုများဖြင့် Online လိမ်လည်မှုများ၊ Online လောင်းကစားမှုများကို ကျယ်ပြန့်စွာလုပ်ဆောင်လျက်ရှိသဖြင့် စိစစ်ဖော်ထုတ်ခြင်းနှင့်ပြန်လည်လွှဲပြောင်းခြင်းလုပ်ငန်းစဉ်ကို အလေးထားဆောင်ရွက်လျက်ရှိသည်။

ထိုကဲ့သို့ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လျက်ရှိသည့် ပြည်ပနိုင်ငံသားများကို စိစစ်ဖော်ထုတ်မှုများဆောင်ရွက်ခဲ့ရာ အများစုသည် ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံနယ်နိမိတ်အတွင်းသို့ ၎င်းတို့၏ ကိုယ်ကျိုးစီးပွားအတွက် အလုပ်လုပ်ကိုင်ရန် တရားမဝင် ဝင်ရောက်လာကြသူများဖြစ်ကြောင်း တွေ့ရှိရပြီး နိုင်ငံတော်အစိုးရအနေဖြင့် ၎င်းတို့သည် တရားမဝင် ဝင်ရောက်လာသူများဖြစ်သော်လည်း လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်းချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍တရားဥပဒေနှင့်အညီ စစ်ဆေး၍ သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည်လွှဲပြောင်းပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ကရင်ပြည်နယ် မြဝတီ-ရွှေကုက္ကိုလ်နှင့်KK Park နယ်မြေအတွင်း Online လိမ်လည်မှုများ၊ Online လောင်းကစားမှုများ ကျူးလွန်စေရန် ငွေကြေးမက်လုံးပေးစည်းရုံးမှုများဖြင့် အဓမ္မလူကုန်ကူးခြင်းခံထားရသည့် တရုတ်နိုင်ငံသား ၃၉ ဦး၊ ကာဇက်စတန်နိုင်ငံသား တစ်ဦး၊ အင်ဒိုနီးရှားနိုင်ငံသား ငါးဦး၊ အီသီယိုးပီးယားနိုင်ငံသား တစ်ဦး၊ ပါကစ္စတန်နိုင်ငံသား တစ်ဦး၊ မလေးရှားနိုင်ငံသား တစ်ဦး၊ အိန္ဒိယနိုင်ငံသား ၁၃ ဦး၊ စုစုပေါင်း ၆၁ ဦးတို့ကို ဖော်ထုတ်ရရှိသဖြင့် လိုအပ်သည့် စစ်ဆေးမှုများ ပြုလုပ်ခဲ့ပြီး ယနေ့ မွန်းလွဲ ၁ နာရီခွဲခန့်တွင် မြန်မာ-ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားနေရာ၌ လုပ်ထုံးလုပ်နည်းများနှင့်အညီ ထိုင်းနိုင်ငံမှ တာဝန်ရှိသူများထံသို့ လွှဲပြောင်းပေးအပ်နိုင်ခဲ့ကြောင်း သိရသည်။

၎င်းတို့ကို စစ်ဆေးမေးမြန်းချက်များအရ ၎င်းတို့သည် ကွန်ပျူတာနှင့်ပတ်သက်သည့်လုပ်ငန်းများ၊ ဘာသာပြန်လုပ်ငန်းများအား လစာငွေအများအပြားဖြင့် လုပ်ကိုင်ရမည်ဟု အွန်လိုင်းမှတစ်ဆင့် သွေးဆောင်စည်းရုံးခံရပြီး မက်လုံးပေးလိမ်လည်ခြင်းခံခဲ့ရကြောင်း၊ ထို့နောက် သက်ဆိုင်ရာနိုင်ငံအသီးသီးမှ ထိုင်းနိုင်ငံ ဗန်ကောက်မြို့သို့လည်းကောင်း၊ ၎င်းမှတစ်ဆင့် မြန်မာ-ထိုင်းနယ်စပ်မြို့ဖြစ်သည့် မဲဆောက်မြို့သို့ ကနဦးရောက်ရှိကြပြီး တရားမဝင်ကျားဖြန့်လုပ်ငန်းမှ ကိုယ်စားလှယ်များက ထိုင်း-မြန်မာနယ်စပ်ရှိ သောင်ရင်းမြစ်ကို တရားမဝင်ဖြတ်ကျော်ခေါ်ဆောင်ကာ မြဝတီ-ရွှေကုက္ကိုလ်နှင့် KK Park နယ်မြေအတွင်းရှိ Online လိမ်လည်မှုများ၊ Online လောင်းကစားမှုများတွင် ပါဝင်လုပ်ဆောင်ရန် အတင်းအဓမ္မစေခိုင်းခြင်း ခံခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။

နိုင်ငံတော်အနေဖြင့် Online လိမ်လည်မှုများ၊ Online လောင်းကစားမှုများလုပ်ဆောင်နေသူများနှင့် ပါဝင်ပတ်သက်နေသူများကို အိမ်နီးချင်းနိုင်ငံများအပါအဝင် နိုင်ငံတကာမှ အဖွဲ့အစည်းများနှင့်ပူးပေါင်း၍ စုံစမ်းဖော်ထုတ်အရေးယူမှုများကို ပြတ်ပြတ်သားသား အရေးယူခြင်းနှင့် လိုအပ်သည့် ကူညီဆောင်ရွက်ပေးခြင်းများကို ပြုလုပ်ပေးလျက်ရှိပြီး ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ အိမ်နီးချင်းနိုင်ငံအစိုးရများအပါအဝင် နိုင်ငံသူ၊ နိုင်ငံသားများအနေဖြင့်လည်း ၎င်းကိစ္စရပ်များနှင့်ပတ်သက်သည့် သတင်းအချက်အလက်များရရှိပါက သက်ဆိုင်ရာသို့ အမြန်ဆုံးဆက်သွယ်သတင်းပေးပို့ခြင်းဖြင့် Online လိမ်လည်မှုများ၊ Online လောင်းကစားမှုတိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ခံယူကာ ပူးပေါင်းတိုက်ဖျက်သွားကြရန် လိုအပ်မည်ဖြစ်ကြောင်းဖြင့် သတင်းရရှိသည်။ (၅၀၁)

# တောင်သာမြို့နယ် ရုံးစည်ကြီးရွာနှင့် ရွာသစ်ရွာရှိ ဘုန်းကြီးကျောင်းနှင့် နေအိမ်များကို လုံခြုံရေးတပ်ဖွဲ့ဝင်များက လေကြောင်းဖြင့် ဗုံးကြဲတိုက်ခိုက်ခဲ့သဖြင့် သံဃာတော်တစ်ပါးနှင့် ပြည်သူတစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း မဟုတ်မမှန်သတင်းများ ရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၆**

မန္တလေးတိုင်းဒေသကြီး တောင်သာမြို့နယ်ရှိ ရုံးစည်ကြီးရွာနှင့် ရွာသစ်ရွာရှိ ဘုန်းတော်ကြီးကျောင်းနှင့် နေအိမ်များကို လုံခြုံရေးတပ်ဖွဲ့ဝင်များက လေကြောင်းဖြင့် ဗုံးကြဲတိုက်ခိုက်ခြင်းကြောင့် သံဃာတော်တစ်ပါးနှင့် ပြည်သူတစ်ဦး ထိခိုက်ဒဏ်ရာရရှိကြောင်း တရားမဝင်ပြည်ဖျက်မီဒီယာတစ်ခုက မဟုတ်မမှန်သတင်းများ ရေးသားဖြန့်ဝေလျက်ရှိကြောင်း သိရသည်။

အဆိုပါသတင်းနှင့် ပတ်သက်၍ သက်ဆိုင်ရာလုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ အဆိုပါသတင်းမှာ မှန်ကန်မှုမရှိကြောင်း၊လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် စစ်ရေးပစ်မှတ်မဟုတ်သည့် ကျေးရွာများကို ဥပဒေမဲ့ပစ်ခတ်တိုက်ခိုက်ခြင်းမရှိကြောင်း၊အကြမ်းဖက်သမားများကသာ ခြိမ်းခြောက်စာများပေးပို့၍ ဆက်ကြေးကောက်ခံခြင်းများ လုပ်ဆောင်လျက်ရှိပြီး ၎င်းတို့အလိုကျ လိုက်ပါလုပ်ဆောင်ခြင်းမရှိသည့် ကျေးရွာ၊ ရပ်ကွက်များ၊ဘုန်းတော်ကြီးကျောင်းများနှင့်စာသင်ကျောင်းများကို မီးရှို့ဖျက်ဆီးခြင်း၊လက်နက်ကြီးများဖြင့် ပစ်ခတ်ခြင်း၊ ဒရုန်းများဖြင့် ဗုံးကြဲခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုဖြစ်စဉ်တွင်လည်း အကြမ်းဖက်သမားများ၏ လုပ်ရပ်များကို ဖုံးကွယ်ရန်နှင့် လုံခြုံရေးဆောင်ရွက်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် ပြည်သူလူထုက အထင်အမြင်လွဲမှားစေရန် ရည်ရွယ်၍ အကြမ်းဖက်အားပေးပြည်ဖျက်မီဒီယာများက ယခုကဲ့သို့ မဟုတ်မမှန် ရေးသားဖြန့်ဝေနေခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၁)




❖ ကျောဖုံးမှအဆက်

မွန်းတည့် ၁၂ နာရီက AK United အသင်းနှင့် KBK FCအသင်းတို့ ကစားခဲ့ရာ AK Unitedအသင်းက ခြောက်ဂိုး တစ်ဂိုးဖြင့်လည်းကောင်း၊ မွန်းလွဲ ၂နာရီက SK FC အသင်းနှင့် Team YG U-19 အသင်းတို့ ကစားခဲ့ရာ SK FCအသင်းက ကိုးဂိုး နှစ်ဂိုးဖြင့်လည်းကောင်း အသီးသီးအနိုင်ရရှိခဲ့ကြပြီး ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်နိုင်ခဲ့ကြသည်။

Royal-D Qualified Futsal Cup Mandalay 2025 ပြိုင်ပွဲ ၁၆ သင်းရှုံးထွက်အဆင့်ပွဲစဉ်များအဖြစ် ဖေဖော်ဝါရီ ၇ ရက် နံနက် ၈ နာရီတွင် Mogyo Legend အသင်းနှင့် TG Old Starအသင်း၊ နံနက် ၁၀နာရီတွင် Mali Kyal Sin အသင်းနှင့် Lin Lat Shwe Sin အသင်း၊ မွန်းတည့် ၁၂ နာရီတွင် Poenix FC အသင်းနှင့် 135 Family U-18 အသင်း၊ မွန်းလွဲ ၂ နာရီတွင် War Khin Kone အသင်းနှင့် Brother Hood အသင်းတို့ ဆက်လက်ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

Royal-D Qualified Futsal Cup Mandalay 2025 ပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်များကို ဖေဖော်ဝါရီ ၈ ရက်တွင်လည်းကောင်း၊ ဆီမီးဖိုင်နယ်အဆင့်ပွဲစဉ်များကို ဖေဖော်ဝါရီ ၉ ရက်တွင်လည်းကောင်း၊ တတိယနေရာလုပွဲကို ဖေဖော်ဝါရီ ၁၀ ရက် နံနက် ၈ နာရီနှင့် ဗိုလ်လုပွဲစဉ်ကို နံနက် ၁၀ နာရီတို့တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ STA

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုကို နှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

**၇၈ နှစ်မြောက် ပြည်ထောင်စုနေ့အကြို ဂုဏ်ပြုဆောင်းပါး**

# ပြည်ထောင်စုစိတ်ဓာတ်အရင်းတည် သွေးစည်းညီညွတ်ကြရမည်

ဖေဖော်ဝါရီ ၁၂ ရက်နေ့တွင် ကျရောက်သော ပြည်ထောင်စုနေ့သည် ပြည်မတောင်တန်းဒေသမခွဲခြားဘဲ ပြည်ထောင်စုသားများအဖြစ် ဗြိတိသျှလက်အောက်က အတူတကွရုန်းထွက်ကာ လွတ်လပ်ရေးအရယူမည်ဟူသည့် စိတ်ဓာတ်အပြည့်ဖြင့် ပင်လုံစာချုပ်ကိုချုပ်ဆိုနိုင်ခဲ့သော ပြည်ထောင်စုစိတ်ဓာတ်အရင်းတည်ရာ သမိုင်းမှတ်တိုင်တစ်ခုဖြစ်သည်။ မြန်မာနိုင်ငံသား၊ ပြည်ထောင်စုဖွားတိုင်းရင်းသားလူမျိုးအားလုံး၏ ရင်ထဲအသည်းထဲတွင် အရေးကြီးသောနေ့တစ်နေ့၊ မေ့ပျောက်၍မရသောအဓိပ္ပာယ်ပြည့်စုံသောနေ့တစ်နေ့၊ စည်းလုံးခြင်းတို့၏သင်္ကေတအမှတ်အသား နေ့ထူးနေ့မြတ်လည်းဖြစ်သည်။

ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ တိုင်းရင်းသားခေါင်းဆောင်ကြီးများ၊ တိုင်းရင်းသားပြည်သူများသည် အရေးကြီးလျှင် သွေးနီးကြသည်ဆိုသည့်အတိုင်း စည်းလုံးညီညွတ်မှုကို အခိုင်အမာပြသနိုင်ခဲ့ကြသည်။ ပင်လုံစာချုပ်ကိုချုပ်ဆိုကာ နယ်ချဲ့တို့ထံမှ လွတ်လပ်ရေးကိုအရယူနိုင်ခဲ့ပြီး ပြည်ထောင်စုကိုတည်ဆောက်နိုင်ခဲ့သည်။ သမိုင်းဝင်နေ့ထူးနေ့မြတ်ကြီးဖြစ်သော ပြည်ထောင်စုနေ့ကို မြန်မာပြည်သူပြည်သားတိုင်းက မေ့ပျောက်၍ မရနိုင်သလို ပြည်ထောင်စုစိတ်ဓာတ်သည်လည်း နောင်နှစ်ပေါင်းများစွာတိုင် ကမ္ဘာတည်သရွေ့ တည်တံ့ခိုင်မြဲနေမည်သာဖြစ်သည်။ ပင်လုံမြေမှစတင်ခဲ့သည့် ပြည်ထောင်စုနေ့သည် ယခုဆိုလျှင် ၇၈ နှစ်တိုင်ခဲ့ပြီဖြစ်သလို ပြည်ထောင်စုဖွားတိုင်းရင်းသားများအတွက် အစဉ်အလေးထား တန်ဖိုးထားအပ်သော နေ့ထူးနေ့မြတ်ဖြစ်သည်။

၁၉၄၇ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်နေ့ ရှမ်းပြည်နယ်(တောင်ပိုင်း)ပင်လုံမြို့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွက် သမိုင်းဝင်ပင်လုံစာချုပ်ကို အမျိုးသားခေါင်းဆောင် ဗိုလ်ချုပ်အောင်ဆန်းနှင့် ရှမ်းစော်ဘွားများ၊ ကချင်တောင်တန်းဒေသ၊ ချင်းတောင်တန်းဒေသတို့မှ တိုင်းရင်းသားခေါင်းဆောင်ကြီးများက တစည်းတလုံးတည်း ညီညီညွတ်ညွတ်ဖြင့် ပင်လုံစာချုပ်ကို လက်မှတ်ရေးထိုးခဲ့သည်။ နယ်ချဲ့အင်္ဂလိပ်တို့က မြန်မာနိုင်ငံကို လွတ်လပ်ရေးပေးရတော့မည့်အချိန်တွင် တောင်တန်းဒေသကို လွတ်လပ်ရေးမပေးဘဲ သွေးခွဲအုပ်ချုပ်ရန် ကြံစည်ခဲ့သည်။ နယ်ချဲ့တို့က မြန်မာနိုင်ငံတောင်တန်းဒေသကို ဆက်လက်ချုပ်ကိုင်ထားပြီး ပြည်မဒေသကိုသာ လွတ်လပ်ရေးပေးမည့်အကြံဖြစ်သည်။ ဒီမိုကရေစီမူအရ ပြည်မသား၊ တောင်တန်းသားအားလုံး အခွင့်အရေးတန်းတူညီမျှရေးဟူသည့် ဗိုလ်ချုပ်အောင်ဆန်းနှင့် တိုင်းရင်းသားခေါင်းဆောင်ကြီးများ၏ အမြော်အမြင်ကြီးမားမှုအပေါ်တွင်မူတည်၍ ပြည်သူလူထုတို့၏ နိုင်ငံရေးနိုးကြားတက်ကြွမှုတို့ဖြင့် ပင်လုံစာချုပ်ကို လက်မှတ်ရေးထိုးနိုင်ခဲ့ပြီး လွတ်လပ်ရေးကိုအရယူနိုင်ခဲ့သည်။ နယ်ချဲ့တို့က နည်းမျိုးစုံအသုံးပြုကာ တောင်ပေါ်မြေပြန့် တိုင်းရင်းသားများကို မည်မျှပင်သွေးခွဲခဲ့သော်လည်း တိုင်းရင်းသားအားလုံးတို့က ပြည်ထောင်စုစိတ်ဓာတ်ဖြင့် နယ်ချဲ့တို့၏ အကြံအစည်ကို ရိုက်ချိုးနိုင်ခဲ့သည်။ ထိုကဲ့သို့ တောင်တန်းပြည်မ သွေးစည်းညီညွတ်စွာဖြင့် ပင်လုံစာချုပ်ကိုချုပ်ဆိုခဲ့သည့်နေ့ကို ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ သမိုင်းဝင်နေ့ထူးနေ့မြတ်အဖြစ် သတ်မှတ်ခဲ့ကြပြီး ပြည်ထောင်စုကြီးမပြိုကွဲအောင် တိုင်းရင်းသားအားလုံးတို့က ဥမကွဲသိုက်မပျက် ထိန်းသိမ်းစောင့်ရှောက်နိုင်ခဲ့သည့် သမိုင်းမှတ်တိုင်ပင်ဖြစ်သည်။

ပင်လုံစာချုပ်၏ အသီးအပွင့်အဖြစ် တောင်တန်းနှင့် မြေပြန့်ဒေသများပေါင်းစည်းပြီး လွတ်လပ်ရေးကို ၁၉၄၈ ခုနှစ်တွင် ပြန်လည်ရယူနိုင်ခဲ့သည်။ တစ်နိုင်ငံလုံးစုစုစည်းစည်းဖြင့် လွတ်လပ်ရေးကို ပြန်လည်ရယူနိုင်ခဲ့သည့် ပြည်ထောင်စုစိတ်ဓာတ်ကို တိုင်းရင်းသားသွေးချင်းများအကြား ရေရှည်တည်တံ့အောင် ဆက်လက်ထိန်းသိမ်းပြီး ပြည်ထောင်စုကြီး အစွန့်ရှည်တည်တံ့ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဆက်လက်ကြိုးပမ်းသွားရမည်ဖြစ်သည်။ ပြည်ထောင်စုစိတ်ဓာတ်၊ ပြည်ထောင်စု၏အနက်အဓိပ္ပာယ်၊ ပြည်ထောင်စု၏အနှစ်သာရတို့ကို နောင်မျိုးဆက်သစ်လူငယ်များ၏ ရင်ထဲနှလုံးသားထဲတွင် ကိန်းအောင်းတည်ရှိနေစေရန် ဆက်လက်လက်ဆင့်ကမ်းရမည်ဖြစ်ပြီး အရည်အချင်းမြင့်မား၍ ပြည်ထောင်စုစိတ်ဓာတ်ခိုင်မာသော မျိုးဆက်သစ်များကို ပြုစုပျိုးထောင်သွားရမည်ဖြစ်သည်။

**❖တစ်နိုင်ငံလုံးစုစုစည်းစည်းဖြင့် လွတ်လပ်ရေးကို ပြန်လည်ရယူနိုင်ခဲ့သည့် ပြည်ထောင်စုစိတ်ဓာတ်ကို တိုင်းရင်းသားသွေးချင်းများအကြား ရေရှည်တည်တံ့အောင် ဆက်လက်ထိန်းသိမ်းပြီး ပြည်ထောင်စုကြီး အစွန့်ရှည်တည်တံ့ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဆက်လက်ကြိုးပမ်းသွားရမည်ဖြစ်သည်။ ပြည်ထောင်စုစိတ်ဓာတ်၊ ပြည်ထောင်စု၏အနက်အဓိပ္ပာယ်၊ ပြည်ထောင်စု၏အနှစ်သာရတို့ကို နောင်မျိုးဆက်သစ်လူငယ်များ၏ ရင်ထဲနှလုံးသားထဲတွင်ကိန်းအောင်းတည်ရှိနေစေရန် ဆက်လက် လက်ဆင့်ကမ်းရမည်ဖြစ်ပြီး အရည်အချင်းမြင့်မား၍ ပြည်ထောင်စုစိတ်ဓာတ်ခိုင်မာသောမျိုးဆက်သစ်များကို ပြုစုပျိုးထောင်သွားရမည်ဖြစ်သည်။ ❖**

ပြည်ထောင်စုစိတ်ဓာတ်သည် ညီညွတ်ခြင်း၏ အင်အားကိုပြသပြီး တစ်သားတည်းရှိသောစိတ်၊ မိသားစုသဖွယ်ပူးပေါင်းဆောင်ရွက်မှုများဖြင့် ရေရှည်အကျိုးစီးပွားကိုတည်ဆောက်ခြင်းဖြစ်သည်။ မိသားစုတစ်စုအတွင်းမှာပဲဖြစ်ဖြစ်၊ လူ့အဖွဲ့အစည်းအသိုက်အမြုံတစ်ခုမှာပဲဖြစ်ဖြစ်၊ နိုင်ငံတစ်ခုဒေသတစ်ခုမှာပဲဖြစ်ဖြစ် စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ရှိမှသာ ဘေးအန္တရာယ်အယှက်ပယောဂများ မဝင်ရောက်နိုင်ဘဲ အဆင်ပြေပြေ၊ ချောချောမွေ့မွေ့အောင်မြင်ပြီး ကိုယ့်ကံကြမ္မာကိုယ် ဖန်တီးခွင့်ဖြင့် တိုးတက်ဖွံ့ဖြိုးမှုရရှိမည်ဖြစ်သည်။ ကျွန်ုပ်တို့နိုင်ငံသည် တိုင်းရင်းသားပေါင်းစုံ စုစည်းနေထိုင်သောနိုင်ငံဖြစ်သည့်အတွက် နိုင်ငံအတွက်ကောင်းကျိုးရလဒ်များဖော်ဆောင်နိုင်ရန် ပြည်သူတစ်ရပ်လုံး၏ ရင်ထဲနှလုံးသားထဲတွင် ပြည်ထောင်စုစိတ်ဓာတ် အစဉ်ကိန်းအောင်းနေရန် လိုအပ်ပေသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင်က "ပြည်ထောင်စုစိတ်ဓာတ်ဆိုတာ ပြည်ထောင်စုကြီးတစ်ခုလုံးကို တစ်မိသားစုတည်း၊ တစ်အိမ်တည်းလို့ စွဲမြဲခိုင်မာစွာလက်ခံမှတ်ယူထား တဲ့ သဘောထားခံယူချက်ပဲဖြစ်ပါတယ်။ တိုင်းရင်းသားအားလုံးဟာ ဆွေမျိုးသားချင်း ညီအစ်ကိုမောင်နှမများဖြစ်တယ်လို့ခံယူတဲ့စိတ်ဓာတ်၊ တစ်မြေတည်းနေ တစ်ရေတည်းသောက်ကြသူများဖြစ်တယ်လို့ ခံယူတဲ့စိတ်ဓာတ်၊ တစ်ဦးမှာအရေးကြုံရင် တစ်ဦးကမပစ်ပယ်ဘဲ တလုံးတစည်းတည်း ပူးပေါင်းရင်ဆိုင်ဖြေရှင်းလိုတဲ့စိတ်ဓာတ်၊ အရေးကြီးရင် သွေးစည်းရမယ်လို့ ခံယူထားတဲ့ စိတ်ဓာတ်၊ တောင်ပေါ်မြေပြန့်မခွဲခြားဘဲ အေးအတူပူအမျှ တစ်သွေးတည်း၊ တစ်သားတည်းရှိတယ်လို့ ခံယူတဲ့စိတ်ဓာတ်တွေကို ပေါင်းရုံးစုစည်းပြီး ခေါ်ဆိုတာဖြစ်ပါတယ်"ဟု ၇၅ နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ဂုဏ်ပြုအခမ်းအနား မိန့်ခွန်းတွင် ထည့်သွင်းပြောကြားခဲ့ပါသည်။

ယခုကာလတွင် ပြည်ပနိုင်ငံများ၏သွေးထိုးလှုံ့ဆော်မှုများနှင့် နိုင်ငံနှင့်ပြည်သူအကျိုးကိုမျက်ကွယ်ပြုလုပ်ဆောင်နေသောအဖွဲ့အစည်းများက လူငယ်များကို စည်းရုံးသွေးထိုးကာ ပြည်ထောင်စုပြိုကွဲစေရန် လှုံ့ဆော်လျက်ရှိပြီး အကြမ်းဖက်လုပ်ငန်းများကို လှုပ်ရှားဆောင်ရွက်လျက်ရှိသည်။ တိုင်းပြည်၏ အနာဂတ်လူငယ်များကို သွေးထိုးလှုံ့ဆော်နေမှုများကို ပြည်သူတစ်ရပ်လုံးက တားဆီးကာကွယ်ရမည်ဖြစ်သည်။ ပြည်ထောင်စုနှင့် အမျိုးသားရေးစိတ်ဓာတ်ပြိုကွဲပျက်စီးစေရန် ကြံစည်နေသောသူများရှိနေသည်ကို သတိပြုရမည်ဖြစ်ပြီး အမှားနှင့်အမှန်၊ ဓမ္မနှင့် အဓမ္မကိုခွဲခြားပြီးမိမိနိုင်ငံ၊ မိမိလူမျိုးတို့ကို ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ကာကွယ်စောင့်ရှောက်ကြရမည်ဖြစ်သည်။ ဒို့တာဝန်အရေးသုံးပါးဖြစ်သော ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးကိုပြည်သူများက အစဉ်လေးစားလိုက်နာသွားရမည်ဖြစ်ပြီး နိုင်ငံနှင့်လူမျိုးတည်တံ့ခိုင်မြဲရေးအတွက် ပြည်ထောင်စုစိတ်ဓာတ်နှင့်အတူ အမျိုးသားရေးစိတ်ဓာတ်ကိုပါ ယနေ့ခေတ်လူငယ်များအနေဖြင့် ယှဉ်တွဲမွေးမြူသွားရမည်ဖြစ်သည်။ ဘိုးဘွားတို့ကအသက်သွေးချွေးစတေး၍ တည်ထောင်ခဲ့ကြသော လွတ်လပ်ရေးကို ဆက်လက်ထိန်းသိမ်းကာကွယ်ဆောင်ရွက်သွားကြရမည်ဖြစ်သည်။

၇၈ နှစ်မြောက် ပြည်ထောင်စုနေ့အတွက် အမျိုးသားရေးဦးတည်ချက်များဖြစ်သည့် –

(၁) ပြည်ထောင်စုစိတ်ဓာတ်၊ ဝံသာနုရက္ခိတတရား၊ ဖြဟ္မစိုရ်တရားနှင့် စစ်မှန်သောမျိုးချစ်စိတ်များဖြင့် ပြည်ထောင်စုကြီးအစွန့်ရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်အောင် အကောင်အထည်ဖော်ရေး။

(၂) လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းပြီး ရေရှည်တည်တံ့ခိုင်မြဲသောငြိမ်းချမ်းရေးရရှိရန်အတွက် တွေ့ဆုံဆွေးနွေးမှုလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနိုင်ရန် တိုင်းရင်းသားများ လက်တွဲပူးပေါင်းဆောင်ရွက်ရေး။

(၃) ပြည်ထောင်စုတိုင်းရင်းသားအားလုံး တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့်ပြည်သူအတူတကွလက်တွဲကြိုးပမ်းဆောင်ရွက်ရေး။

(၄) ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

(၅) ပြည်နယ်နှင့် တိုင်းဒေသကြီးအားလုံး တစ်ပြေးညီဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေးနှင့် တိုင်းရင်းသားများ၏ ကျန်းမာရေး၊ ပညာရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများတိုးတက်အောင် ဖော်ဆောင်ပေးရေး။

ဟူသောဦးတည်ချက်များ အောင်မြင်အောင် နိုင်ငံတော်နှင့်ပြည်သူအတူတကွ ပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ပါသည်။


လွတ်လပ်ရေးကြိုးပမ်းမှုတွင် ပြည်ထောင်စုစိတ်ဓာတ်သည် အရင်းခံဖြစ်သလို ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး၏ အခြေခံအုတ်မြစ်မှာလည်း ပြည်ထောင်စုစိတ်ဓာတ်ပင်ဖြစ်သည်။ မြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုးအသီးသီးတို့ဖြင့် စုပေါင်းဖွဲ့စည်းထားပြီး အသွေးအရောင်၊ ဓလေ့စရိုက်၊ ယဉ်ကျေးမှုများကွဲပြားကြသော်လည်း တစ်မြေတည်းနေ တစ်ရေတည်းသောက်ကြသည့် ပြည်ထောင်စုဖွားညီအစ်ကို၊ မောင်နှမများဖြစ်ကြသည်။ မြန်မာနိုင်ငံတွင် ပြီးခဲ့သည့် ၂၀၂၄ ခုနှစ် စက်တင်ဘာလ၌ ရာဂီမုန်တိုင်းနှင့်ဆက်စပ်ဖြစ်ပွားခဲ့သည့် သဘာဝဘေးအန္တရာယ်တွင် နိုင်ငံတော်အစိုးရက ဒုက္ခအခက်အခဲရောက်နေသောပြည်သူများ အားအင်တိုက်အားတိုက်ကူညီဆောင်ရွက်ပေးခဲ့သလို ပြည်တွင်း၊ ပြည်ပမှ အလှူရှင်များနှင့်အဖွဲ့အစည်းများကလည်း ပါဝင်လှူဒါန်းခဲ့ကြခြင်းသည် အရေးကြီးလျှင် သွေးနီးကြသည့် ပြည်ထောင်စုစိတ်ဓာတ်ပင်ဖြစ်သည်။ ထို့အတူ သဘာဝဘေးအန္တရာယ်တွင်အကျုံးဝင်သည့် လက်နက်ကိုင်ဘေးအန္တရာယ်များကြောင့် အတိဒုက္ခရောက်ခဲ့ရသည့် ယာယီနေရပ်စွန့်ခွာသူများအတွက် ကူညီပံ့ပိုးပေးခဲ့သည်ကိုလည်း ကြားသိရသဖြင့် ဝမ်းသာပီတိဖြစ်ရသည်။

ယနေ့ကာလသည် ကုန်လွန်ခဲ့သောသမိုင်းအတွေ့အကြုံများ၊ သမိုင်းသင်ခန်းစာများကိုအတွေးအခေါ်အယူအဆ မှန်ကန်စွာဖြင့် ပြန်လည်ဆင်ခြင်သုံးသပ်ရင်း နိုင်ငံတော်အစိုးရနှင့်ပြည်သူပူးပေါင်းကာ စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရန်နှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီးကိုတည်ဆောက်ကြရမည့်အချိန်ကာလဖြစ်သည်။ နိုင်ငံသားအချင်းချင်း အခက်အခဲများ ကြုံတွေ့နေရချိန်တွင် ညီအကိုမောင်ရင်းနှမစိတ်ဓာတ်၊ အမျိုးကိုချစ်မြတ်နိုးသည့် စိတ်ဓာတ်တို့ဖြင့် စွမ်းအားရှိသရွေ့ ကူညီရိုင်းပင်းရင်းဖြင့် ပြည်ထောင်စု၏အနှစ်သာရကို ဖော်ဆောင်ကြပါစို့ဟု တိုက်တွန်းရင်း ၇၈ နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုလိုက်ရပါသည်။

**ကိုးကား**

**– နေ့စဉ်ထုတ်သတင်းစာများ**

**ကျော်တင့်(ရွှေခရမ်း)**



ဝတ္ထုတိုကလျာ

# ဇင်းရှော

မောင်ခြိမ့်

(၁)

ကောင်းကင်ပေါ် မော့ကြည့်လိုက်တော့ နေတောင် အတော်စောင်းနေပြီ။ အိမ်ရှေ့မီးဖိုဘေးရှိ ခွက်ငါးဆယ်ဝင် စဥ့်အိုးကလေးထဲကရေကို ဒန်ဖလားနှင့်ခပ်ပြီး မျက်နှာသစ်၏။

မနေ့က ကိုးကုန်းကိုးကျင်း လျှောက်သွားထားသဖြင့် တစ်ကိုယ်လုံးကိုင်ရိုက်ထားသလို ကိုယ်လက်တွေ နာကျင်လျက်ရှိ၏။ ထို့ကြောင့် နေ့ခင်းက ကျောခင်းလိုက်တာနှင့် အိပ်ပျော်သွားခဲ့တာဖြစ်၏။ ခွက်ထဲက လက်ကျန်ကလေးကို ဘူးစင်ပင်ခြေသို့ လှမ်း၍ပက်လိုက်သည်။ ထိုအခါ မျက်စိအစုံက ဘူးစင်ခြေရင်းတွင် မှောက်ထားသော လူတစ်ဖက်စာမက စဥ့်အင်တုံကြီးဆီရောက်၏။

"ရော် မေ့တတ်လိုက်တာများ လွန်ရောဟ"ဟု ရေရွတ်သည်။ သည်ညနေတော့ စဥ့်အင်တုံအောက်က အကောင်ကြီးကို ဟင်းလုပ်ရမယ်ဟု စိတ်ကူးပြီး အင်တုံကို ဆွဲလှန်လိုက်သည်။ ဟာခနဲဖြစ်အောင် အံ့သြသွားရ၏။ ဘာမှမရှိဘယ်ရောက်သွားပါလိမ့်။

"ဖွားခင်... ဖွားခင်"လှမ်းအော်သည်။ ထူးသံမကြားရ။ သည်မိန်းမ ဘယ်သွားနေပါလိမ့်။ အိမ်ကလေး၏ ဘေးဘယ်ညာသို့ကြည့်၏။ အိမ်နောက်ဘက်ရှိ ဆူးပုပ်၊ ကင်ပွန်း၊ ခွေးတောက်၊ ဒန့်သလွန်ပင်တွေဘက်သို့ ရှာ၏။ မရှိ။

"ဖွားခင်ရေ အေ ဖွားခင် ဘယ်သွားနေတာလဲဟ" ထပ်အော်ကြည့်၏။ အကြောင်းမထူး။ ထို့ကြောင့် အိမ်ရှေ့ရှိ အုန်းတုံးရေဆင်းတံတားဆီသို့ ထွက်လာခဲ့၏။ အလို အိမ်က လှေကလေးလည်း မရှိတော့ပါလား။

(၂)

တမြန်မနေ့တုန်းက ဖိုးစံခင် ကွမ်းသီးချောင်းဖျားမှာ ငါးရှဥ့်သွားထိုးရင်း ဟင်းကောင်းကျွေးကောင်း ရလာခဲ့၏။ သူအလွန်ကြိုက်သော ဟင်းစားဖြစ်၍ ဘယ်သူ့ကိုမှ အသိမပေးဘဲ စဥ့်အင်တုံကြီးနှင့် မှောက်ထားဖုံးထားခဲ့ခြင်းဖြစ်၏။

အခုလိုရာသီ တမံတွေ ၊ အိုင်တွေ၊ ရိုးချောင်းတွေမှာ ရေခန်းခြောက်စ၊ ရွှံ့ညွန်တွေ အပေါ်ရည်တင်းစ၊ ပုကွကွ ကုန်းကန်စွန်းပင်ကလေးတွေ အညွန့်လူခါစ၊ ပေါက်ပင်တွေ၊ ကသစ်တွေ ပန်းနီနီပန်ဆင်စ အချိန်သည် ငါးရှဥ့်တွေ နွံထဲ၊ နုံးထဲ တိုးဝင်ခိုအောင်းသည့် အချိန်ဖြစ်လေ၏။

ထိုသို့သော ငါးရှဥ့်တို့ကို ရှာဖွေယူရန်အတွက် သုံးမူးလုံးသံချောင်းနှစ်တောင်ခန့်ကို ပန်းပဲဖိုမှာ အပ်ပြီး အဖျားတွင် နှစ်ခွခွဲကာ ငါးရှဥ့်ထိုးမှိန်းလုပ်ထားကြရသည်။ အရိုးတပ်ထားသော ထိုငါးရှဥ့်ထိုးမှိန်းနှင့် ရိုးစပ်၊ တမံစပ်၊ အိုင်စပ်၊ ရေစပ်စပ်၊ မြေထပ်ထပ်တွင် တစွပ်စွပ် ထိုး၍ထိုး၍ကြည့်ရ၏။

မြေအောက်ထဲအောင်းနေသော ငါးရှဥ့်ကို ထိုးမိပါက ရုန်း၍၊ ကန်၍၊ တွန့်၍၊ လိမ်၍ နေသည်ကို လက်ကသိ၏။ တစ်ခါတစ်ရံတွင် သိသိသာသာ မရုန်းဘဲ ငြိမ်ခံ၊ ပေခံနေတတ်သော်လည်း အခြားသူများကို ရေလည်အောင် မရှင်းပြနိုင်သော်ငြားလည်း နှစ်ရှည်လများ၊ လုပ်ကိုင်ရှာဖွေစားလာခဲ့သော တံငါတို့၏သမ္မာအရ၊ အတွေ့အကြုံအရ နွံထဲမှာဘာကောင်ကို ထိုးမိနေသည်ကို သိကြပါ၏။

မြေအောက်နွံထဲကကောင် ရုန်းမထွက်နိုင်အောင် မှိန်းရိုးကို တစ်ဖက်က ဖိထားပြီး လက်တစ်ဖက်က နွံထဲနှိုက်၍စမ်းကာ ဖော်ယူလိုက်လျှင် တစ်ကောင်တစ်ကောင်လျှင် အစိတ်သား၊ သုံးဆယ်သားခန့်ရှိသော မြေအောင်းငါးရှဥ့်ဆူဆူကြီးတွေ့ရပါပြီ။

(၃)

ဖိုးစံခင် ငါးရှဥ့်နှစ်ကောင်ရပြီးချိန်မှာတော့ တင့်ငုံ့၊ တကိုင်းကိုင်းလျှောက်ရင်း တစွပ်စွပ်ထိုးနေရသဖြင့် ခါးကလည်းညောင်း လူကလည်းမောပြီ။ ထို့ကြောင့် တမံစပ်မှာပေါက်နေသော ညံပင်ကလေး၏ ကျိုးကျဲကျဲအရိပ်မှာ ဖင်ချထိုင်ကာ အမောဖြေရင်း ဆေးလိပ်မီးညှိမည်ကြံကာ လက်ထဲကမှိန်းကို သူ့ဘေးနားရှိ ဗေဒါပင်အခြောက်အဆွေးတွေကြား စွပ်ခနဲထိုးစိုက်ထားလိုက်သည်။

နားရွက်ကြားက ဆေးလိပ်တိုကိုဖြုတ်ပြီး မီးညှိရန်ပြင်၏။ ထိုအချိန်မှာပင် သူ့အကြည့်က ထိုးစိုက်ထားသော မှိန်းရိုးပေါ်ရောက်၏။ "အလို မှိန်းရိုးကြီးလှုပ်နေပါလား" အံ့သြစွာ ဆက်၍ကြည့်နေမိသည်။ မှိန်းရိုးလှုပ်နေတာက သွက်သွက်ခါခါမဟုတ်၊ အသာကလေး အပေါ်ကိုကြွတက်လာလိုက် ပြန်၍နိမ့်ကျသွားလိုက်နှင့်ပါလား။

ဖိုးစံခင် မျက်မှောင်ကြီးကုတ်၍ကြည့်ရင်း စဥ်းစားနေသည်မှာအကြာကြီး။ ပြီးတော့မှ ခေါင်းမော့ပြီး အားရပါးရရယ်ချလိုက်သံသည် ကွမ်းသီးချောင်းဖျားတောအုပ်ကိုကျော်ဖြတ်ပြီး လယ်ကွင်းပြင်အနှံ့တိုးဝင်ကာ သောသောအုပ်အုပ်ပျံ့နှံ့သွားတော့၏။

ဟုတ်သည် ဖိုးစံခင်တစ်ယောက် မပျော်ခံနိုင်ရိုးလား။ သူစိုက်ချလိုက်သောမှိန်းသွားသည် မြေအောက်တစ်ထွာခန့်၊ တောင်ဆုပ်ခန့်အနက်မှာ ခိုအောင်းပုန်းလျှိုးနေသော မြေအောင်းသတ္တဝါတစ်ကောင်ကို တမင်တကာလိုချင်လွန်း၍ လိုက်ရှာလျှင်တောင် လွယ်လွယ်ကူကူမတွေ့နိုင်။ ယခုတော့လည်း တိုက်ဆိုင်လှစွာ။

ပိုပြီးသေချာစေရန် မှိန်းကိုနုတ်၍ နောက်တစ်ချက် ထိုနေရာကိုပင် အားနှင့်စိုက်ချလိုက်သည်။ "ဂုတ်"ခနဲအသံကြီးကြားလိုက်ရပြီး မြေအောက်က သတ္တဝါ၏လှုပ်ရှားမှုကို လက်က ခံစားလိုက်ရလေ၏။

ထို့ကြောင့် ကြာကြာမဆိုင်းဘဲ သစ်ရွက်ဆွေး၊ ဗေဒါဆွေး၊ ဒိုက်ဖက်ထွေးတို့ကို လက်ဖြင့်ယက်၍ ဖယ်လိုက်သည်။

"အောင်မလေး ဇင်းရှောလိပ်ကြီးပါလားဟော့"

ဝါရွှေရွှေနက်ကျောကျောအဆင်းနှင့် နွေခိုလိပ်ကြီးတစ်ကောင်ကို ရလိုက်ပြီ။ ဇင်းရှောလိပ်ကြီးကို မြေပေါ်ပစ်တင်လိုက်တော့၊ မြေအောက်အမှောင်ထဲမှာ ဘယ်လောက်ကြာကြာ ခိုအောင်းနေသည်မသိ၊ စူးရှလင်းလက်သောနေ၏အလင်းရောင်ကို မကြည့်နိုင် မျက်စိကလေး ပေကလတ်၊ ပေကလတ်လုပ်ကာ အမြဲတမ်း ကိုယ့်ဘက်သာကိုယ်ယက်တတ်သော လိပ်မျိုးပီပီ၊ မြေသားမွမွတွေကို သူ့ဗိုက်အောက်သို့ အတင်းယက်၍ သွင်းနေတော့၏။

တစ်မိုးတွင်းလုံး ရိုးချောင်းတမံတို့တွင် ပျော်မြူးကာ ပေါများလှသည့်အစာတွေကို စားချင်တိုင်းစား၍ ကြီးချင်တိုင်းကြီးနေသည့်လိပ်ကြီးသည် မိုးကုန်ကတည်းက တမံအစပ် မြေမွမွထဲတိုးဝင်ကာ တစ်နွေတစ်ဆောင်း ခိုအောင်းအနားယူနေပြီး လာမည့်မိုးဦးတွင် ကွင်းပြင်သို့ထွက်ကာ ပျော်ရွှင်မြူးထူးရန် စောင့်ဆိုင်းနေခြင်းပေတည်း။

ဖိုးစံခဲတစ်ယောက် အလွန်ကံကောင်း၍သာ ဒါလောက်ကြီးသော လိပ်ကြီးရလာခြင်းဖြစ်၏။

တောသားမှန်သမျှ လိပ်သားကို မကြိုက်သူမရှိ၊ မကြိုက်သူရှိသည်ဆိုအံ့၊ ထိုသူသည် လိပ်သားမစားဖူးသူသာဖြစ်လိမ့်မည်။ စပါးလင်၊ ချင်း၊ ကြက်သွန်နီထောင်း၍ ဆီပြန်နေအောင်ချက်ထားသော လိပ်သားဟင်းသည် တောသားတွေအတွက်တော့ နတ်သုဓာပင်။

ထိုလိပ်ကြီးကို ဖမ်းလာပြီး မနေ့က မီးဖိုဘေးမြေပြင်တွင်ချထားကာ အပေါ်မှစဥ့်အင်တုံကြီးနှင့် မှောက်အုပ်ထားခဲ့၏။ ယနေ့ချက်စားမည်ကြံ၍ လှန်ကြည့်တော့မှ မရှိတော့မှန်းသိရ၏။ လိပ်ဆိုသည့်အမျိုးက ယခုလိုမြေပြင်ပေါ်ချ၍ တစ်ခုခုနှင့် အုပ်ထားလျှင် ဘယ်မှမပြေးဘဲ လေး၊ ငါး၊ ခြောက်လထား၍လည်းရ၏။ ကေန္တ သည်မိန်းမလက်ချက်ပဲဖြစ်လိမ့်မည်။

သူ့သားကြီးအိမ်ကို သွားပို့တာဖြစ်နိုင်သည်။ ဖိုးစံခင်တို့ လင်မယားတွင် သားတစ်ယောက်၊ သမီးတစ်ယောက်သာရှိ၏။ သူတို့လည်း သူတို့မိသားစုတွေနှင့် တစ်ဖက်ကမ်း ရွာတန်းရှည်ကြီးထဲမှာနေကြ၏။ ရရစားစားတံငါများသာဖြစ်သဖြင့် မိဘများကို ပေးကမ်းကြည့်ရှုခြင်း မပြုနိုင်ကြ။ သမီးလေးကတော့ လိမ္မာလှ၏။ သမက်ကလေးက သဘောကောင်းလေသဖြင့် ဖိုးစံခင်တို့ စိတ်ချမ်းသာရ၏။

သားကြီးကလည်း လိမ္မာပါ၏။ မိဘကို သိတတ်ရှိသေတတ်သူဖြစ်၏။ သို့သော် သူရထားသော မိန်းမကမူ ရိုင်းစိုင်းလွန်းလှ၏။ သူ့မိ၊ သူ့ဖ၊ သူ့ဆွေမျိုးတွေကလွဲလျှင် ယောကျ်ားဘက်က မိဘဆွေမျိုးတွေကို မောက်မာရိုင်းစိုင်းစွာ ဆက်ဆံတတ်၏။ ပေးဖို့ကမ်းဖို့ဆိုတာဝေးလို့၊ အရေးပင်မလုပ်။ အေးလေ ဒါဟာ ငါတို့ ကံပဲထင်ပါရဲ့ဟု ဖိုးစံခင်တို့ လင်မယားက ကံကိုသာပုံချပြီး စိတ်ဖြေကြ၏။

လိပ်သားမစားရလည်း ကိစ္စမရှိပါဘူးလေဟု တွေးပြီး လက်မခန့် ငါးရံ့လုံးကလေးနှစ်ကောင်ကို မီးဖိုထဲထည့်ကာ ပြာပူများဖြင့် ဖုံးထားလိုက်သည်။ ငါးပိရည်ဖျော်သောအခါ ထိုငါးရံ့လုံးမီးဖုတ်ကလေးကို အသားတွေထွင်၍ထည့်လျှင် အလွန်ချိုသည်မဟုတ်လား။

အုတ်ခဲသုံးလုံးကို ဖိုခုံလောက်လုပ်ကာ တည်ထားသောငါးပိရည်အိုး ဆူပွက်လာသောအခါ နနွင်းမှုန့်ကလေး နှီးတစ်ကော်စာထည့်ပြီး မီးဖိုဘေးချကာ နှပ်ထားလိုက်၏။ ဒန်အိုးဖုံးဟောင်းကလေးကို မီးဖိုပေါ်တင်၍ မိုးမျှော်ငရုတ် လက်တစ်ဆုပ်လောက်ထည့်ပြီး လှော်လိုက်သည်။ နံနက်က ကျန်သော ငါးဖောင်ရိုးအိုးကပ်ကလေးနှင့် ကင်ပွန်းချဥ်ရည်ကျဲလေးချက်၊ မိုးမျှော်ငရုတ်သီးထောင်းကလေးနှင့်ဆိုလျှင် ထမင်းမြိန်ပါလိမ့်မည်။ တို့စရာကတော့ ဝေးဝေးလံလံရှာစရာမလို။ ဘူးကြွပ်သီးကလေးတွေကို ထက်ခြမ်းခွဲ၍ ပြုတ်လိုက်လျှင်ရပြီ။

ညနေစောင်းတော့မည်။ နေလုံးကြီးက ချောင်းကလေးတစ်ဖက်ရှိ တောတန်းအုပ်အုပ်ကလေးမှာ မေးတင်နေပြီ။ အခုတစ်လော ဇနီးဖြစ်သူ ကျန်းမာရေးမကောင်းလှ။ အိပ်ရာပေါ်လဲနေတာမဟုတ်ပေမဲ့ အစာသိပ်မဝင်၊ သူစားချင်တာကို ရှာဖွေကျွေးပေမဲ့ ဟုတ်တိပတ်တိမစား။ ဇနီးဖြစ်သူကို စိတ်မချသဖြင့် ဖိုးစံခင်တစ်ယောက် မြစ်ထဲချောင်းထဲ မထွက်ဖြစ်တာ သုံးလေးရက်ရှိပြီ။

မြစ်ကွေ့ကြီးက ဝဲဆိုင်မှာ ငါးထွေအုပ်တွေ အတော်မြူးနေသည်ဟု ကိုရွှေဖောင်က မနေ့ကပင် ဝင်ပြောသွားခဲ့သေးသည်။ သို့ဖြစ်၍ သည်ကနေ့ည ငါးထွေသွားမျှားမည်ဟု ကြံထားသည်။ တံငါဆိုတိုင်း ငါးထွေမမျှားတတ်၊ အထာသိဖို့၊ စိတ်ရှည်ဖို့ လိုအပ်သည်။ ဖိုးစံခင်ကတော့ ငါးထွေမျှားသည့်နေရာတွင် နံပါတ်တစ်ဖြစ်၏။ ငါးထွေရလို့ကတော့ မီးမြိုက်ကာ ချဥ်ရေချက်ကလေး ချက်ကျွေးလိုက်ရလျှင် ဇနီးဖြစ်သူ ခံတွင်းတွေ့သွားနိုင်သည်။ ပြီးတော့ ဈေးသုံးကလေးလည်း ရဦးမည်မဟုတ်လား။

ဆက်လက်ဖော်ပြပါမည်။

# တန့်ဆည်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော နှမ်း ၉၂၅ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်



**ရေဦး ဖေဖော်ဝါရီ ၆**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင် တန့်ဆည်မြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော နှမ်း ၉၂၅ ဧကထိ ရိတ်သိမ်းပြီးစီးပြီ ဖြစ်ကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

တန့်ဆည်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၂၀၀၇ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသော နှမ်းစိုက်ခင်းများကို ယခုနှစ် ဇန်နဝါရီလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့ထိ ၉၂၅ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၄ ဒသမ ၈၅ တင်း ထွက်ရှိကြောင်း သိရသည်။

"တန့်ဆည်မြို့နယ် ဆောင်းသီးနှံ စိုက်ပျိုးရာသီမှာ နှမ်း ၂၀၀၇ ဧက စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီ စိုက်ပျိုးထားတဲ့ နှမ်းခင်းတွေ အခုလက်ရှိအချိန်မှာတော့ ရိတ်သိမ်းနေပါတယ်။ ဒီနေ့ထိ ၉၂၅ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ နှမ်းစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးလာပါတယ်။ ဆီထွက်သီးနှံအနေနဲ့ကတော့ အောင်မြင်တဲ့ အနေအထားမှာရှိပါတယ်"ဟု ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။

တန့်ဆည်မြို့နယ်တွင် နှမ်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက နှမ်းတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ GAP နည်းစနစ်များဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များစိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်သည့်မျိုးများ စိုက်ပျိုးနိုင်ရေးအတွက် အသိပညာပေးခဲ့ကြောင်း သိရသည်။

နှမ်းအထွက်နှုန်း တိုးတက်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် နှမ်းကို ယခုထက်ပိုမို စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြ၍ သိရသည်။ (၂၀၆)

# ကျောင်းကုန်းမြို့နယ်တွင် ကြက်ဟင်းခါးသီးများ အရောင်းအဝယ်ကောင်းမွန်နေ

**ကျောင်းကုန်း ဖေဖော်ဝါရီ ၆**

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ်တွင် ဒေသထွက် ကြက်ဟင်းခါးသီးများ အရောင်းအဝယ် ကောင်းမွန်နေကြောင်း ကျောင်းကုန်းမြို့နယ်မှ ကုန်စိမ်းမျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင်ဒေါ်အေးသူက ပြောပြသည်။

ကျောင်းကုန်းမြို့နယ်တွင် ဒေသထွက် ကြက်ဟင်းခါးသီးများ ထွက်ရှိပြီး ယခုနှစ် ဇန်နဝါရီလ ဒုတိယပတ်မှစတင်ပြီး ယနေ့ထိ ကြက်ဟင်းခါးသီးများ ဝယ်ယူမှုအားကောင်းပြီး အရောင်းအဝယ် ကောင်းမွန်နေကြောင်း၊ အဆိုပါ ဒေသမှထွက်ရှိသည့် ရောင်းတန်းဝင်ကြက်ဟင်းခါးသီးများ တစ်ရက်လျှင် အလုံးရေ ၂၅၀၀၀ မှ ၄၅၀၀၀ ထိ အရောင်းအဝယ် ဖြစ်နေကြောင်း သိရသည်။

"ကျောင်းကုန်းမြို့နယ်ကနေ ထွက်ရှိတဲ့ ကြက်ဟင်းခါးသီးတွေ အဝယ်လိုက်ပြီး အရောင်းအဝယ်ကောင်းလာပါတယ်။ လက်ရှိဒေသမှာ ဆောင်းသီးနှံအဖြစ် စိုက်ထားတဲ့ကြက်ဟင်းခါးသီးတွေ ထွက်နေပါတယ်။ ကြက်ဟင်းခါးသီးတွေက အရည်အသွေးကောင်းပါတယ်။ ကြက်ဟင်းခါးသီးတွေကို ဒေသဈေးကွက်နဲ့ ပတ်ဝန်းကျင် အခြားဒေသကုန်စိမ်းဈေးကွက်က ဝယ်လက်တွေက အဝယ်များနေပါတယ်။ ဒေသထွက် ကြက်ဟင်းခါးသီးတွေက ပိုးမွှားကင်းရှင်းပြီး အရည်အသွေး ကောင်းမွန်တာတွေ့ရပါတယ်။ အထွက်နှုန်းလဲကောင်းနေတယ်လို့ သိရပါတယ်" ဟု ကျောင်းကုန်းမြို့နယ်မှ ကုန်စိမ်းမျိုးစုံ ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်အေးသူက ပြောပြသည်။



ကျောင်းကုန်းမြို့နယ်တွင် စိုက်ပျိုးထွက်ရှိပြီး အရောင်းအဝယ် ကောင်းမွန်နေသည့် ကြက်ဟင်းခါးသီးအလုံးရေ ၁၀၀ လျှင် ငွေကျပ် ၃၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါဒေသထွက် ကြက်ဟင်းခါးသီးများနှင့် အခြားကုန်စိမ်းများကို ပုသိမ်၊ ပန်းတနော်၊ မအူပင် စသည့်ဒေသများသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# လောက ရတနာ မြတ်ပညာ

- ပညာဂုဏ်ဒြပ် မြင့်မြတ်ထည်ဝါ
  ဘဝနောင်ရေး ငြိမ်းအေးသာယာ
  သုတလွှမ်းထပ် နှံ့စပ်ဖွေရှာ
  ပညာက လောက မြတ်ဆရာ။
- စာပေဖတ်မှတ် ရလဒ်မှန်မြင်
  ကြောင်းကျိုးသုံးသပ် လျှောက်တတ်မည်ပင်
  စမ်းတဝါးဝါး လမ်းမှားနေလျှင်
  ပညာက လမ်းပြ ပဲ့ကိုင်ရှင်။
- အယဉ်အရိုင်း ယှဉ်နှိုင်းရာဝယ်
  ပညာမြင့်မား စံထားမြင်လွယ်
  လိမ္မာယဉ်ကျေး ပုံ့ဖွေးဂုဏ်ခြယ်
  ပညာက လောက မိတ်ဆွေနှယ်။
- ပညာဆီမီး ထိန်ညီးလျှံဝေ
  သူ့ထက်ငါလား သိပွားနိုင်လေ
  လောကကောင်းကျိုး ထမ်းပိုးနိုင်ပေ
  ပညာက ထွန်းပ လူ့ရွှာမြေ။
- ငယ်စဉ်ထဲက ကြံဆမြော်မြင်
  ဘဝတိုးတက် ထက်မြက်အောင်လျှင်
  လမ်းကြောင်းမှန်လျှောက် ထွန်းတောက်အောင်မြင်
  ပညာက သုခ အောင်ပန်းဆင်။
- လူ့ဘဝလမ်း လျှောက်လှမ်းချိန်မှာ
  ပညာရွှေအိုး တန်ဖိုးဂုဏ်ဝါ
  ပိုင်ဆိုင်ရှိထား ခမ်းနားဝေဖြာ
  ပညာက လောက ရတနာ။
  ထာဝရလှပ နေမည်သာ။ ။

**ခိုင်ခိုင်နွယ်(ပညာရေး)**

# ဝါးခယ်မမြို့နယ် ငုတောချောင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ဝါးခယ်မ ဖေဖော်ဝါရီ ၆**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ငုတောချောင်းကျေးရွာ၌ နဝမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေ ထုတ်ချေးပေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ စုရပ်ဆောင်၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဝါးခယ်မမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနေဇော်ထက်က မြစိမ်းရောင်ကျေးရွာစီမံကိန်း၏ ရည်ရွယ်ချက်၊ အကျိုးကျေးဇူးများ၊ အတိုးဆပ်ကာလ၊ အရင်းဆပ်ကာလနှင့် အတိုးနှုန်း သတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက ငုတောချောင်းကျေးရွာ မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၄၅၆ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများ၏ ကြီးကြပ်မှုဖြင့် ငုတောချောင်းကျေးရွာ မြစိမ်းရောင်စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၈၅ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၅ ဦး၊ ရေလုပ်ငန်းလုပ်ကိုင်သူ နှစ်ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ နှစ်ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၀၄ ဦးကို ရန်ပုံငွေကျပ် ၄၅၆ သိန်း ထုတ်ချေးပေးခဲ့ကြောင်း ဝါးခယ်မမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။ **အိပိုးပိုး**

# စလင်းမြို့နယ် တောင်ကန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများဆောင်ရွက်နေမှု စစ်ဆေး

**စလင်း ဖေဖော်ဝါရီ ၆**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တောင်ကန်ကျေးရွာအုပ်စု တောင်ကန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေဖြင့် လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ဖေဖော်ဝါရီ ၅ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်နှင့်ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ တောင်ကန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်အခြားလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများ၊ လစဉ်ဖြည့်သွင်းရမည့် စာရင်းဇယားများ စနစ်တကျ ဖြည့်သွင်းထားမှုနှင့် စီမံကိန်းဆိုင်ရာ ညွှန်ကြားချက်များ၊ စည်းမျဉ်းစည်းကမ်းများ အပေါ် လိုက်နာဆောင်ရွက်မှု အခြေအနေများကို စစ်ဆေးခဲ့ပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များကို ဆွေးနွေးမှာကြားခဲ့သည်။

အဆိုပါ တောင်ကန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ငွေကျပ် သိန်း ၃၀၀ ဖြင့် စတင်မတည်ဆောင်ရွက်ခဲ့ပြီး ယခု ဧကာဒသမနှစ်စက်ဝန်းတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်ကြသော အသင်းသား၊ အသင်းသူ စုစုပေါင်း ၁၃၈ ဦးကို ရန်ပုံငွေကျပ် ၅၇ သန်း ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ လည်ပတ်ဆောင်ရွက်နေကြောင်း သိရသည်။ **သန်းသန်းစိုး**

# မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်

ကိုယဉ်ချစ်(မန္တလေး)

မီးဘေးအန္တရာယ်သည် ရာသီမရွေး၊ နေရာမရွေး၊ ဆင်းရဲချမ်းသာမရွေး၊ အချိန်အခါမရွေးဖြစ်တတ်ပါတယ်။ ခြောက်သွေ့တဲ့ ဆောင်းရာသီနဲ့ နွေရာသီတွေမှာတော့ ပိုပြီးဖြစ်တတ်တာမို့ ကြိုတင်ကာကွယ်ရေးလုပ်ငန်းတွေကို ဂရုစိုက်ကြရပါမယ်။

မီးဆိုတာ သုံးတတ်ရင် မိတ်ဆွေ၊ မသုံးတတ်ရင် ရန်သူဆိုတဲ့စကားအတိုင်း လူသားတွေအတွက် မရှိမဖြစ်လိုအပ်ချက်ဖြစ်သလို မီးဘေးအန္တရာယ်ကျရောက်ပြီဆိုရင် အိုးအိမ်စည်းစိမ်တွေကို အချိန်တိုအတွင်းမှာ ပျက်စီးဆုံးရှုံးကြရပါတယ်။ အခန့်မသင့်ရင် အသက်တွေကိုတောင် ပေးဆပ်ရတာလဲ ရှိပါတယ်။

အပူ၊ လောင်စာနဲ့ အောက်ဆီဂျင်တွေပေါင်းစုမိတဲ့အခါ မီးလောင်ကျွမ်းမှုကို ဖြစ်ပေါ်စေပါတယ်။ အပူနဲ့ အလင်းဓာတ်ပြုမှု ဒါမှမဟုတ် ဓာတ်ပြုမှုအစဉ်တစ်ခုဖြစ်ပါတယ်။ မီးလောင်မှုကို ငြိမ်းသတ်နိုင်ဖို့ အပူ၊ လောင်စာ၊ အောက်ဆီဂျင်တွေထဲက တစ်ခုခုကို ဖယ်ထုတ်နိုင်မှသာ မီးငြိမ်းသွားပါတယ်။

မီးဘေးအန္တရာယ်ဖြစ်ပေါ်ကြတာတွေကို လေ့လာကြည့်ရင် ပေါ့ဆမီး၊ အလိုအလျောက်မီး၊ ရှို့မီး၊ လျှပ်စစ်မီး၊ တောမီးဆိုပြီး ယေဘုယျအားဖြင့် သိရပါတယ်။

ပေါ့ဆမီးဆိုတာကတော့ ထင်း၊ မီးသွေးနဲ့ ချက်ပြုတ်ကြတဲ့အခါ စည်းကမ်းမဲ့အသုံးပြုရာက မီးကြွင်းမီးကျန်က လောင်ကျွမ်းတာ၊ ထရံ၊ မီးလောင်နိုင်တဲ့နံရံတွေအနီးမှာ မီးဖိုအသုံးပြုတာ၊ လေပြင်းတိုက်လာတဲ့အချိန်မှာ မီးကို အချိန်မီ မငြိမ်းသတ်ထားတာ၊ အမွှေးတိုင်၊ ခြင်ဆေးခွေ၊ ဖယောင်းတိုင်တွေကို အောက်ခံမပါဘဲ အသုံးပြုတာတွေက မီးလောင်မှုဖြစ်တတ်ပါတယ်။

၁၂၄၅ ခုနှစ်က မန္တလေးတောင်ပြင် ရတနာဘုမ္မိ ရပ်ကွက်က နေအိမ်တစ်အိမ်မှာ ထောပတ် ထမင်းချက်ရင်း ထရံကို မီးစွဲလောင်ရာက တောင်ဘက်ရပ်ကွက်တွေဆီကို ကူးစက်လောင်ကျွမ်းသွားတာ မဟာမုနိရုပ်ရှင်တော်စောင်းတန်းလေးသွယ်နဲ့ ပြာသာဒ်တော်ကြီးပါ လောင်ကျွမ်းခဲ့ဖူးပါတယ်။ ဆိုင်းတန်းရပ်ကွက်မီး၊ ဦးကျားကြီးဝန်းတွေမှာ ဖြစ်ပွားခဲ့တဲ့ မီးလောင်မှုတွေဟာ မန္တလေးမြို့မှာ ဆုံးရှုံးမှုများပြားခဲ့ပါတယ်။ ဒီမီးတွေဟာ ပေါ့ဆမှုကြောင့်ဖြစ်ခဲ့ရတာပါ။

အလိုအလျောက်မီးဆိုတာ အပူနဲ့ အလင်းက ထွက်ပေါ်လာတဲ့ ဓာတုဓာတ်ပြုမှုတွေ၊ ဓာတ်မတည့်တဲ့ ပစ္စည်းတွေအချင်းချင်းပွတ်တိုက်မိရာက လောင်ကျွမ်းမှုကို ဖြစ်စေတဲ့မီးပါ။ စားသောက်ဆိုင်တွေ၊ ဟိုတယ်တွေ၊ နေအိမ်တွေမှာ ထင်း၊ မီးသွေးအစား ဂက်စ်မီးဖိုတွေကို အစားထိုးသုံးစွဲလာကြပါတယ်။ သုံးစွဲကြရာမှာ ဓာတ်ငွေ့ယိုစိမ့်နေတာကို သာမန်အားဖြင့် မမြင်နိုင်တဲ့အတွက် သတိမမူဘဲ ရုတ်တရက်မီးမွှေးလိုက်တာက မမျှော်လင့်ဘဲ မီးလောင်ကျွမ်းမှုကိုဖြစ်စေပါတယ်။ မီးဖွင့်လိုက်လို့ မီးမကူးသေးရင် ပြန်ပိတ်ထားပြီး ခဏကြာမှ ပြန်ဖွင့်ရပါမယ်။ စပြီးဖွင့်လိုက်တဲ့အချိန်မှာ ဓာတ်ငွေ့တွေက မီးဖိုပတ်ဝန်းကျင်မှာရှိနေတတ်တာကြောင့် ဓာတ်ငွေ့အကြွင်းအကျန်တွေက မီးလောင်မှုကိုဖြစ်တတ်ပါတယ်။ ဂက်စ်မီးဖိုအသုံးပြုကြတာ မကျွမ်းကျင်မှုကြောင့် ဓာတ်ငွေ့အိုးကို လှဲထားတာ၊ စောင်းထားတာ၊ လှုပ်ပြီးသုံးတာတွေ မပြုမိဖို့ လိုပါတယ်။ မီးဖိုနဲ့ဓာတ်ငွေ့အိုးကို သွယ်ထားတဲ့ပိုက်က ဓာတ်ငွေ့ဖိအားခံနိုင်ရည်ရှိတဲ့ ပိုက်အမျိုးအစားတွေကို အသုံးပြုသင့်ပါတယ်။ ဓာတ်ငွေ့ပိုက်တွေ၊ ဘားတွေကို မကြာခဏ စစ်ဆေးအသုံးပြုသင့်ပါတယ်။

ရှို့မီးဆိုတာကတော့ မသမာသူတွေ၊ အဖျက်သမားတွေက သူတို့အကျိုးစီးပွားအတွက် အဖျက်သဘောနဲ့ ရည်ရွယ်ချက်ရှိရှိ မီးရှို့တာကြောင့် ဖြစ်ပေါ်တဲ့မီးဖြစ်ပါတယ်။ မမျှော်လင့်ဘဲ ဖြစ်တတ်တာကြောင့် နေအိမ်၊ စာသင်ကျောင်း၊ ဆေးရုံစတာတွေ ပျက်စီးဆုံးရှုံးရသလို လူနဲ့ အခြားသက်ရှိသတ္တဝါတွေရဲ့ အသက်အန္တရာယ်ကိုပါ ထိခိုက်စေတတ်ပါတယ်။

လျှပ်စစ်မီးကို အလင်းရောင်အတွက်သာမကဘဲ ချက်ပြုတ်ရေးနဲ့ ဖိမ်ခံပစ္စည်းတွေအတွက်ပါ တွင်ကျယ်စွာ အသုံးပြုနေကြပါတယ်။ အခြေအနေအရ လျှပ်စစ်မီးဖြန့်ဖြူးမှုပုံမှန်မဟုတ်တဲ့အတွက် မီးလာချိန်မှာ အသုံးပြုကြပြီး မီးပျက်သွားတဲ့အခါမှာ မီးခလုတ်တွေ၊ ပလတ်တွေကို ပိတ်ဖို့ မေ့တတ်ကြပါတယ်။ မပိတ်မိလို့ မီးပြန်လာတဲ့အချိန်မှာ အပူလွန်ကဲပြီးမီးလောင်တတ်ပါတယ်။ ဆွေးမြည့်နေတဲ့ဝိုင်ယာကြိုးတွေ၊ မီးခေါင်းတွေ၊ မီးခလုတ်တွေကို မလဲလှယ်ဘဲ အသုံးပြုတဲ့ချို့ယွင်းမှုကြောင့်လဲ ဖြစ်တတ်ပါတယ်။ ရေခဲသေတ္တာ၊ အဲကွန်း၊ ရုပ်မြင်သံကြားပြစက်တွေနဲ့ တွဲပြီးသုံးထားတဲ့ မီးအားထိန်းစက် (Save Guard) ကို အပူဒဏ်မခံနိုင်တဲ့ အောက်ခံနေရာမှာ အသုံးပြုထားရာက အပူလွန်ပြီး မီးလောင်တတ်ပါတယ်။

တောမီးဆိုတာကတော့ တောတောင်တွေထဲမှာ သဘာဝအလျောက် အရာဝတ္ထုချင်းပွတ်တိုက်မိတာတွေကြောင့် ဖြစ်ဖြစ်၊ တောခုတ်သူ တောင်ယာခုတ်သူတွေက မီးရှို့တာကြောင့် ဖြစ်ဖြစ်၊ တောထဲမှာ မီးသွေးဖုတ်တဲ့သူတွေရဲ့ မီးကြွင်းမီးကျန်တွေကြောင့် ဖြစ်ဖြစ်လောင်ကျွမ်းတတ်ပါတယ်။ ရာသီဥတုအေးလွန်းတဲ့နိုင်ငံတွေမှာလဲ တောမီးလောင်ကျွမ်းမှုတွေဟာ နှစ်စဉ်ဖြစ်ပွားတတ်ပါတယ်။ တောမီးကြောင့် သစ်တောပြုန်းတီးမှုတွေ၊ ကာဗွန်ဓာတ်တွေ၊ အဆိပ်သင့်ဓာတ်ငွေ့ပျံ့နှံ့တာတွေက သဘာဝပတ်ဝန်းကျင်ကိုပါ ထိခိုက်ပျက်စီးမှုတွေဖြစ်ပေါ်စေပါတယ်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၇ ရက်က အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ် လော့စ်အိန်ဂျလိစ်မြို့မှာ တောမီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ပါတယ်။ တောမီးလောင်ကျွမ်းမှုကြောင့် သေဆုံးသူများရှိခဲ့ပြီး ဒေသခံတွေပြောင်းရွှေ့ကယ်ဆယ်ရမှု၊ လျှပ်စစ်မီးပြတ်တောက်မှု၊ အဆိပ်သင့်ဓာတ်ငွေ့ပျံ့နှံ့မှုတွေဖြစ်ပေါ်နေပါတယ်။ တောမီးငြိမ်းသတ်ဖို့ လိုအပ်နေသေးတာကြောင့် ဒေသခံတွေအနေနဲ့ ဘေးလွတ်ရာကို ဆက်လက်တိမ်းရှောင်ပေးကြဖို့ အသိပေးထုတ်ပြန်ခဲ့ပါတယ်။ တောမီးလောင်ကျွမ်းတဲ့နေရာမှာ လျှပ်စစ်မီးပြန်လည်ရရှိအောင် မဆောင်ရွက်နိုင်သေးသလို အဆိပ်သင့်ဓာတ်ငွေ့ပျံ့နှံ့နေတာတွေကို ရှင်းလင်းရအုံးမယ်လို့လဲ သတင်းတွေထုတ်ပြန်ခဲ့ပါတယ်။

အလားတူ ဇန်နဝါရီ ၂၁ ရက်က တူကီယဲနိုင်ငံ ဘိုလူတောင်တန်းဒေသ နှင်းလျှောစီးစခန်းက ဟိုတယ်တစ်ခု မီးလောင်မှုဖြစ်ပွားခဲ့ပါတယ်။ မီးလောင်မှုကြောင့် ဟိုတယ်မှာ တည်းခိုနေကြတဲ့ ဧည့်သည်တွေဟာ ဟိုတယ်ပြတင်းပေါက်တွေက ခုန်ချခဲ့ကြပါတယ်။ ဒီမီးလောင်မှုကြောင့် လူအများအပြားသေဆုံးခဲ့ပြီး အများအပြား ဒဏ်ရာရရှိခဲ့ပါတယ်။ သေဆုံးသူတွေထဲမှာ ကလေးငယ်တွေလဲ ပါဝင်ကြောင်း သိရပါတယ်။ ဒါကြောင့် တောမီးလောင်ကျွမ်းမှုရဲ့ အန္တရာယ်ဟာ ပျက်စီးဆုံးရှုံးမှုများသာမကဘဲ လူတွေရဲ့ အသက်ဆုံးရှုံးမှုတွေကိုပါ ဖြစ်တတ်ကြောင်း သတိပြုမိပါတယ်။

**❖မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့အနေနဲ့ မီးငြိမ်းသတ်ရေးလုပ်ငန်းအပြင် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် သတိပေးနှိုးဆော်တာ၊ အသိပညာပေးတာ၊ ဇာတ်တိုက်လေ့ကျင့်တာတွေကို ဆောင်ရွက်ပေးနေပါတယ်။ နိုင်ငံပိုင်မီဒီယာတွေကလဲ မီးဘေးအန္တရာယ်မဖြစ်ပေါ်စေဖို့အတွက် အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးနေပါတယ်။ ဒီလိုဆောင်ရွက်ချက်တွေနဲ့အတူ ပြည်သူတစ်ရပ်လုံးကလဲ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးလုပ်ငန်းတွေကို တစ်ယောက်ချင်းစီရဲ့ အသိစိတ်ဓာတ်နဲ့ သတိပြုဆောင်ရွက်ကြဖို့ လိုပါတယ်။ ❖**

မြန်မာနိုင်ငံမှာ နှစ်စဉ် မီးလောင်ဆုံးရှုံးမှုတွေ ဖြစ်ပွားခဲ့ပါတယ်။ မီးသတ်ဦးစီးဌာနရဲ့ထုတ်ပြန်ချက်အရ ၂၀၁၃ ခုနှစ်ကနေ ၂၀၂၂ ခုနှစ်အတွင်း ၁၀ နှစ်တာကာလအတွင်းမှာ မီးလောင်မှုပေါင်း ၁၈၃၃၆ ကြိမ် ဖြစ်ပွားခဲ့တာကြောင့် တစ်နှစ်ကို အကြိမ်ရေ ၁၈၀၀ ခန့် ဖြစ်ပွားခဲ့ကြောင်း သိရပါတယ်။ မီးလောင်မှုကြောင့် တစ်နှစ်ကို ဆုံးရှုံးမှုတန်ဖိုးငွေကျပ် ၁၅ ဘီလီယံခန့်ရှိတယ်လို့ ဆိုပါတယ်။ ၂၀၂၄ ခုနှစ် နှစ်စပိုင်းကစပြီး စက်တင်ဘာလထိ ကိုးလတာကာလအတွင်းမှာ မီးလောင်မှု ၉၅၃ ကြိမ် ဖြစ်ပွားခဲ့ကြောင်း သိရပါတယ်။

တိုးတက်ပြောင်းလဲလာတဲ့ ခေတ်ကာလနဲ့အတူ အထပ်မြင့်အဆောက်အအုံတွေ၊ ဌာနဆိုင်ရာအဆောက်အအုံတွေ၊ ကုန်တိုက်ကြီးတွေ၊ ဆေးရုံတွေ၊ ဟိုတယ်တွေ၊ ဈေးကြီးတွေ၊ စာသင်ကျောင်းတွေ၊ စက်ရုံအလုပ်ရုံတွေ၊ စက်သုံးဆီအရောင်းဆိုင်တွေကလဲ တိုးတက်များပြားလာပါတယ်။ တိုးတက်လာမှုတွေနဲ့အတူ မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းတွေကို ရာသီမရွေးအလေးထားပြီး ဆောင်ရွက်နေကြရပါမယ်။ မီးဘေးအန္တရာယ်ပေါ်ပေါက်လာပြီဆိုရင်တော့ ပျက်စီးဆုံးရှုံးမှုတွေ ပိုမိုများပြားလာပါမယ်။

မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့အနေနဲ့ မီးငြိမ်းသတ်ရေးလုပ်ငန်းအပြင် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် သတိပေးနှိုးဆော်တာ၊ အသိပညာပေးတာ၊ ဇာတ်တိုက်လေ့ကျင့်တာတွေကို ဆောင်ရွက်ပေးနေပါတယ်။ နိုင်ငံပိုင်မီဒီယာတွေကလဲ မီးဘေးအန္တရာယ်မဖြစ်ပေါ်စေဖို့အတွက် အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးနေပါတယ်။ ဒီလိုဆောင်ရွက်ချက်တွေနဲ့အတူ ပြည်သူတစ်ရပ်လုံးကလဲ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးလုပ်ငန်းတွေကို တစ်ယောက်ချင်းစီရဲ့ အသိစိတ်ဓာတ်နဲ့ သတိပြုဆောင်ရွက်ကြဖို့ လိုပါတယ်။

ကြိုတင်ကာကွယ်ရေးအတွက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့က ထုတ်ပြန်ထားတဲ့ အသိပညာပေးလုပ်ငန်းတွေကို တိတိကျကျလိုက်နာပြီး ပူးပေါင်းဆောင်ရွက်ကြဖို့ လိုပါတယ်။ မီးဘေးအန္တရာယ်မပေါ်ပေါက်ရေးအတွက် လိုက်နာသင့်တဲ့အချက်တွေကို အကြံပြုတင်ပြလိုပါတယ်။

- နေအိမ်နဲ့ ပတ်ဝန်းကျင်မှာ အမှိုက်တွေနဲ့ မီးလောင်လွယ်တဲ့ပစ္စည်းတွေ ရှင်းလင်းထားပါ။
- အရေးပေါ်မီးငြိမ်းသတ်ရေး ပစ္စည်းကိရိယာတွေကို စီစဉ်ပြုလုပ်ထားပါ။
- မီးသုံးစွဲနေစဉ်ဂရုပြုသုံးစွဲပါ။ သုံးစွဲပြီးပါက မီးကြွင်းမီးကျန်မရှိအောင် ငြိမ်းသတ်ထားပါ။
- ဆေးလိပ်၊ ဖယောင်းတိုင်၊ အမွှေးတိုင်၊ ခြင်ဆေးခွေတွေကို အောက်ခံခွက်ထားပြီး သုံးစွဲပါ။
- မီးလောင်လွယ်တဲ့ပစ္စည်းတွေ၊ လောင်စာဆီတွေကို မီးနဲ့နီးတဲ့နေရာမှာ အသုံးမပြုပါနဲ့။
- ဟောင်းနွမ်းဆွေးမြည့်နေသော ဝိုင်ယာကြိုး၊ မီးခလုတ်၊ ပလတ်တွေကို လဲလှယ်ပြင်ဆင်ထားပါ။
- နေအိမ်၊ စက်ရုံအလုပ်ရုံ၊ သိုလှောင်ရုံ၊ ဟိုတယ်၊ ရုံးအဆောက်အအုံတွေ၊ စားသောက်ဆိုင်၊ မော်တော်ယာဉ်တွေမှာ သင့်တင့်မျှတတဲ့ မီးငြိမ်းသတ်ရေးကိရိယာတွေ ပြည့်စုံအောင်ထားရှိပါ။

ဝန်ထမ်းများကို အရေးပေါ်ပြန်လည်တုံ့ပြန်ရေးအဖွဲ့၊ မီးငြိမ်းသတ်ရေးအဖွဲ့၊ လုံခြုံရေးအဖွဲ့၊ ကယ်ဆယ်ရေးအဖွဲ့၊ ပစ္စည်းများသယ်ယူပြောင်းရွှေ့ရေးအဖွဲ့ စသဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်ထားပါ။ မီးသတ်တပ်ဖွဲ့အကူအညီရယူကာ အသိပညာပေးလုပ်ငန်း၊ မီးငြိမ်းသတ်ရေးလုပ်ငန်းဆိုင်ရာ သဏ္ဍာန်တူဇာတ်တိုက်လေ့ကျင့်မှုတွေ ဆောင်ရွက်ထားပါ။

- မီးစတင်လောင်ကျွမ်းချိန်မှာ ဘေးက သိမှာစိုးရိမ်ပြီး ကျိတ်မငြိမ်းပါနဲ့။ ပတ်ဝန်းကျင်က အကူအညီတွေရယူပြီး မီးငြိမ်းသတ်ပါ။
- မီးလောင်မှုဖြစ်ပွားတဲ့နေရာမှာ မီးငြိမ်းသတ်နေတဲ့ မီးသတ်တပ်ဖွဲ့ဝင်တွေကို အနှောင့်အယှက်ဖြစ်စေမဲ့ အပြုအမူတွေကို မပြုလုပ်ပါနဲ့။ မီးသတ်တပ်ဖွဲ့မှ အကူအညီတောင်းခံမှုကို ပူးပေါင်းဆောင်ရွက်ပေးပါ။
- မိမိနဲ့အတူ မိသားစု၊ ပတ်ဝန်းကျင်ကို မီးဘေးအန္တရာယ်မဖြစ်ပေါ်ရေး အသိပေးနှိုးဆော်ပါ။

မီးဘေးအန္တရာယ်ဟာ မမျှော်မှန်းနိုင်တဲ့ ဘေးအန္တရာယ်တစ်မျိုးဖြစ်ပေမဲ့ သတိနဲ့ ကြိုတင်ကာကွယ်လို့ ရနိုင်ပါတယ်။ မီးဘေးကြောင့် ပြည်သူတွေရဲ့ အသက်အိုးအိမ်ပစ္စည်းတွေ ဆုံးရှုံးတာဟာ နိုင်ငံတော်အတွက် ဆုံးရှုံးမှုလဲ ဖြစ်ပါတယ်။ မလိုအပ်တဲ့ ပျက်စီးဆုံးရှုံးမှုတွေ မဖြစ်ပေါ်စေဖို့အတွက် ကြိုတင်ကာကွယ်တာက အကောင်းဆုံးနည်းလမ်းဖြစ်ပါတယ်။ မီးဘေးအန္တရာယ်ကျရောက်ပါက မီးငြိမ်းသွားရုံနဲ့ မပြီးသေးပါ။ မီးသင့်သူတွေအတွက် ကယ်ဆယ်ရေးနဲ့ ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေကို ဆက်လက်လုပ်ဆောင်ကြရအုံးမှာဖြစ်ပါတယ်။ ဒါကြောင့် ပြည်သူတစ်ရပ်လုံးက မီးဘေးအန္တရာယ်မဖြစ်ပေါ်စေဖို့အတွက် တစ်ယောက်ချင်းစီက သတိ၊ အသိများဖြင့် ကြိုတင်ကာကွယ်သွားကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါတယ်။

**ကိုးကား**

**- နေ့စဉ်ထုတ်သတင်းစာများ။**

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်

**ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့်ပြည်သူအချို့ကို အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကိုဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာ ကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

သတင်းထုတ်ပြန်ချက်

## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်ခြင်း

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ရက် နောက်ပိုင်းကစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကို ထောက်ခံသူအစွန်းရောက်များ၊ မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDM လှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAO များ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့်ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့် ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့ကို အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့်ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏နေရပ်များသို့ ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရ ဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာသံရုံး၊စစ်သံရုံး၊ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

သတင်းထုတ်ပြန်ရေးအဖွဲ့

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

# ဝါးခယ်မမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့် စပါး ၂၁၃၂၁၆ ဧက ရိတ်သိမ်းပြီးစီး




**မြောင်းမြ ဖေဖော်ဝါရီ ၆**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော စပါး ၂၁၃၂၁၆ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဝါးခယ်မမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီက စပါး ၂၁၃၂၁၆ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးခဲ့သည့် စပါးစိုက်ခင်းများကို ၂၀၂၄ ခုနှစ် အောက်တိုဘာလ ပထမပတ်က စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် စပါးဧကအားလုံး ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး စပါးတစ်ဧကလျှင် ၉၇ ဒသမ ၉၂ တင်း ထွက်ရှိကြောင်း သိရသည်။

''ဝါးခယ်မမြို့နယ်တစ်ခုလုံး အနေနဲ့ မိုးသီးနှံစိုက်ပျိုးရာသီက စပါး ၂၁၃၂၁၆ ဧက စိုက်ပျိုးခဲ့ပါတယ်။ လက်ရှိမှာတော့ စိုက်ပျိုးခဲ့တဲ့ စပါးဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီ ဖြစ်ပါတယ်။ စပါးတွေ တစ်ဧကချင်း အထွက်နှုန်းကောင်းခဲ့သလို စပါးအရည်အသွေးလဲ ကောင်းမွန်ပါတယ်'' ဟု မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြ၍ သိရသည်။

ဝါးခယ်မမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော စပါးကေများတွင် ဆင်းသုခ၊ GW-11 ၊ ပခမ်း GW -3၊ ဧရာမင်း၊ မော်ဘီ ၁၊ ထိုင်းဘေးကျား၊ ရက်၉၀၊ သီးထပ်ရင်၊ နံ့ကား၊ မော်ဘီ ၃၊ နယူးဧက ၁၊ GW-18 စသည့် စပါးအမျိုးအစားများကို အများဆုံး စိုက်ပျိုးခဲ့ကြောင်း သိရသည်။

စပါးသီးနှံကို အထွက်နှုန်းတိုးတက် ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက နိုင်ငံတွင်း စားသုံးမှုဖူလုံစေရုံမျှမက ပြည်ပသို့ ပို့ကုန်အဖြစ်ပါ တင်ပို့နိုင်မည်ဖြစ်ကြောင်း၊ ထုတ်လုပ်မှုနှင့် ဈေးကွက်လိုအပ်ချက်ဖြစ်သော ဝယ်လိုအားမျှတလာပါက ကုန်ဈေးနှုန်းတည်ငြိမ်၍ လူမှုစီးပွားဘဝများလည်း မြင့်မားတိုးတက်လာမည်ဖြစ်သဖြင့် စပါးသီးနှံများ အထွက်နှုန်းတိုးတက်စေရေး ဒေသမရွေး ကြိုးပမ်းစိုက်ပျိုးကြရမည် ဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

# နမ့်စန်မြို့နယ် ကျေးရွာနှစ်ရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**နမ့်စန် ဖေဖော်ဝါရီ ၆**

ရှမ်းပြည်နယ် (တောင်ပိုင်း) နမ့်စန်ခရိုင် နမ့်စန်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဝမ်လုံကျေးရွာနှင့် ဈေးကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ နမ့်စန်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးအရာရှိ ဒေါ်ဖြိုးဖြိုးအောင်က ကျေးရွာရပ်မိရပ်ဖများ၊ ကျေးရွာတာဝန်ရှိသူများ၊ အသင်းသား၊ အသင်းသူများနှင့် တွေ့ဆုံပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ ရရှိလာမည့် အကျိုးကျေးဇူးများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း လက်စွဲစာစောင်ပါ စည်းမျဉ်းစည်းကမ်းများ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ နမ့်စန်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြစိမ်းရောင်စီမံကိန်း တာဝန်ခံဝန်ထမ်းများက စီမံကိန်း စက်ဝန်းကာလ သတ်မှတ်ချက်များ၊ အတိုးနှုန်းသတ်မှတ်ချက်များ၊ စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ စီမံကိန်းရန်ပုံငွေကျပ် ၄၆ ဒသမ ၃ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ဝမ်လုံကျေးရွာနှင့် ဈေးကုန်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၃၉ ဦးကို ငွေကျပ် ၄၁ ဒသမ ၃ သန်း၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ သုံးဦးကို ငွေကျပ် ငါးသန်း၊ စုစုပေါင်း အသင်းသား၊ အသင်းသူ ၄၂ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၄၆ ဒသမ ၃ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**သံသာ**

# အမေရိကန်နိုင်ငံတွင် ရေခဲမုန်တိုင်းတိုက်ခတ်မှုကြောင့် ရာသီဥတုဆိုင်ရာသတိပေးချက်ထုတ်ပြန်



**ဝါရှင်တန် ဖေဖော်ဝါရီ ၆**

အမေရိကန်နိုင်ငံတစ်ဝန်းတွင် အအေးလွန်ကဲသော ရေခဲမုန်တိုင်း တိုက်ခတ်မှုကြောင့် ပြည်နယ် ၁၉ ပြည်နယ်တွင် ရာသီဥတုဆိုင်ရာ သတိပေးချက် ထုတ်ပြန်ထားကြောင်း အမျိုးသားမိုးလေဝသဌာနက ဖေဖော်ဝါရီ ၅ ရက်တွင် ထုတ်ပြန်ခဲ့သော သတင်းများကို ကိုးကား၍ ယနေ့သတင်းများတွင် ဖော်ပြထားသည်။

အမေရိကန်နိုင်ငံ ရှိ အိုက်လန်၊ ကွန်နက်တီကက်၊ ဗားမောင့်၊ နယူးယောက်၊ မက်ဆာချူးဆက်၊ ပင်ဆယ်ဗေးနီးယား၊ နယူးဂျာစီ၊ ဗာဂျီးနီးယား၊ ဒယ်လာဝဲ၊ မေရီလန်း၊ အိုဟိုင်းအိုး၊ အင်ဒီယားနား၊ မစ်ချီဂန်၊ အီလီနွိုက်၊ လိုဝါ၊ အနောက်ဗာဂျီနီးယား၊ မစ်ဆိုရီ၊ ကန်ဆက်နှင့် အိုကလာဟိုးမား ပြည်နယ်တို့တွင် ရေခဲမုန်တိုင်း တိုက်ခတ်မှုကြောင့် လျှပ်စစ်မီး ပြတ်တောက်ခြင်း၊ လမ်းများပေါ်တွင် ရေခဲများစုပုံနေခြင်းတို့ကြောင့် မလိုအပ်ဘဲ ခရီးသွားလာခြင်းမပြုကြရန်နှင့် ယာဉ်အန္တရာယ်များဖြစ်ပေါ်လာနိုင်သည်ဟု သတိပေးချက် ထုတ်ပြန်ထားကြောင်း သိရသည်။

"ရေခဲမုန်တိုင်း တိုက်ခတ်နေတာကြောင့် လမ်းတွေပေါ်မှာ ရေခဲပြင်လို ဖြစ်နေပါတယ်။ လမ်းလျှောက်ရင်ပဲဖြစ်ဖြစ်၊ ကားနဲ့သွားရင်ပဲဖြစ်ဖြစ် ချော်ထွက်နိုင်တဲ့အတွက် ခြေကျင်သွားရာမှာလဲ အထူးသတိထားဖို့လိုသလို ကားနဲ့သွားရင်လဲ အတတ်နိုင်ဆုံး အရှိန်လျှော့မောင်းဖို့ တိုက်တွန်းလိုပါတယ်"ဟု မိုးလေဝသဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့ကြောင်း သိရသည်။

အန္တရာယ်ရှိသောအခြေအနေများဖြစ်ပေါ်နေသဖြင့် မဖြစ်မနေ ခရီးသွားရမည်ဆိုပါက လမ်းများပေါ်တွင် ချော်ထွက်နိုင်သောအခြေအနေများ ဖြစ်ပေါ်လျက်ရှိသဖြင့် ကြိုတင်ပြင်ဆင်မှုများပြုလုပ်ပြီးမှသာ ပြင်ပသို့ထွက်ခွာရန် မိုးလေဝသဌာနက သတိပေးထားပြီး အဆိုပါပြည်နယ်များရှိ ကျောင်းများနှင့် စီးပွားရေးလုပ်ငန်းတချို့ကိုလည်း ခေတ္တပိတ်ထားရကြောင်း သိရသည်။

Ref : Russia Today
Trs : AZH

# ထိုင်းနိုင်ငံရှိ ပြည်နယ် ၅၀ တွင် လယ်ယာမြေမီးရှို့ခြင်းများကို တားမြစ်ချက်ထုတ်ပြန်ပြီးနောက် လေထုညစ်ညမ်းမှု လျော့ကျလာ

**ဗန်ကောက် ဖေဖော်ဝါရီ ၆**

ထိုင်းနိုင်ငံရှိ ပြည်နယ်ပေါင်း ၅၀ တွင်လယ်ယာမြေမီးရှို့ခြင်းများကို တားမြစ်ချက် ထုတ်ပြန်ခဲ့ပြီးနောက် နိုင်ငံအရှေ့မြောက်ပိုင်းနှင့် တောင်ပိုင်းဒေသများတွင် လေထုညစ်ညမ်းမှုလျော့ကျလာကြောင်း အမျိုးသားသဘာဝဘေးအန္တရာယ်ကာကွယ်ရေး ကွပ်ကဲမှုအဖွဲ့၏ ဖေဖော်ဝါရီ ၅ ရက် ထုတ်ပြန်ချက်များကို ကိုးကား၍ ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ထိုင်းနိုင်ငံအနှံ့တွင် ပြီးခဲ့သောလက လေထုညစ်ညမ်းမှု မြင့်တက်ခဲ့သဖြင့် အမျိုးသားသဘာဝဘေးအန္တရာယ်ကာကွယ်ရေးကွပ်ကဲမှုအဖွဲ့က ဇန်နဝါရီ ၃၀ ရက်မှစ၍ ပြည်နယ် ၅၀ တွင် ကောက်ပဲသီးနှံများ ရိတ်သိမ်းပြီးကျန်သည့်အကြွင်းအကျန်များနှင့် လယ်ယာမြေများကို မီးရှို့ခြင်းမပြုရန် တားမြစ်ချက်ထုတ်ပြန်ခဲ့ပြီးနောက် နိုင်ငံအရှေ့မြောက်ပိုင်းနှင့် တောင်ပိုင်းဒေသများတွင် PM2.5 အမှုန်အမွှားပါဝင်မှုအဆင့် လျော့ကျသွားကြောင်း အစိုးရပြောရေးဆိုခွင့်ရှိသူ ဆာစီခန်ဝက်ချနာချန်က ပြောကြားခဲ့သည်။

နိုင်ငံမြောက်ပိုင်း ဒေသများတွင်မူ လေထုညစ်ညမ်းမှုအခြေအနေသည် ဘေးကင်းမှုအဆင့်ထက် ကျော်လွန်နေဆဲဖြစ်ကြောင်း၊ ဘူမိသတင်းအချက်အလက်နှင့် အာကာသနည်းပညာဖွံ့ဖြိုးတိုးတက်ရေး အေဂျင်စီ၏ တွေ့ရှိချက်များအရ ကြံစိုက်ပျိုးမှုအများဆုံး ဒေသများဖြစ်သော နိုင်ငံအနောက်ပိုင်း၊ အလယ်ပိုင်းနှင့် အရှေ့မြောက်ပိုင်း ဒေသများတွင် လေထုညစ်ညမ်းမှုဖြစ်ပွားသော နေရာအများအပြားရှိနေသေးကြောင်း အစိုးရပြောရေးဆိုခွင့်ရှိသူ ဆာစီခန်ဝက်ချနာချန်က ပြောကြားခဲ့သည်။

Ref : Russia Today
Trs : AZH

# သြစတြေးလျနိုင်ငံ တက်စ်မေးနီးယားကျွန်းတွင် တောမီးလောင်ကျွမ်းမှုကြောင့် နာမည်ကျော် တောတွင်းလမ်းလျှောက်နေရာများကို ယာယီပိတ်ထား

**ကင်ဘာရာ ဖေဖော်ဝါရီ ၆**

သြစတြေးလျနိုင်ငံ တက်စ်မေးနီးယားကျွန်းတွင် တောမီးလောင်ကျွမ်းမှုဖြစ်ပွားနေပြီး တောမီးမှာ ထိန်းချုပ်ရခက်သည့် အဆင့်သို့ ရောက်ရှိနေသည့်အတွက် နာမည်ကျော် တောတွင်းလမ်းလျှောက်နေရာများ ယာယီပိတ်ထားကြောင်း တက်စ်မေးနီးယားကျွန်း အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

တောမီးငြိမ်းသတ်ရန်အတွက် တောမီးလောင်ကျွမ်းမှု ဖြစ်ပွားနေသည့်နေရာသို့ သွားရောက်ရန်အတွက် အခက်အခဲများရှိနေပြီး တောမီးကို ထိရောက်စွာငြိမ်းသတ်နိုင်ခြင်းမရှိသည့်အတွက် အချိန်တိုအတွင်း ထိန်းချုပ်ရခက်သည့် အဆင့်သို့ ရောက်ရှိခဲ့ခြင်းဖြစ်ကြောင်း၊ အခြေခံအဆောက်အအုံများနှင့် နေအိမ်များဆီသို့ တောမီးကူးစက်လာခြင်း မရှိစေရေးအတွက် မီးသတ်တပ်ဖွဲ့ဝင်များက အကောင်းဆုံး ကြိုးစားပေးနေသည်ဟု တက်စ်မေးနီးယား မီးသတ်တပ်ဖွဲ့က ထုတ်ပြန်ခဲ့ကြောင်း သိရသည်။



"တောမီးလောင်ကျွမ်းမှုဖြစ်ပွားနေတဲ့နေရာကို သွားဖို့က မြေပြင်အနေအထားကြောင့် အခက်အခဲရှိနေပါတယ်။ လေတိုက်နှုန်းလဲ မြင့်မားနေတဲ့အတွက် တောမီးလောင်ကျွမ်းမှုဟာ လာမဲ့ ၂၄ နာရီကနေ ၄၈ နာရီအတွင်း အခြေအနေ ပိုဆိုးလာနိုင်ပါတယ်။ ဇန်နဝါရီ ၅ ရက် မနက် ၉ နာရီလောက်က စတင်လောင်ကျွမ်းတဲ့ တောမီးဟာ အချိန်တိုအတွင်း ထိန်းချုပ်ရခက်တဲ့ အဆင့်ကို ရောက်ရှိလာခဲ့တာ ဖြစ်ပါတယ်" ဟု တက်စ်မေးနီးယား ဥယျာဉ်နှင့် တောရိုင်းတိရစ္ဆာန်ဆိုင်ရာ ဦးစီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ နစ်ဒီကာက ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Russia Today
Trs : Sai Sat

# ဂျာမနီနိုင်ငံအနေဖြင့် ၂၀၃၀ ပြည့်နှစ် ရာသီဥတုဖောက်ပြန်မှုထိန်းချုပ်ရေး ရည်မှန်းချက်နှင့် လွဲချော်ဖွယ်ရှိ

**ဘာလင် ဖေဖော်ဝါရီ ၆**

ဂျာမနီနိုင်ငံအနေဖြင့် ၂၀၁၅ ခုနှစ် ပဲရစ်ညီလာခံသဘောတူညီချက်အတိုင်း ရာသီဥတုဖောက်ပြန်မှု ထိန်းချုပ်ရေးလုပ်ငန်းများကို စီမံချက်ဖြင့် ဆောင်ရွက်နေပြီး ၂၀၅၀ ပြည့်နှစ်မတိုင်မီ ၂၀၃၀ ပြည့်နှစ်အရောက်တွင် ၁၉၉၀ ပြည့်နှစ်က ထုတ်လွှတ်ခဲ့သည့် ကာဗွန်ပမာဏ၏ ၆၅ ရာခိုင်နှုန်းထိ လျှော့ချနိုင်ရေးအတွက် ပစ်မှတ်ထားဆောင်ရွက်နေသော်လည်း ရည်မှန်းချက်နှင့် လွဲချော်ဖွယ်ရှိနေကြောင်း အစိုးရ၏ ရာသီဥတု ပြောင်းလဲမှုဆိုင်ရာ အကြံပေးအဖွဲ့က ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

၂၀၃၀ ပြည့်နှစ်အရောက်တွင် ဆောင်ရွက်သွားမည့် စီမံချက်များကို တာဝန်ယူနေသည့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာကောင်စီအနေဖြင့် ပြန်လည်စိစစ်သင့်သည်ဟု အစိုးရ၏ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ အကြံပေးအဖွဲ့က တိုက်တွန်းခဲ့ကြောင်း၊ အစိုးရ၏ ရာသီဥတုပြောင်းလဲမှုဆိုင်ရာအကြံပေးအဖွဲ့သည် ၂၀၂၄ ခုနှစ်ကလည်း ဂျာမနီနိုင်ငံ၏ ၂၀၃၀ ပြည့်နှစ် ရည်မှန်းချက်မှာ အောင်မြင်ဖွယ်မရှိကြောင်း မှတ်ချက်ပြုခဲ့ဖူးသကဲ့သို့ ယခုတစ်ဖန် ထပ်မံ၍ မှတ်ချက်ပြုခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

"ရာသီဥတုပြောင်းလဲမှု ထိန်းချုပ်ရေးလုပ်ငန်းတွေကို ဆောင်ရွက်ရာမှာ တချို့ကဏ္ဍတွေက ထိရောက်မှုရှိပေမဲ့ တချို့ကဏ္ဍတွေမှာ အကောင်အထည်ဖော်ဆောင်ရွက်တာ အားနည်းနေတယ်။ သယ်ယူပို့ဆောင်ရေးကဏ္ဍနဲ့ ဆောက်လုပ်ရေးကဏ္ဍတွေမှာ ထိရောက်စွာဆောင်ရွက်နိုင်ခဲ့ပေမဲ့ ကဏ္ဍတော်တော်များများမှာ စီမံချက်အတိုင်း ဆောင်ရွက်နိုင်တာ မရှိသေးဘူး။ ဒါကြောင့် ၂၀၃၀ ပြည့်နှစ်အရောက်မှာ ဆောင်ရွက်သွားဖို့ရည်ရွယ်ထားတဲ့ ရည်မှန်းချက်ကို အောင်မြင်အောင်ဆောင်ရွက်နိုင်ဖို့ မဖြစ်နိုင်ပါဘူး"ဟု အစိုးရ၏ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ အကြံပေးအဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ တစ်ဦးက ပြောကြားခဲ့သည်။

Ref : Sputnik News
Trs : Sai Sat

# ဗြိတိန်နိုင်ငံ အနောက်အလယ်ပိုင်းတွင် ရေကြီးရေလျှံမှုကာကွယ်ရေးအတွက် အစိုးရက ဘတ်ဂျက်ခွင့်ပြုပေးသွားမည်

**လန်ဒန် ဖေဖော်ဝါရီ ၆**

ဗြိတိန်နိုင်ငံ အနောက်အလယ်ပိုင်းဒေသများတွင် ရေဘေးအန္တရာယ်ဖြင့် နှစ်စဉ်နှစ်တိုင်း ရင်ဆိုင်နေရသည့်အတွက် ဗြိတိန်အစိုးရက ရေဘေးအန္တရာယ်ကာကွယ်ရေး အတားအဆီးများကို တည်ဆောက်ပေးသွားရန် ဘတ်ဂျက်ခွင့်ပြုပေးသွားမည်ဖြစ်ကြောင်း Department for Environment Food and Rural Affairs (Defra) က ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

အဆိုပါစီမံကိန်းကို လာမည့် နှစ်နှစ်အတွင်း အကောင်အထည်ဖော်သွားမည်ဖြစ်ပြီး စတာလင်ပေါင် ၂ ဒသမ ၆၅ ဘီလီယံထိ အသုံးပြုသွားမည် ဖြစ်ကြောင်း၊ တည်ဆောက်ပြီးသည့် အတားအဆီးများကိုလည်း ပြန်လည်မွမ်းမံ ပြင်ဆင်သွားမည်ဖြစ်ပြီး အသစ်တည်ဆောက်မှုများကိုပါ တစ်ပါတည်း ပြုလုပ်သွားမည်ဖြစ်ကြောင်း၊ ဗြိတိန်နိုင်ငံတွင် ရာသီဥတုပြောင်းလဲမှု မြန်ဆန်ကာ မုန်တိုင်း၊ မိုးသည်းထန်စွာရွာသွန်းမှုနှင့် ရေကြီးရေလျှံဖြစ်ပွားမှုများဖြင့်ရင်ဆိုင်ခဲ့ရပြီး အဆိုပါ သဘာဝဘေးဒဏ်များကို ရင်ဆိုင်ရန်အတွက် အစိုးရအနေဖြင့် ငွေကြေးသုံးစွဲမှုများ ပြုလုပ်လာခြင်းဖြစ်ကြောင်း သိရသည်။

"မုန်တိုင်းတွေ မကြာခဏဝင်ရောက်နေပြီး မုန်တိုင်းကြောင့် အသက်ဆုံးရှုံးခဲ့ရတာတွေရှိတယ်။ ပြည်သူတွေရဲ့ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးဖို့အတွက် နှစ်စဉ် အန္တရာယ်ပေးနေတဲ့ ရေကြီးရေလျှံမှုကာကွယ်ရေး အတားအဆီးတွေ တည်ဆောက်သွားမှာဖြစ်ပါတယ်"ဟု Department for Environment Food and Rural Affairs (Defra) ၏ အတွင်းရေးမှူး စတိဖ်ရိက ပြောကြားခဲ့သည်။

Ref : Sputnik News
Trs : Sai Sat

# စနေနေ့ညကစားမဲ့ ပြိုင်ပွဲတွေထဲက ကစားသမားစုဖွဲ့မှုပိုင်းကောင်းနေတဲ့ ဘီလ်ဘာအိုအသင်း၊ ဖရိုင်းဘတ်အသင်း၊ နိုက်အသင်းတို့ကို ရွေးချယ်ရမှာပါ

M
L




စနေနေ့ညမှာတော့ ပရီးမီးယားလိဂ်က အက်ဖ်အေဖလားစတုတ္ထအဆင့်ပွဲစဉ်တွေသာ ယှဉ်ပြိုင်မှာဖြစ်ပြီး ကျန်ထိပ်သီးလိဂ်တွေကတော့ အမှတ်ပေးပြိုင်ပွဲတွေ ဆက်လက်ကျင်းပသွားမှာဖြစ်ပါတယ်။ ပြီးခဲ့တဲ့ တစ်ပတ် စနေနေ့ညမှာ ပရီးမီးယားလိဂ်၊ ပြင်သစ်လီဂူးနဲ့ လာလီဂါက ပရိသတ်အကြိုက်များတဲ့ အသင်းတွေရလဒ်ကောင်းပေမဲ့ ဘွန်ဒက်လီဂါနဲ့ စီးရီးအေမှာတော့ အသင်းကြီးတွေရလဒ်မကောင်းခဲ့လို မျှော်လင့်ထားသလိုဖြစ်မလာခဲ့တာကိုတွေ့ရမှာပါ။ လာမဲ့စနေနေ့ညမှာ အသင်းကြီးတွေ့ဆုံမှုနည်းနေပြီး ခြေရည်တူအသင်းတွေ ထိပ်တိုက်တွေ့ဆုံနေတာကြောင့် ပြိုင်ဆိုင်မှုပိုပြင်းထန်မှာ သေချာပါတယ်။ ဒါကြောင့် အဲဒီပွဲစဉ်တွေထဲက ကစားကွက်ပိုင်းနဲ့ ကစားသမားစုဖွဲ့မှုပိုင်းအသာစီးရနေတဲ့အသင်းတွေကိုသာ အဓိကထားရွေးချယ်သွားမှာဖြစ်ပါတယ်။

## ဘီလ်ဘာအိုအသင်းကို အားပေးရမှာပါ

စနေနေ့ညကစားမဲ့ ဘွန်ဒက်လီဂါပွဲစဉ်တွေထဲက အကြိုက်တွေ့မိတာကတော့ ဘီလ်ဘာအိုအသင်းနဲ့ ဂျီရိုနာအသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ သူတို့နှစ်သင်း ပထမအကျော့တွေ့ဆုံမှုမှာတော့ ဂျီရိုနာက အိမ်ကွင်းမှာ နှစ်ဂိုးတစ်ဂိုးနဲ့ အနိုင်ရခဲ့တာကိုတွေ့ရမှာပါ။ အဲဒီအချိန်မှာ ဘီလ်ဘာအိုအသင်းဟာ အဓိကတိုက်စစ်မှူး နစ်ကိုးဝီလျံမပါနိုင်ခဲ့ပေမဲ့ ပွဲစကတည်းက ဖိအားပေးနိုင်ခဲ့တာကြောင့် ပင်နယ်တီနှစ်ကြိမ်ရခဲ့ပေမဲ့ နှစ်ကြိမ်စလုံးဂိုးအဖြစ် မပြောင်းလဲနိုင်ခဲ့ဘဲ နှစ်ဂိုးတစ်ဂိုးနဲ့ ရှုံးခဲ့တာဖြစ်ပါတယ်။ လက်ရှိမှာတော့ သူတို့အသင်းဟာ တိုက်စစ်ကစားပုံထက်မြက်နေပြီး အမှတ်ပေးပွဲအိမ်ကွင်း ၁၁ ပွဲကစားခဲ့ရာမှ အေတီကိုအသင်းကိုသာ ရှုံးနိမ့်ခဲ့တာဖြစ်လို့ ဂျီရိုနာလိုအသင်းကိုတော့ ပွဲချိန်ပြည့်ဖိအားပေးနိုင်မှာပါ။ ဘီလ်ဘာအိုအသင်းဟာ နောက်ဆုံးငါးပွဲမှာ ဘက်ဆစ်တပ်အသင်းကိုသာ ယူရိုပါလိဂ်မှာရှုံးခဲ့ပြီး ကျန်ပွဲတွေကိုတော့ အနိမ့်ဆုံးသရေ ကစားနိုင်ခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် အခုပွဲစဉ်မှာ နည်းပြ ဗယ်ဗာဒီအနေနဲ့ ခံစစ်ကစားပုံပြင်ဆင်လာမယ်ဆိုရင်တော့ ဂျီရိုနာအသင်းကို အနိုင်ရဖို့များပါတယ်။

ဂျီရိုနာအသင်းဟာ ပြီးခဲ့တဲ့ဘောလုံးရာသီမှာ အကောင်းဆုံးပုံစံရခဲ့တာကြောင့် ရာသီကုန်ဆုံးချိန်မှာ အဆင့်(၃) နေရာနဲ့ ချန်ပီယံလိဂ်ကစားခွင့်ရခဲ့တာဖြစ်ပါတယ်။ ဒါပေမဲ့ နွေရာသီအပြောင်းအရွှေ့မှာ အငှားခေါ်ယူထားတဲ့ ကစားသမားတွေထွက်ခွာခဲ့သလို တိုက်စစ်မှူးဒိုဘိခ်၊ ကွင်းလယ်က ဂါစီယာတို့လဲ အသင်းကထွက်ခွာသွားတာကြောင့် စုဖွဲ့မှုအားနည်းသွားပြီး ရလဒ်တည်ငြိမ်ဖို့ ခက်ခဲသွားတာကိုတွေ့ရမှာပါ။ ချန်ပီယံလိဂ်ပြိုင်ပွဲမှာဆို တစ်ပွဲသာအနိုင်ရခဲ့လို့ အုပ်စုကနေ လှည့်ပြန်ခဲ့ရတာဖြစ်ပါတယ်။ လက်ရှိအမှတ်ပေးပွဲ ၂၂ ပွဲအပြီးမှာတော့ ရမှတ် ၃၁ မှတ်နဲ့ အဆင့်(၇) မှာရောက်ရှိနေတာကြောင့် ဥရောပဝင်ခွင့် မျှော်လင့်ချက်ရှိနေတာကိုတွေ့ရမှာပါ။ ဒါပေမဲ့ အသင်းအနေနဲ့ ကစားသမားသစ်ဖြည့်တင်းနိုင်ခြင်းမရှိတာကြောင့် နောက်ဆုံးကစားခဲ့တဲ့ ပြိုင်ပွဲစုံငါးပွဲမှာ တစ်ပွဲသာအနိုင်ရခဲ့ပြီး သူတို့အနိုင်ရခဲ့တာကလဲ လက်ပါးမက်လိုခြေစွမ်းပိုင်းကျဆင်းနေတဲ့အသင်းဖြစ်တာကို သတိပြုရမှာပါ။ ဒါကြောင့် ဂျီရိုနာအသင်းရဲ့ခြေစွမ်းပိုင်းဟာ ဘီလ်ဘာအိုအသင်းနဲ့ယှဉ်ရင် ကွာခြားမှုရှိနေသလို ကစားသမားစုဖွဲ့မှုကလဲ တောင့်တင်းမှုမရှိတာကြောင့် အခုပွဲမှာ အဘက်ဘက်ကသာလွန်နေတဲ့ ဘီလ်ဘာအိုအသင်းကို အားပေးရမှာပါ။

### ဘီလ်ဘာအိုအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ဆဲလ်တာဗီဂို | ၁ | - | ၂ | ဘီလ်ဘာအို |
| ဘက်ဆစ်တက် | ၄ | - | ၁ | ဘီလ်ဘာအို |
| ဘီလ်ဘာအို | ၀ | - | ၀ | လက်ပါးမက် |
| ဘီလ်ဘာအို | ၃ | - | ၁ | ပလာဇန် |
| ဘက်တစ် | ၂ | - | ၂ | ဘီလ်ဘာအို |

### ဂျီရိုနာအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ဂျီရိုနာ | ၁ | - | ၂ | ဆီဗီလာ |
| အေစီမီလန် | ၁ | - | ၀ | ဂျီရိုနာ |
| ဗယ်လ်ကာနို | ၂ | - | ၁ | ဂျီရိုနာ |
| ဂျီရိုနာ | ၁ | - | ၂ | အာဆင်နယ် |
| ဂျီရိုနာ | ၂ | - | ၁ | လက်ပါးမက် |

## ဖရိုင်းဘတ်အသင်းရလဒ်ကောင်းမှာပါ

ဘွန်ဒက်လီဂါပွဲစဉ် ၂၁ မှာ အကြိုက်တွေ့မိတာကတော့ ဖရိုင်းဘတ်အသင်းနဲ့ ဟိုဒန်ဟိမ်းအသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ ဖရိုင်းဘတ်အသင်းဟာ နောက်ဆုံးကစားခဲ့တဲ့ငါးပွဲမှာ နှစ်ပွဲနိုင် သုံးပွဲရှုံးရလဒ်ထွက်ပေါ်ခဲ့ပေမဲ့ သူတို့ရှုံးခဲ့တာက ဘိုင်ယန်မြူးနစ်၊ ဖရန့်ဖတ်၊ စတုဂတ်တို့လို တိုက်စစ်ကစားပုံကောင်းတဲ့ အသင်းတွေကိုဖြစ်တာကို သတိပြုရမှာပါ။ နောက်ဆုံးကစားခဲ့ပွဲမှာတော့ ဘိုချမ်ကိုအဝေးကွင်းကနေ ဘောလုံးပိုင်ဆိုင်မှုအသာနဲ့ ကစားနိုင်ခဲ့လို့ တစ်ဂိုးဂိုးမရှိနဲ့ အနိုင်ရခဲ့တာဖြစ်ပါတယ်။ ဖရိုင်းဘတ်အသင်းဟာ ပွဲစဉ် ၂၀ အပြီးမှာ ရမှတ် ၃၀ ရခဲ့တာကြောင့် အမှတ်ပေးဇယားအဆင့်(၉) မှာရပ်တည်နေပေမဲ့ အဆင့်(၄) က လိုက်ပ်ဇစ်အသင်းနဲ့ ရမှတ်သုံးမှတ်သာ ကွာဟနေတာကြောင့် အခုပွဲကို အနိုင်ရခဲ့ရင် ဥရောပဝင်ခွင့်မျှော်လင့်ချက်ရှိလာမှာသေချာပါတယ်။ လက်ရှိမှာ ကစားသမားသုံးယောက် ဒဏ်ရာရနေပေမဲ့ အဓိက ကစားသမားတွေ အားလုံးပါဝင်နိုင်မှာဖြစ်လို့ ဟိုဒန်ဟိမ်းကို ဖိအားပေးကစားနိုင်မှာဖြစ်ပါတယ်။

ဟိုဒန်ဟိမ်းအသင်းဟာ အမှတ်ပေးပွဲ ၂၀ ကစားအပြီးမှာ လေးပွဲနိုင်၊ နှစ်ပွဲသရေ၊ ၁၄ ပွဲထိရှုံးခဲ့တာကြောင့် ရမှတ် ၁၄ မှတ်သာရခဲ့လို အဆင့်(၁၆) မှာရောက်ရှိနေပြီး တန်းဆင်းဇုန်ထဲ ကျရောက်နေတာကိုတွေ့ရမှာပါ။ သူတို့အသင်းဟာ ပြီးခဲ့တဲ့နှစ်မှာ ဘွန်ဒက်လီဂါကိုတန်းတက်လာခဲ့ကာ တန်းတက်အသင်းတွေထဲမှာ အသင်းလိုက်ကစားအားကောင်းခဲ့လို့ ဘောလုံးရာသီကုန်ဆုံးချိန်မှာ အဆင့်(၈) နေရာမှာ ရပ်တည်နိုင်ခဲ့ပြီး ဥရောပပြိုင်ပွဲကစားခွင့်ရခဲ့တာဖြစ်ပါတယ်။ အခုနှစ်မှာတော့ ကစားသမား ဖြည့်တင်းမှုထပ်မလုပ်နိုင်ခဲ့ဘဲ ယူရိုပါကွန်ဖရင့်လိဂ်ကစားခဲ့ရလို့ ပွဲပန်းမှုဒဏ်ကြောင့် အမှတ်ပေးပြိုင်ပွဲမှာ ရလဒ်ဆိုးရွားခဲ့တာကိုတွေ့ရမှာပါ။ ဒါပေမဲ့ ယူရိုပါလိဂ်ပြိုင်ပွဲမှာတော့ ရမှတ် ၁၀ မှတ်နဲ့ အဆင့်(၁၆) မှာရောက်ရှိခဲ့လို့ play-off ကစားခွင့်ရခဲ့တာဖြစ်ပါတယ်။ သူတို့အသင်းဟာ အမှတ်ပေးပွဲမှာ အဝေးကွင်း ၁၀ ပွဲကစားခဲ့ပေမဲ့ နှစ်ပွဲသာအနိုင်ရခဲ့ပြီး ခံစစ်ပိုင်းကလဲ ပေးဂိုး ၂၄ ဂိုးထိရှိခဲ့တာကြောင့် အဝေးကွင်းပေးဂိုးများတဲ့အသင်းတွေထဲမှာ ပါဝင်နေတာကို သတိပြုရမှာပါ။ သူတို့နှစ်သင်း ပထမအကျော့တွေ့ဆုံမှုမှာ ဖရိုင်းဘတ်အသင်းက သုံးဂိုးပြတ်အနိုင်ရခဲ့သလို လက်ရှိခြေစွမ်းပိုင်းနဲ့ ကစားသမားစုဖွဲ့မှုကလဲ ဖရိုင်းဘတ်အသင်းအနေနဲ့ ဟိုဒန်ဟိမ်းခံစစ်ပိုင်းကိုကျော်ဖြတ်ဖို့မခက်တာကြောင့် ဖရိုင်းဘတ်အသင်းရလဒ်ကောင်းမှာမှာပါ။

### ဖရိုင်းဘတ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ဖရိုင်းဘတ် | ၃ | - | ၂ | ဟိုစတိန်း |
| ဖရန့်ဖတ် | ၄ | - | ၁ | ဖရိုင်းဘတ် |
| စတုဂတ် | ၄ | - | ၀ | ဖရိုင်းဘတ် |
| ဖရိုင်းဘတ် | ၁ | - | ၂ | ဘိုင်ယန်မြူးနစ် |
| ဘိုချမ် | ၀ | - | ၁ | ဖရိုင်းဘတ် |

### ဟိုဒန်ဟိမ်းအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ဟိုဒန်ဟိမ်း | ၂ | - | ၀ | ယူနီယံဘာလင် |
| ဝါဒါဘရီမင် | ၃ | - | ၃ | ဟိုဒန်ဟိမ်း |
| ဟိုဒန်ဟိမ်း | ၀ | - | ၂ | စိန့်ပေါလီ |
| အော့စ်ဘတ် | ၂ | - | ၁ | ဟိုဒန်ဟိမ်း |
| ဟိုဒန်ဟိမ်း | ၁ | - | ၂ | ဒေါ့မွန် |

## နိုက်အသင်းနဲ့ လက်တွဲရမှာပါ

စနေနေ့ညကစားမဲ့ ပြင်သစ်လီဂူးပွဲစဉ်မှာအကြိုက်တွေ့တာကတော့ နိုက်အသင်းနဲ့ လန့်စ်အသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ နိုက်အသင်းဟာ နောက်ဆုံးကစားခဲ့တဲ့ တူးလော့အသင်းနဲ့ပွဲစဉ်မှာ နောက်ကျချေပဂိုးကြောင့် သရေတစ်မှတ်သာရခဲ့လို့ ပွဲစဉ် ၂၀ အပြီးမှာ ရမှတ် ၃၄ မှတ်နဲ့ အဆင့်(၅) မှာ ရောက်ရှိခဲ့တာကိုတွေ့ရမှာပါ။ ဒ့ါပြင် အဆင့်(၄) က လိုင်လီအသင်းနဲ့ ရမှတ်တစ်မှတ်၊ အဆင့်(၃) က မိုနာကိုအသင်းနဲ့ ရမှတ်သုံးမှတ်သာကွာဟနေတာကြောင့် အခုပွဲစဉ်ကိုအနိုင်ရခဲ့ရင် အဆင့်(၃) ထိတက်ရောက်နိုင်မဲ့ အခွင့်အရေးရှိနေတာဖြစ်ပါတယ်။ နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲမှာတော့ မာဆေးအသင်းကိုသာ အနိုင်ရခဲ့ပြီး နှစ်ပွဲသရေ၊ နှစ်ပွဲရှုံးရလဒ်ထွက်ပေါ်ခဲ့ပေမဲ့ နောက်ဆုံးအိမ်ကွင်းငါးပွဲဆက်မှာလဲ ယူရိုပါလိဂ်ပြိုင်ပွဲက ရိန်းဂျားအသင်းကိုသာ ရှုံးခဲ့တာကိုတွေ့ရမှာပါ။ ဒါကြောင့် နိုက်အသင်းအနေနဲ့ အမှတ်ပေးပြိုင်ပွဲအိမ်ကွင်းပွဲစဉ်တွေမှာ ရလဒ်ပိုင်းကောင်းနေတယ်လို့ဆိုရမှာပါ။ နည်းပြဟိန့်စ်ကတော့ ခံစစ်အားပြုကစားတဲ့ နည်းပြဖြစ်ပေမဲ့ တန်ပြန်တိုက်စစ်ကောင်းမွန်ခဲ့ပြီး တိုက်စစ်မှာ ဂတ်ဆန်းက သွင်းဂိုးကိုးဂိုးထိသွင်းယူနိုင်ခဲ့တာကို တွေ့ရမှာပါ။ ဒ့ါပြင် နိုက်အသင်းဟာ လန့်စ်အသင်းနဲ့ နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲဆက်မှာ ရှုံးပွဲမရှိခဲ့တာကြောင့် အခုပွဲမှာလဲ အစဉ်အလာကောင်းကို ဆက်ထိန်းနိုင်ဖို့ ကြိုးစားလာမှာသေချာပါတယ်။

လန့်စ်အသင်းဟာ တိုက်စစ်မှူး အိုပန်ဒါ၊ တိုက်စစ်မှူး ဝါဟီတို့လို ကစားသမားတွေကို ဆက်လက်မထိန်းနိုင်ဘဲ ရောင်းချခဲ့တာကြောင့် အခုရာသီမှာ တိုက်စစ်ပိုင်း ဂိုးရဖို့ခက်ခဲလာတာကိုတွေ့ရမှာပါ။ လက်ရှိအမှတ်ပေးပွဲ ၂၀ ကစားအပြီးမှာလဲ တိုက်စစ်ပိုင်းကသွင်းဂိုး ၂၅ ဂိုးသာ သွင်းယူနိုင်ခဲ့တာကိုကြည့်ရင် လန့်စ်အသင်း တိုက်စစ်ပိုင်းကျဆင်းသွားတာဖြစ်ပါတယ်။ ဒ့ါပြင် အသင်းက ကစားသမား ခုနစ်ယောက်ထိ ဒဏ်ရာရရှိနေတာကလဲ လန့်စ်အသင်းနည်းစနစ်ပိုင်း အားနည်းသွားတယ်လို့ဆိုရမှာပါ။ သူတို့အသင်းဟာ အခုအပြောင်းအရွှေ့မှာလဲ ခံစစ်ပိုင်းက ဂိုးသမားဆမ်ဘာ၊ ခံစစ်ကစားသမား ခူဆာနိုဗ်နဲ့ ဒန်ဆိုတို့ကို ပြောင်းရွှေ့ခွင့်ပြုခဲ့တာကြောင့် ခံစစ်ကစားပုံကျဆင်းသွားမှာ သေချာပါတယ်။ လက်ရှိအကျောပေးမှုမှာ နိုက်အသင်းက သရေကစားနိုင်ရင် ထက်ဝက်လောက်ရှုံးမဲ့ အကျောပေးမှုက ပျော့ပျောင်းနေတယ်ထင်ရပေမဲ့ ဒဏ်ရာရကစားသမားနဲ့ တိုက်စစ်ကစားပုံကိုယှဉ်ရင် လန့်စ်အသင်းက လိုအပ်ချက်များနေတာဖြစ်လို့ အိမ်ရှင်အသင်း မရှုံးနိုင်တဲ့အခြေအနေမှာ နိုက်အသင်းနဲ့ လက်တွဲရမှာဖြစ်ပါတယ်။

### နိုက်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| လိုင်လီ | ၂ | - | ၁ | နိုက် |
| အက်ဘော့ | ၁ | - | ၀ | နိုက် |
| နိုက် | ၂ | - | ၀ | မာဆေး |
| နိုက် | ၁ | - | ၁ | ဘိုဒိုဂလင့် |
| တူးလော့ | ၁ | - | ၁ | နိုက် |

### လန့်စ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| လန့်စ် | ၀ | - | ၁ | တူးလော့ |
| လီဟာဗေး | ၁ | - | ၂ | လန့်စ် |
| လန့်စ် | ၁ | - | ၂ | ပီအက်စ်ဂျီ |
| လန့်စ် | ၁ | - | ၀ | အန်ဂါ |
| မောင့်ပယ်လီယာ | ၀ | - | ၂ | လန့်စ် |

## ဘွဲ့ရအမျိုးသမီး ဗိုလ်လောင်းလျှောက်လွှာများ အချိန်မီ ပြန်လည်တင်သွင်းရန်အသိပေးနှိုးဆော်ခြင်း

ဘွဲ့ရအမျိုးသမီးဗိုလ်လောင်းလျှောက်လွှာများအား ၁၅-၁-၂၀၂၅ ရက်နေ့မှစ၍ တိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ထုတ်ပေးလျက်ရှိရာ ၁၈-၂-၂၀၂၅ ရက်နေ့တွင် လျှောက်လွှာများ ပိတ်သိမ်းမည်ဖြစ်ပါသဖြင့် လျှောက်လွှာထုတ်ယူလိုသူများ နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် သွားရောက်ထုတ်ယူနိုင်ကြောင်းနှင့် လျှောက်လွှာထုတ်ယူထားသူများအနေဖြင့်လည်း ဗိုလ်လောင်းလျှောက်လွှာများအား မိမိတို့လျှောက်လွှာထုတ်ယူရရှိသည့် တိုင်းစစ်ဌာနချုပ်များသို့ လျှောက်လွှာပိတ်ရက်မတိုင်မီ အချိန်မီ ပြန်လည်တင်သွင်းကြရန် အသိပေးနှိုးဆော်အပ်ပါသည်။ အသေးစိတ်သိရှိလိုပါက စစ်ရာထူးခန့်ချုပ်ရုံး(ဖုန်း၊ ၀၃၆-၃၀၃၃၁ နှင့် ၀၃၆-၃၀၃၃၈)သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

စစ်ရာထူးခန့်ချုပ်ရုံး
ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)

## "ကုန်အမှတ်တံဆိပ်နှင့်ပတ်သက်၍ အများသိစေရန် အသိပေးကြော်ငြာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ လသာမြို့နယ်၊ (၇)ရပ်ကွက်၊ မဟာဗန္ဓုလလမ်း၊ အမှတ်(၆၀၉)နေ ဒေါ်ဥမ္မာဝင်း (၁၂/လမတ(နိုင်)၀၀၈၈၆၈)၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် အသိပေးအကြောင်းကြားအပ်ပါသည်။



အထက်တွင် ဖော်ပြပါရှိသော ကုန်အမှတ်တံဆိပ်အမည် အမှတ်အသားကို ရန်ကုန်မြို့၊ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ (၁၈-၁-၂၀၀၂) ရက်နေ့တွင် ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို မိမိတစ်ဦးတည်းမူပိုင်အဖြစ် ပြုလုပ်သုံးစွဲရန်အတွက် မှတ်ပုံတင်သွင်းကြေညာထားခဲ့ပါသည်။ အဆိုပါ မှတ်ပုံတင်သွင်း စာချုပ်အမှတ် (၄၂၃/၂၀၀၂)ဖြင့် အထက်ပါကုန်အမှတ်တံဆိပ်ဖြင့်ပင် လူသုံးကုန်၊ ပလတ်စတစ်ပစ္စည်းအမျိုးမျိုး၊ နေအိမ်သုံး၊ စက်ရုံးသုံးပလတ်စတစ်ပစ္စည်းအမျိုးမျိုးတို့ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ကောင်းသောဂုဏ်သတင်းဖြင့် လက်လီလက်ကားဖြန့်ဖြူးရောင်းချလျက်ရှိနေပါသည်။

အထက်ပါကုန်အမှတ်တံဆိပ်ဖြင့် ပလတ်စတစ်လုပ်ငန်းလုပ်ကိုင်ခဲ့သည့် သက်တမ်းတစ်လျှောက် မိမိတို့၏ ကြိုးစားမှု၊ ရိုးသားဖြောင့်မတ်မှုတို့ကြောင့် ကုန်သည်မှုနယ်ပယ်တွင် ကောင်းသောဂုဏ်သတင်းဖြင့် အစဉ်တစိုက်ရောင်းချခဲ့သော ပစ္စည်းဖြစ်ပါသည်။

အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်ဖြင့်ပြုလုပ်သော ပလတ်စတစ်ပစ္စည်းများနှင့်ပတ်သက်၍ ရန်ကုန်မြို့၊ မန္တလေးမြို့၊ မော်လမြိုင်မြို့နှင့် မြန်မာနိုင်ငံတစ်နိုင်ငံလုံးအနှံ့အပြား ဆင်တူရိုးမှားပြုလုပ်၍ လက်လီ၊ လက္ကားတုပဖြန့်ဖြူးရောင်းချနေခြင်းတို့ကို အထောက်အထားများနှင့်တကွ တွေ့ရှိထားပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမှတ်အသားကိုအသုံးပြု၍ (ဥပဒေနှင့်မညီ) ဖြန့်ဖြူးရောင်းချနေခြင်းနှင့် တစ်နေရာမှတစ်နေရာသို့ ပို့ဆောင်ပေးသော ဝန်ဆောင်မှုလုပ်ငန်းများ၊ မော်တော်ယာဉ်လိုင်းအမျိုးမျိုး၊ ကားဂိတ်များအား ဆက်လက်လုပ်ဆောင်ခြင်းမပြုရန် အတိအလင်းတားမြစ်၍ လူကြီးမင်းတို့ဈေးကွက်အတွင်း ရောင်းချနေမှုအား ရပ်တန့်ရန် ကျွန်ုပ်တို့မိတ်ဆွေ၏ကိုယ်စား ကျွန်ုပ်တို့မှ တောင်းဆိုလိုက်သည်။

အထက်ပါကိစ္စရပ်နှင့်ပတ်သက်၍ တားမြစ်ချက်အား လိုက်နာဆောင်ရွက်ခြင်းမပြုဘဲ ဆက်လက်ကျူးလွန်ခဲ့သည်ကိုတွေ့ရှိခဲ့ပါက ကျွန်ုပ်တို့မိတ်ဆွေ၏အခွင့်အရေးအရ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း တည်ဆဲဥပဒေများနှင့်အညီ တရားရုံးတော်များတွင် ရာဇဝတ်ကြောင်း၊ တရားမကြောင်းတို့ဖြင့် တရားတထုံးစွဲဆို အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ဆောင်ရွက်ရာတွင် ကုန်ကျမှုစရိတ်အဝဝနှင့် ကျွန်ုပ်တို့မိတ်ဆွေ၏နစ်နာမှုအားလုံးတို့အတွက် အထွေထွေနစ်နာကြေး၊ အထူးလျော်ကြေးတို့အပါအဝင် တရားမနစ်နာမှုအတွက် ရထိုက်သောအခွင့်အရေးတို့အား လုပ်ဆောင်သူအပေါ်၌ တာဝန်ထားရှိမည်ဖြစ်ကြောင်း ကျူးလွန်သူများနှင့်တကွ အများသိစေရန် အသိပေးကြေငြာလိုက်သည်။

လွှဲအပ်ညွှန်ကြားချက်အရ-

| ဒေါ်ယဉ်ယဉ်ကြည်(LL.B) | ဒေါ်စုစုလှိုင်(LL.B) | ဒေါ်ချန်ပေါင်လူး(LL.B) |
|---|---|---|
| (စဉ်-၁၁၄၀၆) | (စဉ်-၅၅၅၆၃) | (စဉ်-၅၆၄၉၈) |

တရားလွှတ်တော်ရှေ့နေ

ဒေါ်သန်းဌေး (ခ) ဒေါ်သန်းသန်းဌေး(LL.B)
(စဉ်-၅၆၆၆၂)

အထက်တန်းရှေ့နေများ
အမှတ်(၅၄၄/ခ)၊ သဒ္ဒါလမ်း(၂၀)၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း - ၀၉-၄၃၁၁၄၆၅၄၊ ၀၉-၇၉၅၆၀၁၈၆၃၊ ၀၉-၇၉၆၃၀၈၀၂၁

## တစ်ဦးတည်းဖြစ်ပါကြောင်း

ပုသိမ်ကြီးမြို့နယ်၊ ဓမ္မရတနာမိုးကုတ်ဝိပဿနာရိပ်သာနေ ဦးမောင်ကလေး၏သမီး ဒေါ်နီဂြေ၀ (ခ) ဒေါ်မေသူသူထက်သည် တစ်ဦးတည်းဖြစ်ပါကြောင်း။ ဒေါ်နီဂြေ၀ (ခ) ဒေါ်မေသူသူထက် (၉/ပသက(သီ)၀၀၆၃၂)

## ပျောက်ဆုံးကြောင်း

မိတ္ထီလာမြို့နယ်၊ မလှိုင်မြို့၊ အမှတ်(၂)ရပ်ကွက်နေ ဦးမောင်ကလေး၏သမီး ဒေါ်မေသူသူထက်(၉/မလန(နိုင်)၀၁၇၄၉၁)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၄၂၉၈၁၆၄၇၂

## လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ




## မိုင်းလားမြို့နယ် မိုင်း၀(ထက်)ကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်ပြီးစီးမှု စစ်ဆေး

**မိုင်းလား ဖေဖော်ဝါရီ ၆**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းလားခရိုင် မိုင်းလားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တာပင်းကျေးရွာအုပ်စု မိုင်း၀(ထက်)ကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်ပြီးစီးမှုအခြေအနေများကို ဖေဖော်ဝါရီ ၅ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုင်းလားခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခေတ္တခရိုင်ဦးစီးမှူး ဦးစိုးလွင်၊ မိုင်းလားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသက်ညီညီနှင့် တာဝန်ခံအင်ဂျင်နီယာဝန်ထမ်းများက မိုင်း၀(ထက်)ကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ကျေးရွာရပ်မိရပ်ဖများ၊ ကျေးရွာသူ၊ ကျေးရွာသားများနှင့်တွေ့ဆုံကာ ဆောင်ရွက်ပြီးလုပ်ငန်းများ ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေး မှာကြားသည်။

မိုင်း၀(ထက်) ကျေးရွာ၌ လမ်းအရှည် တစ်မိုင်၊ အကျယ် ၁၂ ပေ၊ အမြင့် ကိုးလက်မရှိ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၄၆ ဒသမ ၃၅၄ သန်းဖြင့် တင်ဒါအောင်မြင်သည့် အရှေ့ပိုင်းချယ်ရီ မြေကုမ္ပဏီမှ ၂၀၂၄ ခုနှစ် ဇွန်လ စတုတ္ထပတ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း မိုင်းလားခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခေတ္တခရိုင်ဦးစီးမှူး ဦးစိုးလွင်ထံမှ သိရသည်။

**ချိုသန်းညွန့်**

## စစ်ကိုင်းမြို့နယ်တွင် နွေသီးနှံစိုက်ပျိုးရာသီ၌ စပါး ၆၃၁ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**စစ်ကိုင်း ဖေဖော်ဝါရီ ၆**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် စစ်ကိုင်းမြို့နယ်တွင် နွေသီးနှံစိုက်ပျိုးရာသီ၌ စပါး ၆၃၁ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

စစ်ကိုင်းမြို့နယ်တွင် နွေသီးနှံစိုက်ပျိုးရာသီ၌ စပါးဧက ၄၃၅၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် ဇန်နဝါရီလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ စပါး ၆၃၁ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"နွေသီးနှံစိုက်ပျိုးရာသီ စစ်ကိုင်းမြို့နယ်မှာ စပါးဧက ၄၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ၆၃၁ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့၊ ပိုးမွှားကျရောက်မှု ကာကွယ်နိုင်ဖို့၊ သီးနှံတွေ ပျက်စီးဆုံးရှုံးမှုမရှိစေဖို့ စတဲ့ အသိပညာပေးလုပ်ငန်းတွေကို ဆောင်ရွက်ပေးနေပါတယ်"ဟု စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးသန့်အောင်က ပြောပြသည်။

စစ်ကိုင်းမြို့နယ်တွင် စပါးစိုက် တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက တစ်ဧကအထွက်နှုန်းတိုးတက်ရေးနှင့်ပန်းတိုင်အထွက်နှုန်းထွက်ရှိရေးအတွက် မျိုးကောင်းမျိုးသန့်များ ဖြန့်ဖြူးခြင်း၊ နည်းပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

စပါးသီးနှံကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက နိုင်ငံတွင်း စားသုံးမှုဖူလုံစေရုံမျှမက ပြည်ပသို့ ပို့ကုန်အဖြစ်ပါ တင်ပို့နိုင်မည်ဖြစ်ကြောင်း၊ ထုတ်လုပ်မှု နှင့် ဈေးကွက်လိုအပ်ချက်ဖြစ်သော ဝယ်လိုအားမျှတလာပါက ကုန်ဈေးနှုန်းတည်ငြိမ်၍ လူမှုစီးပွားဘဝများလည်းမြင့်မားတိုးတက်လာမည်ဖြစ်သဖြင့် စိုက်ပျိုးသီးနှံများ အထွက်နှုန်းတိုးတက်စေရေး ဒေသမရွေး ကြိုးပမ်းစိုက်ပျိုးကြရမည်ဖြစ် ကြောင်း မြို့နယ်ဦးစီးမှူး ဦးမျိုးသန့်အောင်က ပြောပြ၍ သိရသည်။ (၂၀၆)






# အောင်မြင့်မိုရ်မင်းအာမခံကုမ္ပဏီလီမိတက်

၁။ ပြည်သူ့ပြည်သားအသက်အာမခံ
၂။ တပ်မတော်ဝန်ထမ်းအသက်အာမခံ
၃။ တောင်သူလယ်သမားအသက်အာမခံ
၄။ နစ်တိုငွေပင်ငွေရင်းအာမခံ
၅။ စုပေါင်းအသက်အာမခံ
၆။ မြွေအန္တရာယ်အာမခံ
၇။ အထူးခရီးသွားအာမခံ
၈။ ခရီးသွားအာမခံ
၉။ အားကစားသမားကိုယ်အင်္ဂါထိခိုက်မှုအာမခံ
၁၀။ ကျန်းမာရေးအာမခံ
၁၁။ ပြင်းထန်သောရောဂါကုသမှုအာမခံ
၁၂။ လူထုအခြေပြုကျန်းမာရေးစောင့်ရှောက်မှုအာမခံ
၁၃။ ပညာရေးအသက်အာမခံ
၁၄။ ကိုယ်အင်္ဂါထိခိုက်မှုအာမခံ
၁၅။ စာသင်သားအသက်အာမခံ
၁၆။ ပြည်သူ့ပြည်သားနစ်ချင်းအသက်အာမခံ
၁၇။ ပရီမီယံတစ်ကြိမ်ပေး နစ်တိုချေးငွေအသက်အာမခံ
၁၈။ ပရီမီယံတစ်ကြိမ်ပေး ချေးငွေအသက်အာမခံ
၁၉။ တမူထူးခြားသည့် စုဆောင်းမှု အသက်အာမခံ
၂၀။ တစ်လုံးတည်းပေး ငွေပင်ငွေရင်း အသက်အာမခံ

မိသားစုဘဝ လုံခြုံစိတ်ချဖို့
ကျန်းမာရေးအာမခံ
ထားကြစို့!

We Protect The Family




နေပြည်တော် - ဖုန်း - ၀၆၇ - ၃၄၃၄၇၁၂၊ ၀၉ - ၄၄၉၁၈၈၀၆၃

အမှတ်(၁၄၀)၊ ရွှေတိဂုံဘုရားလမ်းနှင့် ပန်တျာလမ်းထောင့်၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း - ၀၁ - ၈၃၇၈၉၆၅၊ ၀၉ - ၄၂၄၄၄၆၆၆၄၊ ဖက်(စ်) - ၀၁ - ၈၃၇၈၉၆၃

၂၉ × ၃၀ လမ်းကြား၊ ၈၄ လမ်း၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
ဖုန်း - ၀၉ - ၄၂၄၄၄၆၆၆၅၊ ဖက်(စ်) - ၀၂ - ၄၀၃၀၄၆၇




## မွေးသက္ကရာဇ်အမှန်

မန္တလေးမြို့၊ အမရပူရမြို့နယ်၊ ရတနာပုံတက္ကသိုလ်၊ ဇီဝဓာတုတွင် ပညာသင်ကြားနေသော (ဘ) ဦးချစ်သင်း၏သမီး မထူးထူး(၉/အမရ(နိုင်)၁၆၀၃၁၁) မွေးသက္ကရာဇ်အမှန်မှာ ၂၅-၃-၂၀၀၂ ဖြစ်ပါ ကြောင်း။

၂၅-၃-၂၀၀၂

## အမည်ပြောင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အထက(၃၅)၊ Grade–7 တွင် ပညာသင်ကြားနေသော (ဘ) ဦးဖြိုးဝေကျော်၏သား မောင်လင်းစစ်ပိုင်အား မောင်ထွန်းသြရမောင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

မောင်ထွန်းသြရမောင်

## ပျောက်ဆုံးကြောင်း

ချမ်းအေးသာစံမြို့နယ်၊ ၂၇ လမ်း ၇၇ x ၇၈ လမ်းကြားနေ သိန်းရွှေ (ဘ) ဦးသာဟန်(၁၃/နခတ(နိုင်)၀၄၆၀၅၁)၏ နိုင်ငံကူးလက်မှတ်အမှတ်(MA–920354)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

၀၉-၈၉၀၁၃၄၄၈၈

## ပျောက်ဆုံးကြောင်း

ချမ်းအေးသာစံမြို့နယ်၊ ၂၇ လမ်း ၇၇ x ၇၈ လမ်းကြားနေ ထက်ဝေယံဦး (ဘ) ဦးအောင်မျိုးဦး(မွေးစာရင်း)၏ နိုင်ငံကူးလက်မှတ်အမှတ်(MA–920352)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

၀၉-၈၉၀၁၃၄၄၈၈

## ပျောက်ဆုံးကြောင်း

ပြည်ကြီးတံခွန်မြို့နယ်၊ ရဲဘော်ကွက်သစ်နေ ဒေါ်မြင့်မြင့်အေး (ဘ) ဦးအောင်သာ (၉/ပကခ(နိုင်)၀၀၄၅၃၀)၏ နိုင်ငံကူးလက်မှတ်အမှတ်(MC–401025)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

၀၉-၂၅၄၀၀၈၇၁၂

"အဂတိပယ်ခွာ ပြည်သာယာ"
Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။
၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။
၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။
၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။
၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

## လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာသုခါနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm၊
Website Address – http://www.accm.gov.mm

❖ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ရာတွင် အချိန်ယူဆောင်ရွက်ရခြင်းဖြစ်သည့်အတွက် ကျောင်းသား၊ ကျောင်းသူများ၏ ပညာအရည်အသွေး ပြည့်မီရေး၊ ခေတ်မီအတတ်ပညာများ၊ နည်းပညာများ သင်ကြားနိုင်ရေးနှင့် မှန်ကန်သည့် တွေးခေါ်မြော်မြင်မှုများရရှိရေး လေ့ကျင့်ပျိုးထောင်ရမည်ဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ် မတ် ၂၁ ရက်တွင် ပြုလုပ်သော အမျိုးသားစီမံကိန်းကော်မရှင် (၁/၂၀၂၄)အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သောစိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့်ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

# Royal-D Qualified Futsal Cup Mandalay 2025 ပြိုင်ပွဲ ၁၆ သင်းရှုံးထွက်အဆင့်ပွဲစဉ်များ ဆက်လက်ယှဉ်ပြိုင်



SK FC အသင်းနှင့် Team YG U-19 အသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို တွေ့ရစဉ်။

**မန္တလေး ဖေဖော်ဝါရီ ၆**

မန္တလေးတိုင်းဒေသကြီး သဲသောင်ပြင်နှင့် ဖူဆယ်ကော်မတီက ကြီးမှူးကျင်းပသည့် Royal-D Qualified Futsal Cup Mandalay 2025 ပြိုင်ပွဲ ၁၆ သင်းရှုံးထွက်အဆင့်ပွဲစဉ်များကို ယနေ့နံနက် ၈ နာရီမှ စတင်ပြီး မန္တလေးမြို့ မန္တလာသီရိအားကစားကွင်းရှိ Multipurpose Stadium တွင် ဆက်လက် ယှဉ်ပြိုင်ကစားခဲ့ကြကြောင်း သိရသည်။

Royal-D Qualified Futsal Cup Mandalay 2025 ပြိုင်ပွဲ ၁၆ သင်းရှုံးထွက်အဆင့်ပွဲစဉ်များအဖြစ် ယနေ့နံနက် ၈နာရီက ခိုင်မြဲသစ္စာအသင်းနှင့် KL FC အသင်းတို့ယှဉ်ပြိုင်ကစားခဲ့ရာ ခိုင်မြဲသစ္စာအသင်းက လေးဂိုး တစ်ဂိုးဖြင့်လည်းကောင်း၊ နံနက် ၁၀ နာရီက Team-3 FC အသင်းနှင့် Nothern Star အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ Nothern Star အသင်းက လေးဂိုး နှစ်ဂိုးဖြင့်လည်းကောင်း၊

စာမျက်နှာ ၂၂ ကော်လံ ၁ ❖

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

**နိုင်ငံတော်အနေဖြင့် နယ်စပ်ဒေသများတွင် ဖြစ်ပေါ်လျက်ရှိသော Online လိမ်လည်မှုများ၊ Online လောင်းကစားမှုများကို ပြတ်ပြတ်သားသား နှိမ်နင်းဆောင်ရွက်လျက်ရှိပြီး မြန်မာနိုင်ငံအတွင်းသို့ အထောက်အထားမဲ့ဝင်ရောက်လာသူများကို သက်ဆိုင်ရာနိုင်ငံများသို့ ထပ်မံလွှဲပြောင်းပေးအပ်လျက်ရှိ**

စာမျက်နှာ- ၂၂

**ဂွမြို့အနီး မြန်မာ့ပင်လယ်ပြင်အတွင်း ရေဝင်နစ်မြုပ်နေသည့် ကုန်တင်လှေတစ်စီးကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ကူညီကယ်ဆယ်**

စာမျက်နှာ- ၂၁